ကြေးမုံ

The Mirror

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်၊ တနင်္ဂနွေနေ့ (7-6-2015) (၈၂၂၄)


## မေတ္တာသည် ရန်ကင်းငြိမ်း၏

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည် ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန်ဟူ၍ မရှိနိုင်။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ပဌမတွဲ၊ မေတ္တသုတ်-၄၄၃။)

# ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တစ်နိုင်ငံလုံး အောင်ချက်ရာခိုင်နှုန်းမြင့်မား

နေပြည်တော် ဇွန် ၆

၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ယနေ့နံနက် ၆ နာရီတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် သက်ဆိုင်ရာကျောင်းများတွင် အသီးသီးထုတ်ပြန်ထားသည်။ ယခုနှစ်တွင် စာမေးပွဲဖြေဆိုသူ ၅၉၇၉၄၆ ဦးရှိသည့်အနက် ၂၂၄၈၄၇ ဦးအောင်မြင်ခဲ့သဖြင့် ယခင်နှစ်များနှင့်မတူ အောင်ချက်ရာခိုင်နှုန်း မြင့်မားလာသည်ကို တွေ့ရသည်။ ယခင်နှစ် ၂၀၁၄ အောင်ချက်ရာခိုင်နှုန်းမှာ ၃၁ ဒသမ ၆၇ ဖြစ်ပြီး ယခုနှစ် ၂၀၁၅ အောင်ချက်ရာခိုင်နှုန်းမှာ ၃၇ ဒသမ ၆၀ ဖြစ်၍ နှစ်အလိုက်တက္ကသိုလ်ဝင်စာမေးပွဲများတွင် အမြင့်ဆုံးစံနှုန်းရောက်လာသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့



၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သက်ဆိုင်ရာကျောင်းအသီးသီးတွင် ကြေညာထားရာ သန်လျင်မြို့နယ် ပညာရေးမှူးရုံးတွင် အောင်စာရင်းလာရောက်ကြည့်ရှုကြသော ကျောင်းသား ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများကို တွေ့ရစဉ်။

ဓာတ်ပုံ-သန်းဝင်း(သန်လျင်)




ဒေါ်ခင်သီတာ (မူလတန်းပြ)

မြန်မာနိုင်ငံအတွက် သနပ်ခါးထက် ပိုပြီးကောင်းမွန်တဲ့ နေရောင်ကာ ပစ္စည်းမရှိ

ကျွန်မက မူလတန်းပြ ဆရာမတစ်ဦးဖြစ်ပါတယ်။ ကျွန်မအိမ်ကနေ တွံ့တေးမြို့နယ် လာကပုံကျေးရွာလေးမှာ စာသွားသင်ရပါတယ်။ အဲဒီမူလတန်းကျောင်းကို ကားအဆင့်ဆင့် စီးပြီးသွားရပါတယ်။ နေပူထဲ သွားလာရတော့ အသားအရေတွေ နေလောင်ဒဏ်တော့ခံရပါတယ်။ ဒီကြားထဲ မျက်နှာက အဆီပြန် ဖုန်မှုန့်က ကပ်ပေါ့ရင်။ ချွေးပေါက်တွေပိတ်တော့ ဝက်ခြံလည်းထွက်တယ်လေ။ ကံကောင်းချင်တော့ အစ်မတစ်ယောက်က ရွှေပြည်နန်း(၂)ဘူးပေးတယ်။ တစ်ဘူးက ကံ့ကော်ဝတ်ဆံသနပ်ခါး ၊ နောက်တစ်ဘူးက အသားဖြူသနပ်ခါး အစိမ်းဘူးလေးပေါ့။ ကံ့ကော်သနပ်ခါးကို နေ့ဘက်မှာလိမ်း၊ အသားဖြူသပရာသနပ်ခါးကို ညဘက်မှာလိမ်းလို့ဆိုပြီး အကြံဉာဏ်ပေးပါတယ်။ အဲ့ဒီလိုနဲ့ ကျွန်မ နေ့စဉ် ဂရုတစိုက် မှန်မှန်လိမ်းတာ (၂)ပတ်ကြာတော့ အဆီပြန်တာပျောက်သွားတယ်။ ဝက်ခြံလည်းပျောက်လာပါတယ်။ အသားကတင်းပြီး ဝင်းမွတ်လာပါတယ်။ သနပ်ခါးရနံ့ ကလည်း သင်းသင်းလေးမွှေးနေတော့ စိတ်ကြည်နူးမှုလည်းရပါတယ်။ သနပ်ခါးဘူးပေးတဲ့ အစ်မကို ကျေးဇူးတင်သလို ကောင်းမွန်တဲ့နည်းပညာနဲ့ ထုတ်လုပ်ပေးတဲ့ ရွှေပြည်နန်း သနပ်ခါးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ရွှေပြည်နန်းသနပ်ခါး အောင်မြင်ပါစေလို့...

ဒေါ်ခင်သီတာ (မူလတန်းပြ) အ.မ.က (မူလွန်) လာကပုံကျေးရွာ၊ တွံ့တေးမြို့နယ်၊

ထပ်ဆင့်ထောက်ခံအပ်ပါသည်။ ဒေါ်ခင်မာသန်း၊ မူလတန်းပြ၊ အ.လ.က(ခွဲ) ပန်းလှိုင်၊ တွံ့တေးမြို့နယ်၊

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲရခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ ကန့်သတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈ (H)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီးရေးသား ပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်)

ကြေးမုံစာတည်းရှုထောင့် | ၇-၆-၂၀၁၅၊ တနင်္ဂနွေနေ့

# အောင်စိတ်

ပြိုင်ပွဲတစ်ခု၏ရလဒ်သည် အနိုင်နှင့် အရှုံး နှစ်မျိုးသာရှိသည်။ အားကစားကဏ္ဍဖြစ်စေ၊ စာမေးပွဲကဏ္ဍဖြစ်စေ အရှုံးမလိုချင်ကြဘဲ အနိုင်ရအောင် ကြိုးပမ်းအားထုတ်ကြသည်။ အနိုင်မခံ အရှုံးမပေးစိတ်ဓာတ်ဖြင့် ကြိုးစားယှဉ်ပြိုင်ကြသည်။ သို့သော် ရလဒ်တစ်မျိုးသာ ရရှိကြမည်ဖြစ်သည်။ နိုင်သည်ဖြစ်စေ၊ ရှုံးသည်ဖြစ်စေ အောင်စိတ်ရှိရမည်ဖြစ်သည်။ မလျှော့သောဇွဲလုံ့လဖြင့် ကြိုးစားယှဉ်ပြိုင်ရမည်။

ပြီးခဲ့သည့်ရက်များက မြန်မာတစ်ပြည်လုံး စိတ်ဝင်စားသော မြန်မာလူငယ် ယူ-၂၀ ဘောလုံးအသင်းနှင့် ယူ-၂၃ ဘောလုံးအသင်းတို့ တစ်ဖက်ပြိုင်ဘက်အသင်းများနှင့် ယှဉ်ပြိုင်ကစားခဲ့ကြပုံကို မြင်တွေ့သိရှိကြမည်ဖြစ်သည်။ မြန်မာ ယူ-၂၃ အသင်းက ခြေစွမ်းရှိပြီး တစ်ဖက်အသင်းများအား မလျှော့သောဇွဲလုံ့လဖြင့် ရေကုန်ရေခန်းကြိုးစားယှဉ်ပြိုင်ခဲ့ကြ၍ အနိုင်ရလဒ်များကိုရရှိခဲ့ကြပြီး ဝမ်းမြောက်ဝမ်းသာဖြစ်ကြရသည်။

အလားတူ မြန်မာ ယူ-၂၀ အသင်းကလည်း ပထမဆုံးယှဉ်ပြိုင်မှုအတွေ့အကြုံသာမက တစ်ဖက်အသင်းနှင့်မယှဉ်နိုင်သော အနေအထားများရှိသောကြောင့် ရှုံးနိမ့်ခဲ့ရသော်လည်း မြန်မာဟူသော အောင်စိတ်ဖြင့် ရေကုန်ရေခန်း ကြိုးစားယှဉ်ပြိုင်ခဲ့သည်ကိုတွေ့ရသည်။ အသင်းသားများ၏ ကျားကုတ်ကျားခဲကြိုးစားမှု၊ မြန်မာပရိသတ်များအနေဖြင့် တစ်ခဲနက်အားပေးမှုတို့မှာ မနိုင်သော်လည်း အောင်မြင်သောယှဉ်ပြိုင်မှုဟု အားလုံးကဆိုကြသည်။

ထို့အတူ မြန်မာတစ်နိုင်ငံလုံးရှိ သိန်းချီရှိသည့် တက္ကသိုလ်ဝင်စာမေးပွဲဖြေကျောင်းသား ကျောင်းသူများနှင့် မိဘဆွေမျိုးများအားလုံး မိမိတို့ကလေးငယ်များ၏အောင်မြင်မှုအတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ကြသလို ကျရှုံးသောကလေးငယ်များအတွက် ဝမ်းနည်းကြမည်ဖြစ်သည်။ သို့သော် ယူ-၂၀ ဘောလုံးအသင်းအောင်စိတ်ကဲ့သို့ မလျှော့သောဇွဲလုံ့လဖြင့် မအောင်မချင်း ဆက်လက်ဖြေဆိုကြရန် အားပေးကြရမည်ဖြစ်သည်။

ဗုဒ္ဓတရားတော်အရ 'မိမိသည်သာလျှင် မိမိ၏အားကိုးရာဖြစ်သည်'၊ 'မိမိပြုသောအမှုသည် မိမိ၏ကိုယ်ပိုင်ဥစ္စာဖြစ်သည်'၊ 'တကယ်ကျင့်ကြံအားထုတ်ပါက အခါမလင့်အကျိုးပေးသည်' စသည့် ဒေသနာများကိုလည်း ရှုမြင်ထားရန် လိုအပ်ပါသည်။ ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်းထက် မိမိကိုယ်ကို ပြုပြင်တည့်မတ်ဆောင်ရွက်မှသာ အောင်မြင်မှုပန်းတိုင်ကို လှမ်းကိုင်နိုင်မည်ဖြစ်သည်။

မိမိဘဝအောင်မြင်ရေးအတွက် မိမိစိတ်ထက်သန်သောအလုပ်ကို လုပ်နေသောသူ၏ ကံကောင်းခြင်းမှာ ယုံမှားဖွယ်ရာမရှိချေ။ သို့ရာတွင် စိတ်ထက်သန်သည့် ဝါသနာသည် ဖန်တီး၍မရအပ်သော မွေးရာပါဗီဇသတ္တိဖြစ်သောကြောင့် တစ်စုံတစ်ခုသောအလုပ်၌ ပေါ်ပင်ယာယီစိတ်ဝင်စားကာမျှဖြင့် စိတ်ထက်သန်သည့်ဝါသနာဟု မထင်မှတ်မိရန် သတိပြုရမည်။ စင်စစ် မိမိအောင်မြင်မှုအတွက် ဝါသနာထက်ပိုမိုအရေးကြီးသည်မှာ အသိဉာဏ်ဖြစ်သည်။

အောင်မြင်ခြင်း၊ ရှုံးနိမ့်ခြင်းအတွက် ချီးမွမ်းမြှောက်စားခြင်း၊ ပြစ်တင်ရှုတ်ချခြင်းတို့မှာ ပဓာနမဟုတ်ချေ။ ဖြစ်ကိုဖြစ်ရမည်ဟူသော တွန်းအားနှင့် မဖြစ်မနေဆောင်ရွက်မည်ဟူသော အောင်စိတ်ရှိဖို့လိုအပ်ပါသည်။ တွန်းအားမှာလည်း အထောက်အပံ့သာဖြစ်ပြီး အောင်စိတ်ဖြင့် မိမိကိုယ်တိုင် မလျှော့သောဇွဲလုံ့လစိတ်ကိုထားကာ အစွမ်းကုန်ကြိုးပမ်းအားထုတ်ရမည်ဖြစ်သည်။

အောင်မြင်ခြင်းဆိုသည်မှာလည်း မပြီးဆုံးသေးချေ။ ရှေ့ဆက်ကြုံတွေ့ရမည့် အောင်မြင်မှုပန်းတိုင်များအတွက် ဆက်လက်ပြင်ဆင်ထားရမည်။ ရှုံးနိမ့်ခြင်းအတွက်လည်း ဝမ်းနည်းနေရုံဖြင့် မပြီးချေ။ ရှေ့ဆက်လက်ပြီး အရှုံးကိုလွန်၍ အောင်မြင်မှုအနိုင်ရစေရန် မိမိတို့၏လိုအပ်ချက်များကို ပြန်လည်ပြုပြင်၍ ကြိုးပမ်းပြင်ဆင်ဆောင်ရွက်ထားရမည်ဖြစ်သည်။

သို့ဖြစ်ရာ အောင်မြင်ခြင်း၊ ရှုံးနိမ့်ခြင်းထက် အောင်စိတ်ကို အမြဲတမ်းမွေးမြူထားရန် လိုအပ်ပါသည်။ လူတိုင်းလူတိုင်း ပြိုင်ပွဲအမျိုးမျိုးကို ကြုံတွေ့ကြရမည်ဖြစ်သည်။ ထိုပြိုင်ပွဲများကို ရဲရဲရင့်ရင့်ရင်ဆိုင်ပြီး မလျှော့သောဇွဲလုံ့လမွေးကာ အောင်စိတ်ဖြင့် အစွမ်းကုန်ယှဉ်ပြိုင်ကြရန်သာ လိုရင်းဖြစ်သည်။ ။

## မိဘများအား ကလေးငယ်များ ပြုစုပျိုးထောင်နည်းနှင့် စိတ်ဓာတ်မြှင့်တင်ရေးအားပေးစည်းရုံးခြင်းများပြုလုပ်

**ရန်ကုန် ဇွန် ၆**

ဒေါင်းဆင်ဒရုန်းအသင်း (ဖြစ်မြောက်ရေးကော်မတီ) အနေဖြင့် Myanmar Event Park တွင် ဇွန် ၃ ရက်မှ ၅ ရက်အထိကျင်းပသည့် Myanmar Food @Hotel 2015 Exhibition တွင်ပါဝင်ပြသနေသည့် Golden Brown Coffee Co.,Ltd ၏ ဖိတ်ခေါ်မှုဖြင့် Down Syndrone ဆိုင်ရာသိကောင်းစရာများကို မိဘပြည်သူများကြား ပိုမိုကျယ်ပြန့်စွာ သိရှိစေရန် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ အသိပညာပေးဟောပြောခြင်း၊ Down Syndrone ကလေးမိဘများအား ကလေးငယ်များ ပြုစုပျိုးထောင်နည်းနှင့် စိတ်ဓာတ်မြှင့်တင်ရေး အားပေးစည်းရုံးခြင်းများကိုပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအသင်းကို မြန်မာနိုင်ငံအတွင်းရှိ ဒေါင်းဆင်ဒရုန်းကလေးများအား ကျန်းမာသန်စွမ်းပြီး အမှီအခိုကင်းကင်းဖြင့် ဘဝရပ်တည်ရေး လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နိုင်စေရန်နှင့် နိုင်ငံတော်နှင့် လူမှုပတ်ဝန်းကျင်တွင် တန်ဖိုးရှိသော သားကောင်း သမီးကောင်းများ ဖြစ်လာစေရန်ရည်ရွယ်ပြီး ဖွဲ့စည်းခြင်းဖြစ်ကြောင်းနှင့် အသင်းအား ဖွဲ့စည်းရာတွင် မြန်မာနိုင်ငံအော်တစ်ဇင်အသင်း၊ မြန်မာနိုင်ငံမသန်စွမ်းကော်မတီနှင့် အခြားသောအဖွဲ့အစည်းများက ပါဝင်ကူညီကြောင်း သိရသည်။

Golden Brown ကုမ္ပဏီမှ ကိုအောင်ဖြိုးလင်းက "သူတို့လေးတွေက ဉာဏ်ရည်အားဖြင့် ချို့ယွင်းချက်ရှိပေမယ့် တစ်ခုခုအပေါ်မှာ အာရုံရောက်ရင် အဲဒါကို ထပ်ခါထပ်ခါ သင်ကြားပေးလိုက်ရင် တတ်လွယ်ကြတာ တွေ့ရတယ်။ ပြန်လုပ်နိုင်တာ တွေ့ရတယ်။ ဒါ့ကြောင့် Down ကလေးတွေကို ရေခဲမုန့်လုပ်နည်းသင်ပေးနေပါတယ်။ ကလေးတွေရဲ့ မှတ်နိုင်မှုစွမ်းအားပေါ်မူတည်ပြီး သင်ကြားပေးနေတာပါ။ ဒါကို သူတို့လုပ်နိုင်တဲ့အတိုင်းအတာတစ်ခုထိ တစ်သမတ်တည်း ထပ်ခါထပ်ခါ သင်ကြားပေးလိုက်ရင် သူတို့ကျွမ်းကျင်သွားရင် သူတို့အတွက် နောင်တစ်ချိန်မှာ လူမှုပတ်ဝန်းကျင်မှာ ဝင်ဆံ့နိုင်ပြီး အလုပ်တစ်နေရာရှိလာမှာပါ။ အဲဒါဟာ သူတို့အတွက် ကျွန်တော်တို့ရဲ့ အနာဂတ်မျှော်လင့်ချက်ပဲ ဖြစ်ပါတယ်" ဟု ပြောသည်။

Golden Brown ကုမ္ပဏီအနေဖြင့် ရရှိသော အကျိုးအမြတ်များထဲမှ ရာခိုင်နှုန်းအလိုက် မြန်မာနိုင်ငံဒေါင်းဆင်ဒရုန်းအသင်းသို့ လှူဒါန်းသွားမည့်အပြင် အခြားအစီအစဉ်များမှလည်း လှူဒါန်းရန်အစီအစဉ်များ ရှိကြောင်း သိရသည်။

Down Syndrone ကလေးများသည် မျိုးအောင်ပြီး သန္ဓေသား၏ ဗီဇဆဲလ်ပွားခြင်း၊ အစီအစဉ်မှားယွင်းချက်ဖြင့် မွေးဖွားလာသော ကလေးများဖြစ်ကြသည်။ Down Syndrone ကလေးများ၏ သွင်ပြင်လက္ခဏာများသည် မျက်စိစောင်းခြင်း၊ လက်များတို၍ တုတ်ခိုင်ခြင်း၊ ခြေဖဝါးကျယ်၍ ခြေချောင်းများတိုခြင်း၊ နှာခေါင်းပြား၍ကျယ်ခြင်း၊ နားရွက်တို၍ အောက်ကျခြင်း၊ လည်တိုင်တိုခြင်း၊ ဦးခေါင်းသေးငယ်ခြင်းစသည်တို့ဖြစ်ကြောင်းနှင့် အသက်(၂၀)ရှိ ကိုယ်ဝန်ဆောင်မိခင် ၁၈၅၀ တွင် Down Syndrone မွေးဖွားမှုနှုန်းမှာ တစ်ယောက်နှုန်း၊ အသက်(၄၅)နှစ်အရွယ် မိခင် ၁၅ ယောက်တွင် Down Syndrone တစ်ယောက်နှုန်းဖြင့် အသက်အရွယ်အလိုက် Down Syndrone မွေးဖွားနှုန်းများ ကွာခြားမှုရှိကြောင်း စစ်တမ်းများမှ သိရသည်။

Down ကလေးများတွင် နှလုံးရောဂါ၊ အဆုတ်ရောဂါ၊ အစာအိမ်၊ အူလမ်းကြောင်းဆိုင်ရာရောဂါများ၊ အမြင်အာရုံ၊ အကြားအာရုံအားနည်းခြင်း၊ ခံနိုင်ရည်အားနည်းခြင်း၊ ဇက်နှင့် အခြားအကြောအဆစ်များ မခိုင်ခြင်း၊ အတွင်းတက်တက်ခြင်းစသည့် ရောဂါများတွေ့ရပြီး ခြေထောက်ခွင်ခြင်း၊ သွားပေါက်နောက်ကျခြင်း၊ သိုင်းရွိုက်ဟော်မုန်း ထုတ်လုပ်မှုလျော့နည်းခြင်းတို့ ဖြစ်ပွားကြောင်း သိရသည်။

**(သီသီမင်း)**




## မူးယစ်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် နံရံကပ်ဓာတ်ပုံ၊ စာအုပ်ပြပွဲ ကျင်းပ

**ပဲခူး ဇွန် ၆**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ် နံရံကပ်ဓာတ်ပုံ၊ စာအုပ်ပြပွဲကို ဇွန် ၅ ရက် နံနက်က ပဲခူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်မြင်သံကြားခန်းမ၌ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးလှမျိုးအောင်၊ တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ဦးအောင်မြင့်၊ ပဲခူးခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နှင့် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဦးလှဦးတို့က ပြပွဲအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍တာဝန်ရှိသူများက တက်ရောက်လာကြသူများအား မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေပေးပြီး ခရိုင်ရဲတပ်ဖွဲ့မှူးက ခရိုင်စာကြည့်တိုက်အတွက် ဂျာနယ်မျိုးစုံ အစောင် ၂၀၀ အား လှူဒါန်းခဲ့သည်။ ထို့နောက် တက်ရောက်လာသူများက ပြခန်းအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **(တိုင်းပြန်/ဆက်)**

**မူးယစ်ဟူသမျှ ဆန့်ကျင်ကြ**






# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန်/နိုဝင်ဘာလဆန်းတွင် ကျင်းပမည်

မဲစာရင်းတွင် မိမိတို့၏အမည်ပါ/မပါကိုသိရှိနိုင်ရန် သွားရောက်ကြည့်ရှုကြပါ

မိမိ၏အမည်မပါလျှင် ပုံစံ(၃)ဖြင့် လျှောက်ထားပါ

အချက်အလက် မှားနေလျှင် ပုံစံ(၄-က)ဖြင့် လျှောက်ထားပါ

မဲစာရင်းတွင် မပါဝင်သင့်သူများ ပါဝင်နေပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ပါ

## ကနေဒါနိုင်ငံက မြန်မာနိုင်ငံအား အထွေထွေဦးစားပေး အကောက်ခွန်အခွင့်အရေးများ ပြန်လည်ပေးအပ်

**နေပြည်တော် ဇွန် ၆**

ကနေဒါနိုင်ငံအစိုးရသည် ကနေဒါပြန်တမ်းကို ထုတ်ပြန်၍ မြန်မာနိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များနှင့် တိုးတက်မှုအခြေအနေများကို ဆက်လက်ထောက်ခံအကူအညီပေးသည့်အနေဖြင့် မြန်မာနိုင်ငံအား အထွေထွေဦးစားပေးအကောက်ခွန်နှင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအတွက် အကောက်ခွန်ဆိုင်ရာ အခွင့်အရေးများကို ပြန်လည်ပေးအပ်ခဲ့သည်။

ကနေဒါနိုင်ငံက မြန်မာနိုင်ငံအတွက် အထွေထွေဦးစားပေးအကောက်ခွန်နှင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအတွက် အကောက်ခွန်အခွင့်အရေးများ ပြန်လည်ပေးအပ်မှုသည် ၂၀၁၅ ခုနှစ် မတ် ၁၃ ရက်တွင် စတင်သက်ဝင်ခဲ့သည်။ အဆိုပါ ပြန်တမ်းအရ မြန်မာနိုင်ငံမှ ကနေဒါနိုင်ငံသို့ ကုန်ပစ္စည်းများတင်ပို့ရာတွင် အခွန်ကင်းလွတ်ခွင့် အခွင့်အရေးများရရှိမည်ဖြစ်၍ မြန်မာနိုင်ငံမှ ကုန်ပစ္စည်းတင်ပို့သူများအနေဖြင့် ဤအခွင့်အရေးကို ထိရောက်စွာအသုံးချနိုင်မည်ဆိုပါက ကနေဒါနိုင်ငံ၏ဈေးကွက်သို့ မြန်မာနိုင်ငံ၏ ကုန်ပစ္စည်းများ ပိုမိုထိုးဖောက်နိုင်မည်ဖြစ်သည်။

ဥရောပသမဂ္ဂ(အီးယူ)သည်လည်း ဥရောပဈေးကွက်သို့ မြန်မာနိုင်ငံထွက်ကုန်များ တင်ပို့ရာတွင် အခွန်ကင်းလွတ်ခွင့်နှင့် ခွဲတမ်းသတ်မှတ်ချက် ကင်းလွတ်ခွင့်ရရှိနိုင်သည့် အထွေထွေဦးစားပေးအခွင့်အရေးများကို ၂၀၁၃ ခုနှစ် ဇူလိုင်လအတွင်းက ပြန်လည်ပေးအပ်ခဲ့ပြီးဖြစ်သည်။ အမေရိကန်ပြည်ထောင်စုနှင့်လည်း ၎င်း၏အထွေထွေဦးစားပေးအခွင့်အရေးများ အစီအစဉ်အောက်တွင် မြန်မာနိုင်ငံအား ကုန်သွယ်မှုအထူးအခွင့်အရေးများ ပြန်လည်ပေးအပ်ရန်ကိစ္စကို နှစ်ဖက်ညှိနှိုင်းဆွေးနွေးနေဆဲဖြစ်သည်။

၁၉၆၈ ခုနှစ်က အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုညီလာခံတွင် အတည်ပြုခဲ့သော အထွေထွေဦးစားပေး အခွင့်အရေးများအစီအစဉ်သည် ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးမှုနောက်ကျသော နိုင်ငံများ၏ပြည်ပပို့ကုန် ဝင်ငွေတိုးတက်စေရန်၊ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် စီးပွားရေးတိုးတက်မှုနှုန်းမြှင့်တင်ပေးရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ပေးသည့် အစီအစဉ်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## ကမ္ဘာ့ဘဏ်မှ မြန်မာနိုင်ငံသို့ အပြည့်အဝပူးပေါင်းဆောင်ရွက်မှု အကူအညီပေးမည်

**နေပြည်တော် ဇွန် ၆**

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့အခြေစိုက် ကမ္ဘာ့ဘဏ်မှ မြန်မာနိုင်ငံသို့ နှစ်ပေါင်း ၃၀ အတွင်း ပထမဆုံးအကြိမ် အပြည့်အဝပူးပေါင်းဆောင်ရွက်မှုအကူအညီအဖြစ် ၂၀၁၅-၂၀၁၇ ကာလအတွက် နိုင်ငံဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမူဘောင်(စီပီအက်ဖ်)ပေးအပ်ရန် ၂၃-၄-၂၀၁၅ ရက်တွင် ကျင်းပခဲ့သည့် အမှုဆောင်အရာရှိများ အစည်းအဝေးတွင် သဘောတူညီခဲ့သည်။

အဆိုပါ မူဘောင်အောက်တွင် ကျေးလက်နေပြည်သူများ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ပြည်သူများအတွက် အခြေခံကျသော ဝန်ဆောင်မှုများ ဖြည့်ဆည်းပေးရေးနှင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စီးပွားရေးအခွင့်အလမ်းကောင်းများ ဖန်တီးပေးရေးတို့ကို အဓိကထား၍ ကူညီသွားမည်ဖြစ်ကြောင်းသိရသည်။

၂၀၁၅-၁၇ နိုင်ငံဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမူဘောင်သည် အစိုးရ၊ ပုဂ္ဂလိကကဏ္ဍနှင့်ကျယ်ပြန့်သော အရပ်ဘက်လူမှုအဖွဲ့အစည်းတို့နှင့် စနစ်တကျ အနီးကပ်ထိတွေ့ရေးဆွဲထားပြီး ၎င်းမှ အပြန်အလှန် နားလည်မှုကို တည်ဆောက်ရေးနှင့် မြန်မာနိုင်ငံအတွက် ဦးစားပေးဆောင်ရွက်ရမည့်ကိစ္စရပ်များ ထုတ်ဖော်သတ်မှတ်ရေးတို့အတွက် အထောက်အကူဖြစ်စေကြောင်းနှင့် ယင်းမူဘောင်မှာ မကြာသေးမီက ကမ္ဘာ့ဘဏ်၏ ထုတ်ဖော်တွေ့ရှိချက်၊ စီးပွားရေးဆိုင်ရာ အဖွဲ့အစည်းအသီးသီးနှင့် ဆွေးနွေးဖလှယ်မှု ရလဒ်များ၊ ၂၀၁၂ ခုနှစ်နောက်ပိုင်း မြန်မာနိုင်ငံဆိုင်ရာ လေ့လာသုံးသပ်ချက်တို့အပေါ် အခြေခံ၍ ကမ္ဘာ့ဘဏ်က ရေးဆွဲထုတ်ပြန်ခြင်းဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**



ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ပညာရေးမှူးရုံးတွင် ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်း လာရောက်ကြည့်ရှုကြသော ကျောင်းသား ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများကို တွေ့ရစဉ်။

သန်းဝင်း(သန်လျင်)

## ရန်ကုန်-နေပြည်တော်-မန္တလေး မီးရထားလမ်းပိုင်းများ အဆင့်မြှင့်ပြုပြင်

**ဖြူး ဇွန် ၆**

မြန်မာ့မီးရထားလမ်းပိုင်းများတွင် ရန်ကုန်-နေပြည်တော်-မန္တလေး လမ်းပိုင်းမှာ အများပြည်သူများအားကိုးအားထားပြု၍ အများဆုံးစီးနင်းသွားလာနေသော မီးရထားလမ်းပိုင်းဖြစ်သည့်အပြင် ကုန်စည်အများအပြားပို့ဆောင်ပေးနေသော လမ်းပိုင်းဖြစ်သည်။

ထို့ပြင် ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းစွာ စီးနင်းသွားလာနိုင်ရေးနှင့် ကုန်စည်များ ပို့ဆောင်ရေးတွင် လျင်မြန်ချောမွေ့စေရေးတို့အတွက် မြို့ပြအင်ဂျင်နီယာဌာနက မီးရထားလမ်းပိုင်းများ ပိုမိုတိုးတက်ကောင်းမွန်ရေးတို့အတွက် AILTM ခေတ်မီစက်ကြီးများဖြင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးချစ်ကိုကိုနှင့် ကျွမ်းကျင်လုပ်သားများက စဉ်ဆက်မပြတ် ပြုပြင်ဆောင်ရွက်လျက်ရှိရာ ဇွန်လ ပထမပတ်တွင် တောကျွဲအင်း၊ ကညွတ်ကွင်း - ညောင်ပင်သာ - ဖြူး မီးရထားသံလမ်းပိုင်းများအား ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။**(အောက်ပုံ)** **(ဖြူးမြင့်ဦး)**






မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် အထက်တန်းကျောင်းတွင် ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်း လာရောက်ကြည့်ရှုကြသောကျောင်းသားကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများကို တွေ့ရစဉ်။

(အောင်ရဲသွင်)

# နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုရွေးချယ်ရေးကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ

**ရန်ကုန် ဇွန် ၆**

နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုရွေးချယ်ရေးကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ တက္ကသိုလ်စိန်ရတုခန်းမဥ္ကျင်းပရာ နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုရွေးချယ်ရေးကော်မတီ ဥက္ကဋ္ဌ ထွန်းဖောင်ဒေးရှင်းဘဏ်ဥက္ကဋ္ဌ ဦးသိန်းထွန်း၊ အဖွဲ့ဝင်များဖြစ်ကြသော ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဒေါက်တာဒေါ်ရင်ရင်နွယ်၊ ဒေါက်တာဒေါ်ရီရီမြင့်၊ ဒေါက်တာကျော်ရင်လှိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



**ညှိနှိုင်းဆွေးနွေး**

အဆိုပါအစည်းအဝေးတွင် ပါရဂူတန်းတစ်ဦး၊ မဟာတန်း ခုနစ်ဦး၊ ဘွဲ့ကြိုတန်း ၁၆ ဦး စုစုပေါင်း ၂၄ ဦးတို့ကို သက်ဆိုင်ရာနိုင်ငံခြားတက္ကသိုလ်များသို့ စေလွှတ်သွားရန် အတည်ပြုဆုံးဖြတ်ခဲ့ကြပြီး ဆက်လက်စေလွှတ်သွားနိုင်ရန် အစီအစဉ်များ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု စေလွှတ်မည့်အမည်စာရင်း

| စဉ် | အမည် | ခုံအမှတ် | အဆင့် | အထူးပြု | တက်ရောက်ခွင့်ရရှိသောတက္ကသိုလ် | နိုင်ငံ |
|---|---|---|---|---|---|---|
| ၁ | မရတနာဦး | Mdy-PGP-0796 | ပါရဂူဘွဲ့ | Epidemiology | Johann Wofgang Goethe University | ဂျာမနီ |
| ၂ | မောင်စွမ်းထက် | Ygn-PGM-0072 | မဟာဘွဲ့ | Aerospace and Aviation | Royal Melbourne Institute of Technology (RMIT) | သြစတြေးလျ |
| ၃။ | မောင်အာကာမောင်မောင်အောင်ကျော်ထက် | Ygn- PGM-0005 | မဟာဘွဲ့ | Structural Engineering | The University of Sydney | သြစတြေးလျ |
| ၄ | မမျိုးသီတာဆွေ | Ygn-PGM-0376 | မဟာဘွဲ့ | Development Studies | Latrobe University | သြစတြေးလျ |
| ၅ | ဒေါက်တာမေဖြူစင် | Ygn-PGM-0319 | မဟာဘွဲ့ | Public Health | The University of Edinburgh | ဗြိတိန် |
| ၆ | မောင်လှိုင်မင်းသွေးအောင် | Ygn-PGM-0132 | မဟာဘွဲ့ | Engineering | Teesside University | ဗြိတိန် |
| ၇ | မသက်ထားနွယ် | Ygn-PGM- 0596 | မဟာဘွဲ့ | Civil Engineering (Structure) | Teesside University | ဗြိတိန် |
| ၈ | မခင်မျိုးမြတ်စိုး | Mdy-PGM -0195 | မဟာဘွဲ့ | International Relations | University of Glasgow | ဗြိတိန် |
| ၉ | မောင်မိုးရဲထက် | Ygn-UG-0192 | ဘွဲ့ကြို | Electrical Engineering | Purdue University | အမေရိကန် |
| ၁၀ | မောင်မင်းသန့်တင် | Ygn-UG-0184 | ဘွဲ့ကြို | Mechanical Engineering | University of Massachusetts Lowell | အမေရိကန် |
| ၁၁ | မခိုင်သူသူ | Ygn-UG-0108 | ဘွဲ့ကြို | Medicine | University of Nottingham | ဗြိတိန် |
| ၁၂ | မောင်အေးချမ်းအောင် | Ygn-UG-0015 | ဘွဲ့ကြို | Law | Bellerbys College | ဗြိတိန် |
| ၁၃ | မောင်ညီထွန်းစံ | Ygn-UG-0233 | ဘွဲ့ကြို | Medicine | University of Central Lancashire(ucla) | ဗြိတိန် |
| ၁၄ | မဆုမီမီထွန်း | Ygn-UG-0072 | ဘွဲ့ကြို | Engineering(Mechatronics) | The University of Sydney | သြစတြေးလျ |
| ၁၅ | မောင်သူရိန်ဇွဲ | Ygn-UG-0344 | ဘွဲ့ကြို | Medicine | UNSW Global | သြစတြေးလျ |
| ၁၆ | မမြတ်နိုးဟန် | Ygn-UG-0200 | ဘွဲ့ကြို | Medicine | University of Melbourne | သြစတြေးလျ |
| ၁၇ | မအိန္ဒြာနှင်းလွင် | Ygn-UG-0035 | ဘွဲ့ကြို | Medicine | University of Melbourne | သြစတြေးလျ |
| ၁၈ | မအိုင်ဗွီမြင့်ထူး | Ygn-UG-0094 | ဘွဲ့ကြို | Medicine | Trinity College The University of Melbourne | သြစတြေးလျ |
| ၁၉ | မမေအိမ်မှူး | Ygn-UG-0159 | ဘွဲ့ကြို | Engineering | Trinity College The University of Melbourne | သြစတြေးလျ |
| ၂၀ | မသင်းဝေသဇင်တိုး | Ygn- UG-0333 | ဘွဲ့ကြို | International Relations | Australian National University (ANU) | သြစတြေးလျ |
| ၂၁ | မတင့်ဇာထွန်း | Ygn- UG-0352 | ဘွဲ့ကြို | Civil Engineering and Infrastructure | RMIT | သြစတြေးလျ |
| ၂၂ | မောင်မျိုးသူရိန် | Ygn- UG-0058 | ဘွဲ့ကြို | Engineering | University of Melbourne | သြစတြေးလျ |
| ၂၃ | မောင်ဝေဖြိုးဟိန်း | Ygn- UG-0359 | ဘွဲ့ကြို | Biomedicine | University of Melbourne (Trinity College) | သြစတြေးလျ |
| ၂၄ | မဟေသာပြည့်စုံ | Ygn- UG-0048 | ဘွဲ့ကြို | Engineering | University of Sydney | သြစတြေးလျ |

**(သတင်းစဉ်)**

## မျက်မမြင်ကျောင်းသားလေးဦး တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးများဖြင့်အောင်မြင်

**ရန်ကုန် ဇွန် ၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနလက်အောက်ရှိ ကြည့်မြင်တိုင်မျက်မမြင်ကျောင်းမှ ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲသို့ ဝင်ရောက်ဖြေဆိုသည့် ကျောင်းသား လေးဦးမှာ ဂုဏ်ထူးများဖြင့်အောင်မြင်ကြကြောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်စုစုမာ၏ ပြောကြားချက်အရ သိရသည်။

"အခုအောင်မြင်တဲ့ကျောင်းသားတွေကို လူမှုဝန်ထမ်းဦးစီးဌာနက ဂုဏ်ပြုပြီး တက္ကသိုလ်ပညာရပ်ကို ဆက်လက်ဆည်းပူးစေပြီး ဘွဲ့ရတဲ့အထိ ထောက်ပံ့ပေးပါမယ်။ ထောက်ပံ့ပေးမယ့် အလှူရှင်တွေလည်း ပေါ်လာမှာမို့ သူတို့အတွက် အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်မှာပါ။ ကျွန်မတို့ မျက်မမြင်ကျောင်းမှာ မူလတန်းမှ တက္ကသိုလ်ဘွဲ့ရတဲ့အထိ လူမှုဝန်ထမ်းဦးစီးဌာနရဲ့အစီအစဉ်နဲ့ ကျောင်းအိပ်ကျောင်းစား အခမဲ့ပညာသင်ကြား ပေးပါတယ်။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှာ ကျောင်းသား ကျောင်းသူ ၁၅၀ ခန့်ရှိပါတယ်"ဟု ဆရာမကြီးက ပြောကြားသည်။

ကြည့်မြင်တိုင်မျက်မမြင်ကျောင်းကို ၁၉၁၄ ခုနှစ် ဩဂုတ် ၄ ရက်တွင် စတင်တည်ထောင်ခဲ့ပြီး လူမှုဝန်ထမ်း ဦးစီးဌာနက ၁၉၆၃ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် လွှဲပြောင်းတာဝန်ယူခဲ့သည်။ မျက်မမြင်ကျောင်း၏ သက်တမ်းမှာ ယခုအခါ သက်တမ်းနှစ်(၁၀၀)ပြည့်ခဲ့ပြီဖြစ်သည်။

**အောင်သူရ**

# ကိုယ့်နိုင်ငံကမဟုတ်ဘဲနဲ့ အခြားဒေသက သူ့အကြောင်းနဲ့သူထွက်လာတဲ့သူတွေကို ကျွန်တော်တို့ဘက်က လက်မခံနိုင်ပါဘူး၊ ဘယ်သူ့မှလည်း လက်ခံမှာမဟုတ်ဘူး၊ မြန်မာနိုင်ငံကမှမဟုတ်ဘူး အချုပ်အခြာအာဏာပိုင်တဲ့ ဘယ်နိုင်ငံကမှ လက်ခံမှာမဟုတ်ပါဘူး

ဦးထင်လင်း

**မြန်မာနိုင်ငံက လူသားချင်းစာနာထောက်ထားသည့်အနေဖြင့် ယာယီကယ်ဆယ်ရေးစခန်းတွင် ယာယီလက်ခံထားသည့် လှေစီးသွားလာသူများကို ၎င်းတို့ မိခင်နိုင်ငံများသို့ ပြန်လည်ပို့ဆောင်နိုင်ရန် နှစ်နိုင်ငံ တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်လျက်ရှိသည်။**

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ အိန္ဒိယသမုဒ္ဒရာအတွင်း တရားမဝင်ရွှေ့ပြောင်းသွားလာသူများဆိုင်ရာ အထူးအစည်းအဝေးကို မေလ ၂၉ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပခဲ့ရာ အစည်းအဝေးတက်ရောက်ခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်၏ ပြောကြားချက်များကို ပြည်သူများထံ ပြန်လည်တင်ပြလိုက်ရပါသည်-

**ဦးထင်လင်း**
**ခေတ္တညွှန်ကြားရေးမှူးချုပ်**
**အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန**
**နိုင်ငံခြားရေးဝန်ကြီးဌာန**

လှေစီးဒုက္ခသည်များဆိုတဲ့အသုံးအနှုန်းက မမှန်ပါဘူး။ အမှန်က လှေစီးခရီးသွားလာသူများဖြစ်ပါတယ်။ လှေစီးခရီးသွားလာတဲ့သူတွေဆိုရာမှာလည်း ကျွန်တော်တို့ လေ့လာတွေ့ရှိချက်အများစုကတော့ စီးပွားရေးအခွင့်အလမ်းအတွက် ပြည်ပကို ထွက်ခွာတဲ့သူတွေဖြစ်ပါတယ်။ အဲဒီနောက်မှာပါတဲ့အချက်ကတော့ သူတို့စိတ်ဆန္ဒနဲ့ သွားတဲ့သူရှိသလို တချို့ကျတော့ လူမှောင်ခိုဂိုဏ်းတွေရဲ့ ဖြားယောင်းသွေးဆောင်မှု၊ မမှန်မကန်မက်လုံးပေးမှုတွေကြောင့် သွားရောက်ပြီးတော့ ဆက်ပြီး သွားလို့မရတဲ့ အခြေအနေတစ်ခုကို ရောက်တဲ့အခါမှာ ပင်လယ်ထဲမှာ မျောနေကြတယ်။ နိုင်ငံတကာ အသိုင်းအဝိုင်းကလည်း ဒါကို စိုးရိမ်တယ်၊ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း မေ ၁၉ ရက်စွဲနဲ့ သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ခဲ့ပါတယ်၊ အဲဒီထဲမှာဆိုရင် နိုင်ငံတကာအသိုင်းအဝိုင်းနဲ့ ထပ်တူစိုးရိမ်တယ်၊ ပင်လယ်ထဲမှာမျောနေတဲ့လူတွေကို ကယ်တင်ဖို့အတွက် တရားမဝင်ထောက်ပံ့မှုတွေ မလုပ်ဖို့၊ မိမိပိုင်နက်ကို ဖြတ်သန်းပြီးတော့ တရားမဝင်ကူးသန်းသွားလာမှုတွေကို တားဆီးဖို့၊ အရေးယူဖို့ စတဲ့ ရည်ရွယ်ချက်တွေနဲ့ ဆောင်ရွက်သွားမယ်ဆိုပြီးထုတ်ပြန်ခဲ့ပါတယ်။

မေ ၂၉ ရက်နေ့မှာလုပ်တဲ့ ဗန်ကောက်အစည်းအဝေးနဲ့ပတ်သက်ရင်တော့ ကျွန်တော်တို့ ဒေသတွင်းနဲ့အဖွဲ့အစည်းတွေ အားလုံးပေါင်း (၁၇)နိုင်ငံ၊ (၁၇)ဖွဲ့တက်ခဲ့ပါတယ်၊ တက်ရောက်တဲ့ ပထမဆုံးနေ့မှာပဲ UNHCR က ကိုယ်စားလှယ်က ဒီလှေစီးသွားလာသူများ ပြဿနာဟာ မြန်မာနိုင်ငံ ရခိုင်ပြည်နယ်မှာ ဖိနှိပ်ခွဲခြားဆက်ဆံမှုတွေရှိတဲ့အတွက် အစပြုတယ်၊ မြန်မာနိုင်ငံက ဇာစ်မြစ်ဖြစ်တယ်ဆိုပြီး မြန်မာနိုင်ငံက တာဝန်ယူရမယ်လို့ပြောတယ်။ အဲဒီစကားပြောတဲ့အတွက် ကျွန်တော်တို့က ပြင်းပြင်းထန်ထန်ပဲ ပြန်လည်ချေပခဲ့ပါတယ်၊ လှေစီးသွားလာသူများ ဖြစ်ပေါ်လာမယ့်ကိစ္စကို မြန်မာနိုင်ငံအနေနဲ့ ကုလသမဂ္ဂမျက်နှာစာမှာ ပြီးခဲ့တဲ့အထွေထွေညီလာခံအတွင်းမှာ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးကို ကျွန်တော်ကိုယ်တိုင်ပြောခဲ့ပါတယ်။ ဒေသတွင်းမှာ လူမှောင်ခိုကူးမှုတွေဖြစ်နေတယ်၊ အဲ့ဒီနောက်ကွယ်မှာ လူမှောင်ခိုကူးဂိုဏ်းတွေရှိနေတယ်၊ ဒါတွေကို နှိမ်နင်းဖို့အတွက် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ဘယ်လိုစဉ်းစားဆောင်ရွက်မလဲဆိုတာ မေးခဲ့ပါတယ်။ အဲဒီလိုမေးခဲ့တဲ့အတွက် သူ့အနေနဲ့ UNHCR ရဲ့လုပ်ပိုင်ခွင့်နဲ့ကတော့ သက်ဆိုင်ခြင်းမရှိဘူး။ သို့သော်လည်း တခြားသော ကုလသမဂ္ဂအဖွဲ့အစည်းတွေနဲ့ပူးပေါင်းညှိနှိုင်းပြီး ကြိုးစားအဖြေရှာသွားပါမယ်လို့ ဖြေခဲ့ပါတယ်။

အဓိပ္ပာယ်ကတော့ လူမှောင်ခိုကူးကိစ္စတွေ ဒေသတွင်းမှာ ဖြစ်နေတယ်၊ ဒါတွေကို အရေးယူဖို့ လိုအပ်တယ်ဆိုတာကို မြန်မာနိုင်ငံက အစောကြီးကတည်းက ကုလသမဂ္ဂကို အသိပေးခဲ့ပါတယ်။ ဒါပေမယ့် သူတို့အနေနဲ့ ဒီဟာသည် လူမှောင်ခိုကူးတွေကြောင့် ဖြစ်နေတယ်၊ သို့မဟုတ် ဘဝအခွင့်အလမ်းအတွက် ထွက်ခွာနေတဲ့သူတွေဖြစ်နေတယ်ဆိုတာကို လက်ခံဖို့ သံသယဖြစ်နေတယ်။ အဲဒီအတွက် ကျွန်တော့်အနေနဲ့ ဒါတွေသည် မြန်မာနိုင်ငံကို ပြစ်တင်ရှုတ်ချချင်တာ မလျော်ကန်ပါဘူး၊ အခုလက်ရှိတွေ့နေတဲ့ အချက်အလက်တွေအရဆိုရင် လှေစီးသွားလာသူအများစုဟာ ဘင်္ဂလားဒေ့ရှ်နိုင်ငံက ဖြစ်တယ်ဆိုတာ ပေါ်နေပါပြီ။

ကျွန်တော် ဘယ်သူ့ကို ကိုးကားသလဲဆိုတော့ ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီးကနေ အင်ဒိုနီးရှားအာဏာပိုင်တွေရဲ့ ပြောကြားချက်ကို ကိုးကားပြီး ပြောထားတာရှိတယ်။ လှေစီးသွားလာသူအများစုက ဘင်္ဂလားဒေ့ရှ်နိုင်ငံကနေပြီး အလုပ်အကိုင်အလို့ငှာ ရွှေ့ပြောင်း



**ဦးထင်လင်း**
**ခေတ္တညွှန်ကြားရေးမှူးချုပ်**
**အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန**
**နိုင်ငံခြားရေးဝန်ကြီးဌာန**

သွားလာသူတွေဖြစ်တယ်၊ နိုင်ငံရေးခိုလှုံခွင့်တောင်းခံသူတွေလည်းမဟုတ်ဘူး၊ ဒုက္ခသည်လည်း မဟုတ်ဘူး။ ဒီလိုသူတို့ပြောတယ်၊ ဒါ့ကြောင့် မြန်မာနိုင်ငံကို တစ်ဖက်သတ်စွပ်စွဲပြီးတော့ပြောနေတာ မမျှတဘူးဆိုတဲ့ အချက်ကို ပြန်ထောက်ပြပြီး ချေပခဲ့ပါတယ်။ အဓိကကတော့ မြန်မာနိုင်ငံမှာ ဖိနှိပ်ချုပ်ချယ်မှုတွေရှိနေတဲ့အတွက် ထွက်ပြေးသူတွေ အများစုဖြစ်နေတယ်ဆိုတာက မမှန်ဘူးဆိုတာကို ချေပခဲ့တာဖြစ်ပါတယ်။

အစည်းအဝေးနဲ့ ပတ်သက်ရင်တော့ ကျွန်တော်တို့ ကိုယ်စားလှယ်အဖွဲ့က အဓိက (၃)ချက် အဆိုပြုခဲ့ပါတယ်၊ နံပါတ်(၁)အချက်ကတော့ ဥပဒေတွေ တိုးမြှင့်လုပ်ဆောင်ဖို့၊ Law and Sea ကို ပင်လယ်ပြင်မှာ တိုးမြှင့်လုပ်ဆောင်သွားဖို့လိုတယ်၊ ကုန်းတွင်းပိုင်းမှာလည်း တိုးမြှင့်လုပ်ဆောင်သွားဖို့လိုပါတယ်။ ဒါ့မှလည်း လူမှောင်ခိုကူးဂိုဏ်းတွေမှာ ပါဝင်ပတ်သက်သူတွေကို နှိမ်နင်းဖို့အတွက် တရားဥပဒေစိုးမိုးရေးကို တိုးမြှင့်စောင့်ရှောက်ဖို့ ပြောခဲ့ပါတယ်၊ နောက်တစ်ချက်က မီဒီယာအပိုင်း တိုးမြှင့်ဆောင်ရွက်သွားဖို့လိုတယ်။ အခြားနိုင်ငံတွေမှာရော လုပ်ဖို့လိုနေပါပြီ၊ ဘာတွေလုပ်ရမလဲဆိုတော့ လူမှောင်ခိုကူးတဲ့သူတွေကို ဒါမျိုးလုပ်ရင် ပြင်းပြင်းထန်ထန် အရေးယူခံရမယ်ဆိုတဲ့ Message ပေးဖို့လိုပါတယ်။ ဥပမာအားဖြင့် အလုပ်အကိုင် အခွင့်အလမ်းရှာချင်တဲ့သူတွေ၊ အဲဒီအုပ်စုတွေကို ဖြားယောင်းသွေးဆောင်တာ မခံရအောင်၊ ဖြားယောင်းသွေးဆောင်တာခံရရင် ရောင်းစားခံရမယ်၊ ဒုက္ခရောက်မယ်၊ ပင်လယ်ထဲမှာ ဒုက္ခရောက်မယ်ဆိုတဲ့ Message ကို ဒေသတွင်း ပါဝင်ပတ်သက်တဲ့ နိုင်ငံတိုင်းက ကျယ်ကျယ်ပြန့်ပြန့် အသိပေးဖို့လိုတယ်ဆိုတဲ့ အဆိုပြုချက် တင်သွင်းခဲ့ပါတယ်။ နောက်ဆုံးအဆိုပြုတဲ့အချက်က Information Sharing ပါ၊ လူမှောင်ခိုကူးဂိုဏ်းတွေကို နှိမ်နင်းတဲ့နေရာမှာ Intelligent information လိုအပ်ပါတယ်။ လှေတွေနဲ့ပတ်သက်ပြီးတော့လည်း ဘယ်နေရာမှာရှိတယ်၊ တွေ့တယ် စသည်ဖြင့် Information Sharing ကို Focal Point တွေထောင်ပြီးတော့ လျင်လျင်မြန်မြန် သတင်းအချက်အလက်တွေ မျှဝေနိုင်မယ့်လုပ်ငန်းစဉ်ကိုလည်း ဆွေးနွေးခဲ့ပါတယ်။ အဲဒီအချက်တွေအားလုံး အစည်းအဝေးက ထုတ်ပြန်တာမှာ ပါပါတယ်။

ကျွန်တော်တို့ ကိုယ်စားလှယ်အဖွဲ့ အစည်းအဝေးကိုသွားတဲ့ ပင်မရည်ရွယ်ချက် ရှိပါတယ်။ အစည်းအဝေးထဲမှာလည်းပြောတယ်။ ရည်ရွယ်ချက်က လောလောဆယ် ပင်လယ်ထဲမှာမျောနေတဲ့လူတွေကို ရှာဖွေကယ်ဆယ်ဖို့ အဓိကရည်ရွယ်ချက်က အဲဒီအတွက်ကို ပူးပေါင်းဆောင်ရွက်ဖို့အနေနဲ့ သွားတာပါ၊ အဲဒီလိုပြောခြင်းအားဖြင့် ကျွန်တော်တို့ဟာ ပင်ရင်းကို မစဉ်းစားဘူး။ မတုံ့ပြန်ဘူး၊ မကိုင်တွယ်ဘူးလို့လည်း အဓိပ္ပာယ် မသက်ရောက်ပါဘူး။ ကျွန်တော်ပြောခဲ့တာရှိပါတယ်။ ပြည်တွင်းမှာ စိန်ခေါ်မှုတွေရှိတယ်၊ တချို့ကိစ္စတွေကို နိုင်ငံတကာက ဝင်ရောက်ပြီး ပြောဆိုတာတွေကို လက်မခံနိုင်ပါဘူး။ ပြည်တွင်းကိစ္စတွေကို ဝင်ရောက်စွက်ဖက်တာ လက်မခံဘူး၊ သို့သော်လည်း Family of the International Community မှာ တာဝန်သိတဲ့ နိုင်ငံတစ်နိုင်ငံအနေနဲ့ တာဝန်သိတဲ့ လုပ်ရပ်တွေလုပ်ပါတယ်၊ ဒါ့ကြောင့် ရှာဖွေကယ်ဆယ်ခြင်းကို လူသားချင်း စာနာထောက်ထားတဲ့ ရှုထောင့်ကနေလုပ်ပါတယ်။

ဒါ့အပြင် ကိန်းဂဏန်းတွေကလည်းအများကြီးဖြစ်နေပါတယ်။ UNHCR က ဘယ်လောက်၊ ဟိုဘက်က ဘယ်လောက်၊ ဒီဘက်က ဘယ်လောက် စသည်ဖြင့် အဲဒီကိန်းဂဏန်းတွေ ဘယ်ကရလဲ၊ ဒီကိန်းဂဏန်းတွေက ဘယ် Information ကို အခြေခံလည်း အထောက်အထားနဲ့ပြပါ။ မြန်မာနိုင်ငံက ရောက်လာတယ်ဆိုရင်ပြောပါ။ ဘယ်နှယောက်ရောက်လဲ။ အဲ့ဒီနေရာတွေ သွားပြီးစစ်ဆေးမယ်၊ ကိုယ့်နိုင်ငံက အထောက်အထား မှန်ကန်တယ်၊ ခိုင်လုံတယ်ဆိုရင် ပြန်ခေါ်ဖို့ ဝန်မလေးပါဘူး။ အဆင်သင့်ရှိပါတယ်။ သို့သော်လည်း ကိုယ့်နိုင်ငံကမဟုတ်ဘဲနဲ့ အခြားဒေသက သူ့အကြောင်းနဲ့သူထွက်လာတဲ့သူတွေကိုတော့ ကျွန်တော်တို့ဘက်က လက်မခံနိုင်ပါဘူး၊ ဘယ်သူမှလည်းလက်ခံမှာမဟုတ်ဘူး၊ မြန်မာနိုင်ငံကမှမဟုတ်ဘူး အချုပ်အခြာအာဏာပိုင်တဲ့ ဘယ်နိုင်ငံကမှ လက်ခံမှာမဟုတ်ပါဘူး။

ကျွန်တော်တို့သွားတဲ့ ရည်ရွယ်ချက်ကိုက ဒေသတွင်းနိုင်ငံအနေနဲ့ ပူးပေါင်းဆောင်ရွက်သွားဖို့ ရည်ရွယ်ချက်နဲ့ သွားတာပါ၊ ပူးပေါင်းဆောင်ရွက်သွားဖို့ ရှိ၊ မရှိကိုလည်း အစည်းအဝေးအဖွင့်မှာပြောခဲ့ပြီး ဖြစ်ပါတယ်။ အိမ်ရှင်ထိုင်းနိုင်ငံကိုလည်း ကျွန်တော်တို့ရဲ့ သဘောထားကို ပြောထားပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့နိုင်ငံတကာနဲ့ ပါဝင်လက်မှတ်ရေးထိုးထားတာတွေရှိပါတယ်။ အဲဒီလက်မှတ်ရေးထိုးထားတဲ့အထဲမှာ ပြဋ္ဌာန်းချက်တွေရှိပါတယ်။ အဲဒီပြဋ္ဌာန်းချက်တွေနဲ့အညီ တာဝန်သိတဲ့နိုင်ငံအနေနဲ့ ဆောင်ရွက်တာဖြစ်ပါတယ်။ ယာယီစောင့်ရှောက်ပေးတဲ့အပိုင်းမှာလည်း အတိုင်းအတာ တစ်ခုအထိရှိပါတယ်။ ကြာရှည်လက်ခံသွားဖို့ အစီအစဉ်တွေမရှိဘူးဆိုတာလည်း ပြောပြီးဖြစ်ပါတယ်၊ ကာယကံရှင်တွေကိုလည်း သက်ဆိုင်ရာနိုင်ငံတွေက စစ်ဆေးပြီးဖြစ်ပါတယ်၊ အဲဒီကာယကံရှင် တွေကလည်း သူတို့ရဲ့နေရပ်ကို ပြန်ချင်နေပြီဖြစ်ပါတယ်၊ ပြည်သူတွေအနေနဲ့ ဘာမှ စိုးရိမ်ကြောင့်ကြမှုမရှိပါနဲ့လို့ ပြောချင်ပါတယ်။ ကာယကံရှင်နိုင်ငံကိုက မြန်မာနိုင်ငံရဲ့ ဆောင်ရွက်ချက်တွေအပေါ် ရိုးသားစစ်မှန်တယ်လို့ လက်ခံခဲ့ပြီးဖြစ်ပါတယ်။ ။

## ဘင်္ဂလားဒေ့ရှ်နိုင်ငံသား လှေစီးသွားလာသူများအား အမြန်ပြန်လည်လွှဲပြောင်းပေးနိုင်ရန် ဆောင်ရွက်လျက်ရှိ

**မောင်တော ဇွန် ၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ အရှေ့တောင်ဘက်ပင်လယ်ပြင်တွင် လူသားချင်းစာနာထောက်ထားမှုဖြင့် ကယ်ဆယ်ခဲ့သည့် လှေစီးသွားလာသူ ၇၃၃ ဦးအနက်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများကို ၎င်းတို့မူလလာရောက်ခဲ့သည့်နေရာသို့ အမြန်ပြန်လည်လွှဲပြောင်းပေးနိုင်ရေး လိုအပ်သောစိစစ်မှုများဆောင်ရွက်နိုင်ရန် လှေစီးသွားလာသူများ၏ အခြေအနေနှင့်စပ်လျဉ်း၍ ဖြစ်ရပ်မှန်ပေါ်ပေါက်ရေး စိစစ်ရေးအဖွဲ့ အဖွဲ့ဝင် ရခိုင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးထိန်လင်းနှင့် စိစစ်ရေးအဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံဆိုင်ရာ စစ်တွေမြို့အခြေစိုက် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန် မိုဟာမက်မဟာဘူဘာရာမန် ဦးဆောင်သောအဖွဲ့တို့သည် လှေစီးခရီးသွားလာသူများအား ယာယီရွှေ့ပြောင်းထားရှိသည့် ရခိုင်ပြည်နယ် မောင်တောခရိုင် တောင်ပြို(လက်ဝဲ)မြို့အနီးရှိ မှတ်တိုင်(၁၇)စခန်းသို့ ယနေ့နံနက် ၁၀ နာရီခန့်တွင် သွားရောက်ခဲ့ကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ စစ်တွေမြို့အခြေစိုက် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန် ဦးဆောင်သောအဖွဲ့သည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံရုံးက ပေးပို့ထားသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား လှေစီးခရီးသွားလာသူများ၏ ကိုယ်ရေးအချက်အလက်များအား တိုက်ဆိုင်စစ်ဆေးခြင်း၊ နိုင်ငံသားမှန်ကန်မှု ရှိ၊ မရှိ မေးမြန်းစိစစ်ခြင်းများပြုလုပ်ခဲ့ကြောင်း၊ စိစစ်မှုများပြုလုပ်ပြီးပါက ၎င်းတို့ မူလလာရောက်သည့်နေရာများသို့ အမြန်ပြန်လည်လွှဲပြောင်းပို့ဆောင်နိုင်ရန် သံတမန် နည်းလမ်းနှင့် လုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**



၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို မင်္ဂလာတောင်ညွန့်မြို့နယ် ပညာရေးမှူးရုံးတွင် ကြေညာထားရာ ကျောင်းသား ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများ လာရောက်ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

ဆောင်းပါး

# အိပ်မပျော်ခဲ့သည့် ညအလွန်

## မောင်အောင်သာ

“သားရယ် အမေတို့မှာ စားစရာမရှိရင် နေပါစေ၊ အကြွေးတင်ရင် တင်ပါစေ၊ သား ဒီနှစ် ၁၀ တန်းအောင်ရင် အမေသေပျော်ပါပြီ” ဟူသော အမေ၏ စကားလုံးများမှာ ကျွန်တော့်နှလုံးသားတွင် စူးဝင်နေပါသည်။ အမေ့စကားမှာ ကျွန်တော့်ဘဝအတွက် မဖော်ပြနိုင်လောက်သည့် ကြည်နူးမှုကို ဖြစ်စေခဲ့ပါသည်။


ဓာတ်ပုံ - သန်းထိုက်(ရွှေ)

မနေ့ညက ကျွန်တော် တစ်ညလုံး အိပ်မပျော်ခဲ့ပါ။ စိုးရိမ်ပူပန်ခြင်းများစွာနှင့် လွင့်မျောနေသည့် အတွေးများကြောင့် ညတာရှည်လွန်းသည်ဟု ထင်မိပါသည်။ ထိုည မြန်မြန်ကုန်လွန်ပါစေဟု ဆုတောင်းရင်း နံနက်မိုးသောက် အလင်းရောက်ခဲ့ပါသည်။ အိပ်မပျော်ခဲ့သည့် အကြောင်းရင်းမှာ ယနေ့တက္ကသိုလ်ဝင်(၁၀တန်း) စာမေးပွဲအောင်စာရင်းထွက်မှာဖြစ်သောကြောင့်တည်း။ စာမေးပွဲနှင့် ပတ်သက်၍ ပြောရမည်ဆိုလျှင် ကျွန်တော်ကိုယ်တိုင် မိမိကိုယ်ကို ယုံကြည်မှုနည်းခဲ့သည်မှာ အမှန်ဖြစ်ပါသည်။

တက္ကသိုလ်ဝင်စာမေးပွဲကို ချွေးသီးချွေးပေါက်ကျအောင် ဖြေခဲ့ရသည့်အဖြစ်က ကျွန်တော်၏ အောင်စိတ်ကို လျော့ကျစေပါသည်။ အမေ့ဆန္ဒကိုဖြည့်ဆည်းလိုသည့် လွန်ကဲသောစိတ်က စာမေးပွဲခန်းအတွင်း တုန်လှုပ်မိပါသည်။ သို့သော်ကျွန်တော် စာမေးပွဲအောင်ခဲ့ပါပြီ။

ကျွန်တော်နေထိုင်သည်မှာ ရန်ကုန်မြို့ပြင် လှိုင်သာယာမြို့နယ် ဆင်ခြေဖုံးရပ်ကွက်လေးတွင်ဖြစ်ပါသည်။ ထရံကာ၊ သွပ်မိုး အိမ်ကျဉ်းကျဉ်းလေးတွင် ကျွန်တော်၏မိသားစု ခြောက်ယောက်နှင့်အတူနေထိုင်ပါသည်။ ဖခင်မှာ လှိုင်သာယာစက်မှုဇုန်မှ လုပ်သားတစ်ဦးဖြစ်ပြီး မိခင်မှာ နေအိမ်ရှိ အိမ်ဆိုင်လေးတွင် ဈေးရောင်းပါသည်။ ညီအစ်ကို မောင်နှမလေးယောက်တွင် ကျွန်တော်က အကြီးဆုံးဖြစ်၍ ကျောင်းတက်ချိန်၊ ကျူရှင်ချိန်မှလွဲလျှင် အမေ့အား အမြဲကူညီပေးရသဖြင့် စာကျက်ချိန်နည်းပါးလှပါသည်။

ယခုနှစ်မှာ တက္ကသိုလ်ဝင်စာမေးပွဲကို ဒုတိယအကြိမ် ဖြေဆိုခြင်းဖြစ်ပါသည်။ ပထမနှစ်က ယခင်အခေါ် ၁၀ တန်းစာမေးပွဲကို တစ်ကြိမ်ကျရှုံးဖူးပါသည်။ ယခုနှစ်တွင် ကျွန်တော်သာမက ကျွန်တော့်မိဘနှစ်ပါးကပါ စာမေးပွဲအောင်လိုသည့်ဆန္ဒပြင်းပြလွန်းသောကြောင့် အမေ၏ ရှိစုမဲ့စု နားကပ်လေးကို ပေါင်နှံကာ ကျွန်တော့်အား ကျူရှင်ယူစေပါသည်။ အမေက “သားရယ် အမေတို့မှာ စားစရာမရှိရင် နေပါစေ၊ အကြွေးတင်ရင် တင်ပါစေ ကျူရှင်ကောင်းကောင်းထားပေးလို့ သား ဒီနှစ် ၁၀ တန်းအောင်ရင် အမေသေပျော်ပါပြီ” ဟူသော အမေ၏ စကားလုံးများမှာ ကျွန်တော့်နှလုံးသားတွင် စူးဝင်နေပါသည်။ အောင်စာရင်းမထွက်မီ အိပ်မပျော်သည့်ညက အမေ့စကားသံများကို အထပ်ထပ်ကြားယောင်မိရင်း နံနက်မိုးသောက်တွင် ရင်ခုန်လှုပ်ရှားစွာဖြင့် အောင်စာရင်းထွက်ရာသို့ အပြေးအလွှားသွားကြည့်ခဲ့ပါသည်။

“အောင်ပြီ ... အောင်ပြီ” ကျောင်းကြော်ငြာသင်ပုန်းပေါ်ရှိ အောင်စာရင်းကို ရှာဖွေကြည့်ရင်း ကျွန်တော့်အမည်ကို တွေ့သည်နှင့် “အောင်ပြီ ... အောင်ပြီ”ဟု အသံထွက်ရေရွတ်မိပါသည်။ မယုံတစ်ဝက် ယုံတစ်ဝက်နှင့် အောင်စာရင်းမှ အမည်၊ ခုံအမှတ်၊ အဖ အမည်တို့ကို အထပ်ထပ်ကြည့်ရင်း “ကျွန်တော် အောင်ပြီ” မှာ သေချာပါပြီ။ အမေ့ကို ချက်ချင်းပြောရန် အမေရှိရာ နေအိမ်သို့ မပြေးရုံတမည် အသောနှင်ပြန်ခဲ့ပါသည်။ အိမ်ဆိုင်လေးတွင် ဈေးရောင်းနေသော အမေ့မှာ ကျွန်တော်ပြန်အလာကို လည်တဆန့်ဆန့်မျှော်နေပါသည်။

“အမေ သားစာမေးပွဲအောင်ပြီ ... စာမေးပွဲအောင်ပြီ”ဟူသော ဝမ်းသာအားရ ကျွန်တော်၏ ပြောစကားနှင့် “ဝမ်းသာလိုက်တာ သားရယ်”ဟူသော အမေ့စကားတို့မှာ ကျွန်တော့်နှလုံးသားကို တဆတ်ဆတ်တုန်သလို ခံစားရပါသည်။ ဝမ်းသာလွန်းသဖြင့် အမေ့မျက်ဝန်းမှ ကျသည့် မျက်ရည်စများက ကျွန်တော့်ဘဝအတွက် မဖော်ပြနိုင်လောက်သည့် ကြည်နူးမှု၊ မမေ့နိုင်လောက်သော နာကျင်ခံစားမှုတို့ကို ဖြစ်စေခဲ့ပါသည်။

ထိုနေ့အဖို့ ကျွန်တော့်မိဘများ၏ ဖြူစင်သည့် စေတနာ၊ အကြွေးတင်ခံပြီး စာမေးပွဲအောင်ရုံလောက် သင်ယူခဲ့ရသည့်အဖြစ်၊ အနာဂတ်တွင် မိဘကျေးဇူးဆပ်ရန်အတွက် ကျွန်တော်၏မျှော်လင့်ချက် စသည်... စသည်ဖြင့် အမေ့ကို တစ်နေ့လုံးကူညီလုပ်ကိုင်ပေးရင်း အတွေးနယ်ချဲ့နေမိပါသည်။ “စားစရာမရှိရင်နေ၊ ကြွေးတင်ရင် တင်ပလေ့စေ”ဟူသော ကျွန်တော့်မိဘ၏ မွန်မြတ်သည့်စေတနာကို လေးစားမိခြင်းနှင့်အတူ ကျွန်တော် ကျူရှင်တက်ခဲ့သော စာသင်ဝိုင်း၏အဖြစ်အတွက်လည်း စိတ်ပျက်လက်ပျက်ဖြစ်မိပါသည်။ ယခု ဂုဏ်ထူးမပါ အောင်ရုံသာ အောင်ခဲ့ရသည့်အတွက် သူတို့ကိုပင် ကျေးဇူးတင်ရမလိုပင်ဖြစ်နေပါသည်။

အသပြာငွေကြေးနှင့် တိုင်းထွာသင်ကြားပေးမှုများအား အမေ့စေတနာနှင့် ပေးဆပ်ခဲ့ရပါသည်။ တစ်ဘာသာပေါက်ဈေး ကျပ်တစ်သိန်းနှင့် ကျွန်တော်မနိုင်သော သင်္ချာ၊ အင်္ဂလိပ်စာ၊ ဇီဝဗေဒ သုံးဘာသာအတွက် အပေါင်ခံငွေကြေး ကျပ်သုံးသိန်းကို မပေးရက် ပေးရက် ပေးခဲ့ရပါသည်။ ကျူရှင်ဝိုင်း ကြော်ငြာစဉ်က နာမည်ရဆရာများပါ၍ အထင်တကြီးနှင့်တက်ခဲ့သော်လည်း လက်တွေ့တွင် နာမည်ရဆရာများအား မတွေ့ခဲ့ရဘဲ နာမည်မရ လက်ထောက်ဆရာများနှင့်သာသင်ခဲ့ရပါသည်။

သင်ယူမှု၊ မှန်ကန်မှု၊ တတ်မြောက်မှုမပါခဲ့ပါ။ သင်ကြားပေးရုံသက်သက်ဟု ဆိုပြန်ပါသည်။ လေ့ကျင့်ခန်းလုပ် မလုပ်၊ မှန် မမှန်၊ စာရ မရ ပြန်လည်စိစစ်ခြင်းအတွက် သီးခြားထပ်ဆောင်းပေးရမည်ဟု ဆိုလာပါသည်။ ကျွန်တော့်တွင် ပေးစရာငွေမရှိပါ။ ထပ်မံအပေါင်ခံရန်အတွက် အမေ့ကိုလည်း မတောင်းဆိုရက်ပါ။ တတ်သိသလောက်နှင့် ပညာကို ကျေနပ်စွာအရယူခဲ့ပြီး အောင်စိတ်နှင့်ကြိုးစားဖြေဆိုခဲ့ရာ ယခုသာမန်အဆင့်ဖြင့် စာမေးပွဲအောင်မြင်မှုအတွက် မိမိကိုယ်ကို ဖြေသိမ့်ရပါသည်။

အောင်မြင်ခဲ့သည့် ရမှတ်အလိုက် ကျွန်တော် အဝေးသင်တက္ကသိုလ်တက်ရန် ဆုံးဖြတ်ထားပါသည်။ တစ်ဖက်က ရရာအလုပ်ကိုလုပ်ရင်း မိဘကျေးဇူးကိုဆပ်သွားမည်ဖြစ်ပါသည်။ အမေ့နားကပ်လေး ပြန်ရွေးနိုင်အောင်၊ မရွေးနိုင်ခင် ငွေတိုးများ လစဉ်ပေးနိုင်အောင် ကျွန်တော် မဖြစ်မနေအလုပ်လုပ်ရမည်ဖြစ်သည်။ မိဘများ အသက်ရှင်နေသရွေ့ ကျွန်တော့် ညီငယ်၊ ညီမငယ်များ လူလားမြောက်သရွေ့ ကျွန်တော်တစ်သက်လုံး ကျေးဇူးဆပ်နေမည်ဖြစ်ပါသည်။ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သည့်နေ့အတွက် ကျွန်တော်၏ အိပ်မပျော်သော ညအလွန် အတွေးများအား ခံစားတင်ပြလိုက်ပါသည်။ ။


စာပေမြင့်မှ လူမျိုးတင့်မည် စာအုပ်စာပေ လူ့မိတ်ဆွေ

“အမြန်ငှားမည်”
မြေနီကုန်း၊ ဓမ္မစေတီလမ်းနှင့်ဗားဂရာလမ်းဒေါင့်၊ ပန်းခြံတာဝါ တတိယထပ်၊ 1100 Sqft ၊ (ဓာတ်လှေကား၊ ကားပါကင်ပါ)၊ နေရန်အသင့်၊ ပြင်ဆင်ပြီးအခန်းအား အမြန်ငှားမည်။
ဆက်သွယ်ရန် - 09-5557855, 09-420287627, 09-450032403

“ဇွန် တန်းခွဲသစ်များ ဖွင့်ပြီ။”
ဦးရဲမင်းပိုင် [သင်္ချာ]
၈တန်းအင်္ဂလိပ်စာ၊သင်္ချာ (စနေ၊တနင်္ဂနွေ) ဖွင့်ပြီ။
၁၀တန်းဘာသာစုံစာသင်ဝိုင်း (သင်၊ကျက်၊ဖြေ) နေ့စဉ်တက်။
လစဉ်ဘာသာစုံစာမေးပွဲဖြေရမည်
သင်တန်းကြေး ၅၀၀၀၀ကျပ်
ဖုန်း ၀၉ ၇၃၁၆၁၁၄၀



# ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် တစ်ပြိုင်တည်းထုတ်ပြန်

**နေပြည်တော် ဇွန် ၆**

၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ယနေ့နံနက်ပိုင်းတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် တစ်ပြိုင်တည်းထုတ်ပြန်ခဲ့သည်။ နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ အထက်တန်းကျောင်းများတွင် နံနက် ၄ နာရီခွဲခန့်မှစ၍ စာမေးပွဲအောင်စာရင်း ကြည့်ရှုမည့်သူများသည် သက်ဆိုင်ရာ အခြေခံပညာအထက်တန်းကျောင်းများတွင် စုဝေးရောက်ရှိနေကြပြီး အောင်စာရင်းကပ်မည့်အချိန်ကို စောင့်ဆိုင်းနေကြသည်ကို တွေ့ရသည်။

ယခုနှစ်စာမေးပွဲတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း တစ်ဘာသာ ဂုဏ်ထူးရှင် ၆၅၂ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၄၂ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၈၅ ဦး၊လေးဘာသာဂုဏ်ထူးရှင် ၉၀၊ ငါးဘာသာဂုဏ်ထူးရှင် ၃၁ ဦး၊ ခြောက်ဘာသာဂုဏ်ထူးရှင် ခုနစ်ဦး စုစုပေါင်းဂုဏ်ထူးရရှိသူ ၁၀၀၇ ဦးရှိကြောင်း သိရှိရပြီး နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ တက္ကသိုလ်ဝင်တန်းဖြေဆိုသူ ၁၆၃၅၉ ဦးရှိရာ အောင်မြင်သူ ၅၀၀၄ဦး၊ အောင်ချက်ရာခိုင်နှုန်းအနေဖြင့် ၃၀ ဒသမ ၅၉ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ ယမန်နှစ်က တက္ကသိုလ်ဝင်တန်းဖြေဆိုသူ ၁၄၃၅၅



တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့သော ကျောင်းသူတို့ ပျော်ရွှင်နေကြစဉ်။ဓာတ်ပုံ-ထိန်လေး

ဦးတွင် ၃၈၉၄ ဦးအောင်မြင်ခဲ့၍ အောင်မြင်မှုရာခိုင်နှုန်း၂၇ ဒသမ ၁၃ ရာခိုင်နှုန်းသာရှိခဲ့၍ ယခုနှစ်တွင် အောင်ချက်ရာခိုင်နှုန်းတက်လာခဲ့သည်ကို တွေ့ရသည်။ ထို့အပြင် ယမန်နှစ်တွင် ဂုဏ်ထူးရရှိသူ တစ်ဦးတစ်ယောက်မျှမရှိခဲ့ဘဲ ယခုနှစ်တွင် ဂုဏ်ထူးရရှိသူ ၁၀၀၇ ဦးအထိ ရှိလာခဲ့သည်။

၂၀၁၅ ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲများကို ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် တစ်နိုင်ငံလုံးတွင် ဖြေဆိုသူစုစုပေါင်း ၅၉၇၉၄၆ ဦး ဖြေဆိုခဲ့ရာ ၂၂၄၈၄၇ ဦး အောင်မြင်ခဲ့၍ အောင်ချက်ရာခိုင်နှုန်းအနေဖြင့် ၃၇ ဒသမ ၆၀ရာခိုင်နှုန်း အောင်မြင်ခဲ့သည်။

ယခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီးသည် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုသူ ၆၁၈၅၁ ဦးတွင် ၃၂၀၂၆ ဦးအောင်မြင်ခဲ့၍ အောင်မြင်မှုရာခိုင်နှုန်း ၅၁ ဒသမ ၇၈ ရာခိုင်နှုန်းဖြင့် အောင်ချက်အမြင့်ဆုံးပထမအဖြစ် လည်းကောင်း၊ မွန်ပြည်နယ်သည် ဖြေဆိုသူ ၁၈၁၇၀တွင် ၇၈၈၆ ဦး အောင်မြင်ခဲ့၍ အောင်ချက်ရာခိုင်နှုန်း ၄၃ ဒသမ ၄၀ ရာခိုင်နှုန်းဖြင့် အောင်ချက်အမြင့်ဆုံး ဒုတိယအဖြစ် လည်းကောင်း၊ မကွေးတိုင်းဒေသကြီးသည် ဖြေဆိုသူ ၅၆၈၇၂ ဦးတွင် ၂၃၂၃၉ ဦး အောင်မြင်ခဲ့၍အောင်မြင်မှုရာခိုင်နှုန်း ၄၀ ဒသမ ၈၆ ရာခိုင်နှုန်းဖြင့် အောင်ချက်အမြင့်ဆုံး တတိယအဖြစ် လည်းကောင်း ရရှိခဲ့ကြသည်။ ယခုနှစ်တွင် ငါးနှစ်ဆက်တိုက် ပထမနေရာတွင် ရပ်တည်နိုင်ခဲ့သော မွန်ပြည်နယ်သည် ဒုတိယနေရာသို့ ရောက်ရှိသွားပြီး ယမန်နှစ်က ဒုတိယနေရာတွင်ရှိသော ဧရာဝတီတိုင်းဒေသကြီးသည် ယခုနှစ်တွင် အောင်ချက်အကောင်းဆုံးတိုင်းဒေသကြီးအဖြစ် ပထမနေရာ သို့ ရောက်ရှိသွားသည်ကို တွေ့ရသည်။

**သန်းဦး(လေးမျက်နှာ)**

◆◆◆

# ဖျာပုံမြို့နယ်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများဖြင့် စည်ကားပြုံးပျော်

**၂၀၁၅-ခုနှစ် မတ်လအတွင်းက ကျင်းပစစ်ဆေးခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ဇွန် ၆ ရက် နံနက်ပိုင်းမှစတင်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစ်ပြိုင်တည်း ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။ အဆိုပါ အောင်စာရင်းများ ထုတ်ပြန်ကြေညာခဲ့ခြင်းနှင့်ပတ်သက်၍ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့တွင်လည်း ယင်းနေ့နံနက် ၂ နာရီခန့်မှစတင်၍ အောင်စာရင်း လာရောက်ကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။**

"သမီးက အထက(၁) ဖျာပုံကပါ။ အတွဲ(၁)(ဝိပ္ပံ)ဘာသာတွဲကို ခုံအမှတ် အဖ-၃၃၁ နဲ့ နှစ်ချင်းပေါက်အောင်မြင်ခဲ့တာပါ။ (သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ)ဘာသာရပ်သုံးခုမှာ ဂုဏ်ထူးရပါတယ်။ အလွန်ပျော်တယ်။ ပထမတန်းကနေ နဝမတန်းအထိ နှစ်စဉ်ပညာရည်ချွန်ဆု၊ ဘက်စုံထူးချွန်ဆုနဲ့ ကျောင်းတွင်း လူရည်ချွန်ဆု စုစုပေါင်း ၁၄ ဆု ရရှိခဲ့ပါတယ်။ အခုလည်း ရတဲ့အမှတ်ပေါ်မူတည်ပြီး အဆင်ပြေတဲ့ မေဂျာနဲ့ တက္ကသိုလ်တက်ပါမယ်။ အခုလို သမီးကို စာမေးပွဲအောင်မြင်အောင် ပြုစုစောင့်ရှောက် ဖေးမသင်ကြားပေးခဲ့ကြတဲ့ အဖေနဲ့ အမေ၊ ဆရာ၊ ဆရာမတွေနဲ့ ကျေးဇူးရှိသူအားလုံးကို ကျေးဇူးတင်ပါတယ်။" ဟု ကျောင်းသူလေး မဆုဝေဖြိုး (၁၂) ရပ်ကွက်နေသူက ပြောသည်။

"သမီးက အထက(၁) ဖျာပုံကပါပဲ။ သမီးအသက်က(၁၆)နှစ်ပါ။ အတွဲ(၁) ဝိပ္ပံဘာသာတွဲကို တစ်ဘာသာဂုဏ်ထူးနဲ့ အောင်မြင်တာပါ။ ပျော်တာပေါ့။ ပြီးရင် သမီးရည်ရွယ်ထားတဲ့အတိုင်း တက္ကသိုလ်ဆက်တက်ပါမယ်။"ဟု ကျောင်းသူလေး မပြည့်ပြည့်ဖြိုးအောင် ဆည်မြောင်းဝန်ထမ်းအိမ်ရာနေသူက ထပ်ဆင့်ပြောကြားဖွင့်ဟခဲ့သည်။



ဦးစောအောင်(ကျောင်းသားမိဘ)



မဆုဝေဖြိုး(သုံးဘာသာဂုဏ်ထူးရှင်)

"ကျွန်တော်တို့မိဘတွေအနေနဲ့ သားသမီးတွေကို ကျောင်းထားရတာ မလွယ်ကူပါဘူး။ ရှန်းကန်လှုပ်ရှားရင်းနဲ့ ကြိုးစားပြီးတော့ အောင်မြင်ချင်စိတ်နဲ့ ထားရတာပါ။ ဒါမှလည်း သူတို့ဘဝနောင်ရေး စိတ်အေးရမှာပါ။ အခုလိုနှစ်ချင်းပေါက်အောင်မြင်တဲ့အတွက် အလွန်ဝမ်းသာပါတယ်။ ဆက်လက်ပြီးတော့လည်း သူတို့တွေ တက္ကသိုလ်တက်ဖို့အတွက် အတတ်နိုင်ဆုံး ကြိုးစားသွားဦးမှာပါ"ဟု ကျောင်းသားမိဘ တစ်ဦးဖြစ်သူ ဦးစောအောင်က ပြောသည်။

ဖျာပုံခရိုင် ဖျာပုံမြို့နယ်တွင် အထက(၁)၊ အထက(၂)၊ အထက(၃)၊ အထက-ကျုံကဒွန်း၊ အထက-ကျုံကျိုက်၊ အထက-သမိန်ထော၊ အထက-အမာ၊ အထက-ဒေါ်ငြိမ်း၊ အထက-တမံ၊ အထက-ကျုံတာ၊ ထ(ခွဲ)-အလက(၁)၊ ထ(ခွဲ)-ကနိ၊ ထ(ခွဲ)-ကျိုက္ကဘာ၊ ထ(ခွဲ)-ကြက်ဖမွေးဇောင်း၊ ထ(ခွဲ)-သကံရှမ်းကွင်း၊ ထ(ခွဲ)-နောက်မီး၊ ထ(ခွဲ)-ချောင်းဝ၊ ထ(ခွဲ)-ဆိပ်မနဲ့ TTA အပါအဝင် (အတွင်းဖြေ၊ ပြင်ပဖြေ)ဟူ၍ရှိရာ မြို့နယ်ချုပ်စာရင်းအနေနှင့် ဖြေဆိုသူဦးရေ ၃၂၆၇ ဦး ဖြေဆိုခဲ့ပြီး ယခုအောင်မြင်သူဦးရေ ၁၄၆၉ ဦးဖြစ်ကြောင်း၊ ခြောက်ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် လေးဦး၊ လေးဘာသာဂုဏ်ထူးရှင်လေးဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၈ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၂၈ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၁၃၅ ဦး ဖြစ်ကြောင်း၊ အောင်ချက်ရာခိုင်နှုန်းအနေဖြင့် အတွင်းဖြေ ၄၃ ဒသမ ၃၄ ရာခိုင်နှုန်း၊ ပြင်ပဖြေ ၄၈ ဒသမ ၅၇ ရာခိုင်နှုန်း၊ ကိုယ်ပိုင်အထက်တန်းကျောင်း (TTA) ၆၅ ဒသမ ၈၅ ရာခိုင်နှုန်းနှင့် စုစုပေါင်း ဖျာပုံမြို့နယ်ချုပ် အောင်ချက်ရာခိုင်နှုန်းမှာ ၄၄ ဒသမ ၉၆ ရာခိုင်နှုန်းဖြစ်ကြောင်း ဖျာပုံမြို့နယ် ပညာရေးမှူးရုံးမှ သိရသည်။

**သပြေထွန်း**




# မြန်မာနိုင်ငံတစ်ဝန်း တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများ ထုတ်ပြန်

**သန်လျင်**

၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်စာရင်းများကို မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ဇွန် ၆ ရက် နံနက်က ထုတ်ပြန်ကြေညာရာ သန်လျင်မြို့နယ် စာစစ်ဌာနအသီးသီး၌လည်း စာမေးပွဲအောင်စာရင်းများကို ထုတ်ပြန်ကြေညာခဲ့သည်။ ယခုနှစ် သန်လျင်မြို့နယ်တွင် တက္ကသိုလ်ဝင်တန်းဖြေဆိုရန် စာရင်းပေးသွင်းထားသူ ကျောင်းသား ၁၄၇၅ ဦး၊ ကျောင်းသူ ၁၆၈၄ ဦး စုစုပေါင်း ၃၁၅၉ ဦးရှိပြီး အောင်မြင်သူ ကျောင်းသား ၃၅၈ ဦး၊ ကျောင်းသူ ၅၇၆ ဦး စုစုပေါင်း ၉၃၄ ဦးအောင်မြင်ကြောင်း သိရသည်။

ယခုနှစ် သန်လျင်မြို့နယ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ခြောက်ဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၁၂ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၂၃ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၃၅ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၅၂ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၄၇ ဦးရှိပြီး တစ်မြို့နယ်လုံး၏ အောင်ချက်ရာခိုင်နှုန်းမှာ ၂၉ ဒသမ ၅၇ ရာခိုင်နှုန်းဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။ **သန်းဝင်း(သန်လျင်)**

**လားရှိုး**

တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ဇွန် ၆ ရက် (စနေနေ့) နံနက် ၆ နာရီတွင် လားရှိုးမြို့ စာစစ်ဌာနအသီးသီး၌ထုတ်ပြန်ကြေညာခဲ့ရာ ဖြေဆိုသူစုစုပေါင်း ၃၈၉၁ ဦးတွင် အောင်မြင်သူ ၁၅၆၉ ဦးရှိကြောင်းနှင့် အောင်ချက်ရာခိုင်နှုန်း ၄၀ ဒသမ ၃၂ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ **ဇော်လွင်(လားရှိုး)**

**ဗန်းမော်**

ဗန်းမော်ခရိုင် ဗန်းမော်မြို့တွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ခရိုင်ပညာရေးမှူးရုံးနှင့် မြို့ပေါ်အထကကျောင်းငါးကျောင်း၌ ယနေ့နံနက် ၆ နာရီမှစတင်၍ ထုတ်ပြန်ကြေညာထားသည်။ ဗန်းမော်မြို့နယ်အတွင်း ၂၃၈၃ ဦးဖြေဆိုရာ ၈၂၂ ဦးအောင်မြင်သဖြင့် ၃၄ ဒသမ ၄၉ ရာခိုင်နှုန်းအောင်မြင်သည်။ ခြောက်ဘာသာဂုဏ်ထူးရှင်လေးဦး၊ ငါးဘာသာဂုဏ်ထူးရှင်နှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၈ ဦး၊ သုံးဘာသာဂုဏ် ထူးရှင် ၁၃ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၃၁ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၁၂ ဦးတို့ထူးချွန်စွာ အောင်မြင်ခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

**ဟိုပုံး**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်အတွင်းရှိ ဟိုပုံးမြို့ အထက(၁)၊ အထက(၂)၊ အထက (ကျောက်တန်း)၊ အထက (ကျောက္ကချား)၊ အထက (နမ့်ခုတ်)၊ အထက(ခွဲ) စငေါ၊ ကျောင်းပြင်ပဖြေ ကျောင်းသား ကျောင်းသူများသည် ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဟိုပုံးမြို့ စာစစ်ဌာနတွင် စာရင်းရှိ ကျောင်းသား ၂၁၄ ဦး၊ ကျောင်းသူ ၄၀၄ ဦး စုစုပေါင်း ၆၁၈ ဦးရှိသည့်အနက် ကျောင်းသား ၁၉၁ ဦး၊ ကျောင်းသူ ၃၉၄ ဦးစုစုပေါင်း ၅၈၅ ဦး ဝင်ရောက်ဖြေဆိုကြရာ ကျောင်းသား ၇၄ ဦး၊ ကျောင်းသူ ၁၂၃ ဦး စုစုပေါင်း ၁၉၇ ဦး အောင်မြင်ပြီး ငါးဘာသာဂုဏ်ထူးရှင်တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ငါးဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၃၈ ဦး စုစုပေါင်းဂုဏ်ထူးဖြင့် အောင်မြင်သူ ၄၇ ဦးရှိကြောင်း သိရသည်။ **နန်းဦးခမ်း(ဟိုပုံး)**

**မွန်**

၂၀၁၅ ခုနှစ် မတ်လအတွင်းကျင်းပစစ်ဆေးခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံစာစစ်ဦးစီးဌာနက ယနေ့နံနက်ပိုင်းတွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ထုတ်ပြန်ကြေညာသည်။ မွန်ပြည်နယ်တစ်ခုလုံး၌ ဖြေဆိုသူ ၁၈၁၇၀ အနက် အောင်မြင်သူ ၇၈၈၆ ဦးရှိပြီး အောင်ချက်ရာခိုင်နှုန်းမှာ ၄၃ ဒသမ ၄၀ ဖြစ်ကြောင်း သိရသည်။

အောင်မြင်သူများတွင် ခြောက်ဘာသာဂုဏ်ထူးရှင် ၂၀၊ ငါးဘာသာဂုဏ်ထူးရှင် ၆၀၊ လေးဘာသာဂုဏ်ထူးရှင် ၂၂၄ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၂၉၃ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၄၀၀ နှင့် တစ်ဘာသာဂုဏ်ထူးရှင် ၁၆၄၆ ဦး အပါအဝင် ဂုဏ်ထူးဖြင့်အောင်မြင်သူ ၂၆၄၃ ဦး ရှိသည်။

မွန်ပြည်နယ်တစ်ခုလုံးတွင် မုဒုံမြို့နယ်က အောင်ချက် ၆၃ ဒသမ ဝ၈ ရာခိုင်နှုန်းဖြင့် အဆင့် ပထမ၊ သံဖြူဇရပ်မြို့နယ် အောင်ချက် ၅၃ ဒသမ ၆၈ ရာခိုင်နှုန်းဖြင့် ဒုတိယနှင့် ချောင်းဆုံမြို့နယ် အောင်ချက် ၄၇ ဒသမ ၈၉ ရာခိုင်နှုန်းဖြင့် တတိယရရှိကြောင်း ပြည်နယ်ပညာရေးမှူးရုံးမှ သိရှိရသည်။ **ကိုချစ်(မုဒုံ)**

**ပင်းတယ**

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်တွင် ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ကျောင်းသား ၃၃၀ ၊ ကျောင်းသူ ၆၂၈ ဦး စုစုပေါင်း ၉၅၈ ဦး ဝင်ရောက်ဖြေဆိုခဲ့ပြီး ကျောင်းသား ၁၂၅ ဦး၊ ကျောင်းသူ ၂၄၈ ဦး စုစုပေါင်း ၃၇၃ ဦး အောင်မြင်ခဲ့ရာ အောင်ချက်ရာခိုင်နှုန်းအနေဖြင့် ၃၈ ဒသမ ၉၃ ရာခိုင်နှုန်းဖြစ်ပြီး ငါးဘာသာနှစ်ဦး၊ လေးဘာသာနှစ်ဦး၊ သုံးဘာသာခြောက်ဦး၊ နှစ်ဘာသာ ၁၃ ဦး၊ တစ်ဘာသာ ၆၇ ဦးဖြင့် စုစုပေါင်း ဂုဏ်ထူးရကျောင်းသား ၉၀ ဖြစ်ကြောင်း သိရသည်။

**မိုးမိုးထွေး(ပင်းတယ)**

## ပြည်တွင်းရေးရာ

☆ (၂၈)ကြိမ်မြောက်မှ

အင်ဒိုနီးရှားနိုင်ငံမှ လေ့လှော် အားကစားသမားများနှင့် ကြေးတံဆိပ် ဆွတ်ခူးရရှိခဲ့သည့် ဖိလစ်ပိုင်နိုင်ငံမှ အားကစားသမားများကို ဆုများ အသီးသီးပေးအပ်ချီးမြှင့်သည်။

ယနေ့ကျင်းပသည့် ကနူးလှေလှော် ပြိုင်ပွဲများတွင် အမျိုးသား လေးယောက်တွဲ မီတာ ၁၀၀၀ ပြိုင်ပွဲတွင် ထိုင်းနိုင်ငံက ပထမ၊ အင်ဒိုနီးရှားနိုင်ငံက ဒုတိယနှင့် မြန်မာနိုင်ငံက တတိယရရှိခဲ့ပြီး အမျိုးသား တစ်ဦးချင်း မီတာ ၁၀၀၀ ပြိုင်ပွဲတွင် စင်ကာပူနိုင်ငံက ပထမ၊ မြန်မာနိုင်ငံက သန့်ဇင်ဦးက ဒုတိယနှင့် ဖိလစ်ပိုင်နိုင်ငံက တတိယဆု ဆွတ်ခူးရရှိခဲ့ကြသည်။

ထို့ပြင် အမျိုးသားတစ်ဦးချင်း မီတာ ၁၀၀၀ ကယက်လှေပြိုင်ပွဲတွင် စင်ကာပူနိုင်ငံက ပထမ၊ ထိုင်းနိုင်ငံက ဒုတိယနှင့် မြန်မာနိုင်ငံမှ အောင်မျိုးသူက တတိယဆု ဆွတ်ခူးရရှိခဲ့သည်။

**(သတင်းစဉ်)**

### တရားမဝင်ဆေးဝါးများနှင့် ဆေးဝါးအတုများ ရောင်းချမှုစစ်ဆေး

**ကွတ်ခိုင် ဇွန် ၆**

ကွတ်ခိုင်မြို့နယ် ထိန်းချုပ်ဓာတုဗေဒပစ္စည်းများ ကြီးကြပ်ရေးအဖွဲ့ အနေဖြင့် ထိန်းချုပ်ဓာတုဗေဒပစ္စည်း လုပ်ကိုင်လျက်ရှိသော လုပ်ငန်းများသို့ ကွင်းဆင်းစစ်ဆေးခြင်းနှင့် အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ရေး ကော်မတီအဖွဲ့က ကွတ်ခိုင်မြို့ပေါ်ရှိ ဆေးဆိုင် ၁၁ ဆိုင်အား တရားမဝင် ဆေးဝါးများနှင့် ဆေးဝါးအတုများ ဖြန့်ဖြူးရောင်းချခြင်း ရှိ၊ မရှိ လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။

**(၀၁၁၂)**

# အပြစ်မဲ့ပြည်သူများ၏ ဒုက္ခများပြေလည်မှုရရှိရေးအတွက် ငြိမ်းချမ်းရေးရရှိအောင် ဝိုင်းဝန်းဆောင်ရွက်



**နေပြည်တော် ဇွန် ၆**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် မုန်းတိုက်နယ်ခန်းမ၌ ဒေသခံပြည်သူများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စများနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းတင်၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ယခုခရီးစဉ်သည် ကျောက်ကြီးမြို့နယ်အတွင်းရှိ ထင်ရှားသည့်မုန်းမြို့ကို ပထမဆုံး ရောက်ရှိခြင်းဖြစ်ပါကြောင်း၊ မုန်းမြို့သည် မြန်မာနိုင်ငံတွင် လူသိများသော ဒေသတစ်ခုဖြစ်ပါကြောင်း၊ ယင်းသို့ လူသိများရခြင်းမှာ မုန်းဒေသရှိ ပြည်သူများသည် လက်နက်ကိုင် ပဋိပက္ခများကို ခံစားခဲ့ရ၍ဖြစ်ပါကြောင်း၊ မုန်းဒေသ၌နေထိုင်ကြသည့် ပြည်သူများ လက်နက်ကိုင်ပဋိပက္ခများကြောင့် ဆင်းရဲဒုက္ခများကြုံတွေ့ရသည်ကို ဝမ်းနည်းဖွယ်ရာကြားသိခဲ့ရပါကြောင်း၊ လက်နက်ကိုင်ပဋိပက္ခများ၏ အကျိုးဆက်ကို ယနေ့ထက်တိုင် ခံစားနေရဆဲဖြစ်ပါကြောင်း။

ဖြူးမြို့နှင့် မုန်းမြို့ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကို ပြေလည်စေရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏အစီအစဉ်ဖြင့် ကြိုးစားဆောင်ရွက်ပေးနေ၍ အချိန်ကာလတစ်ခုတွင် ပြီးမြောက်သွားမည်ဖြစ်ကြောင်း၊ လက်နက်ကိုင်ပဋိပက္ခများကြောင့် အပြစ်မဲ့ပြည်သူများ၏ ဒုက္ခများပြေလည်မှုရရှိရေးအတွက် ငြိမ်းချမ်းရေးရရှိအောင် ဝိုင်းဝန်းဆောင်ရွက်ရန်လိုကြောင်း၊ ကြုံတွေ့ရသည့် ဆင်းရဲဒုက္ခများကို ပြေလည်အောင် မဖြေရှင်းပေးနိုင်လျှင် ရေရှည်ဖြစ်ပေါ်နေမည်ဖြစ်၍ အားလုံးပူးပေါင်းဆောင်ရွက်သွားရန် လိုကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် ဒေသလိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်းတင်ပြကြရန် ဖိတ်ခေါ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ဒေသ၏ လိုအပ်ချက်များကို တင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍**(အပေါ်ပုံ)** ပညာရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

တွေ့ဆုံပွဲမစတင်မီ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် မုန်းမြို့ တိုက်နယ်ဆေးရုံသို့ သွားရောက်၍ ဆေးရုံတက်ရောက်နေသော လူနာများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကား ပြောကြားကာ ဓာတ်မှန်ဆောင်ကို ကြည့်ရှုပြီး ဆေးရုံတာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် အဖွဲ့ဝင်များနှင့်အတူ ဖြူးမြို့နယ် အုတ်ဖြတ်ဒေသ အခြေခံပညာ အထက်တန်းကျောင်းခွဲသို့ ရောက်ရှိပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ ကျောင်း၏ လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဖြူးမြို့နယ် ဝဲကြီးအခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိပြီး ယာယီစာသင်ကျောင်းဆောင်အတွင်း ဆရာ ဆရာမများ၊ ဝဲကြီးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ကျောင်းအုပ်ဆရာမကြီးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ကျောင်း၏လိုအပ်ချက်နှင့် ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို တင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းပေးပြီး ယာယီကျောင်းဆောင်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဖြူး-အုတ်ဖြတ်-မုန်းလမ်းဝဲ၊ ယာရှိ ကျေးရွာများဖြစ်သော ဇီးခုံကျေးရွာအုပ်စု၊ တံခွန်တိုင်ကျေးရွာအုပ်စုတို့မှ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ ကျေးရွာမီးလင်းရေးနှင့် အခြေခံပညာကျောင်းများ အဆင့်မြှင့်တင်ရေးကိစ္စများကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဖြူးမြို့ ဘိုးဘွားရိပ်သာသို့ ရောက်ရှိပြီး အဘိုး၊ အဘွားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အားပေးစကားပြောကြားပြီး အလှူငွေများ ပေးအပ်သည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဖြူးမြို့ မြို့နယ်ခန်းမ တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

**(သတင်းစဉ်)**

# (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ခြင်းလုံးနှင့်ဝူရှူးတို့မှ မြန်မာနိုင်ငံအတွက် ရွှေ ထပ်မံဆွတ်ခူး



ရွှေဆုရ မြန်မာခြင်းလုံးအသင်း ပြိုင်ပွဲဝင်နေစဉ်။



ဓာတ်ပုံ
စိုးညွန့်(အရှည်ကြီး)

ဝူရှူးပြိုင်ပွဲတွင် ရွှေဆုရရှိခဲ့သည့် မြတ်သက်ဆုဝေဖြိုးနှင့် အေးသစ္စာမြင့်တို့ ပြိုင်ပွဲဝင်နေစဉ်။

# ဆရာတွေရဲ့ သင်ကြားပြသမှုတွေကို ဂရုတစိုက်လေ့လာကျက်မှတ်ခဲ့လို့ ယခုလိုအောင်မြင်ခဲ့ပါတယ် . . .

သတင်း - ဌေးအောင်၊ ခင်ခင်သက်
ဓာတ်ပုံ - ခင်မောင်ဝင်း၊ ဇင်ဘို

**၂၀၁၅ ခုနှစ် မတ်လတွင်ကျင်းပခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုထားသူများ၏ အောင်စာရင်းများကို တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတို့တွင် ဇွန် ၆ ရက်က ထုတ်ပြန်ကြေညာလိုက်ရာ မိုးမလင်းခင် ညပိုင်းအချိန်ကာလကတည်းက ရန်ကုန်မြို့တွင် လှုပ်ရှားသွားလာ၍ မေးမြန်းကြသူ၊ စုံစမ်းကြသူတို့၏အသံများသည် ရပ်ကွက်တိုင်းလိုလိုတွင် လူငယ်များနှင့် မိဘများပါ စိတ်စောနေကြသဖြင့် စည်ကားနေပြီး "တချို့မြို့နယ်က သိနေရပြီ၊ တို့ကမသိရသေးဘူး"စသည့် စကားသံများလည်း ကြားရသလို ကျောင်းသားအချို့မှာလည်း "ကျောင်းရှေ့ကသွားထိုင်စောင့်နေမယ်ကွာ"ဆိုပြီး ကျောင်းသို့သွားနေသည်ကို မြင်တွေ့ခဲ့ရသည်။**



မအေးမြတ်မိုး



မငြိမ်းဆုသာ



မထက်ထက်ကျော်



မစိုးသက်ယု



ဒေါ်သန်းသန်းအေး

ကြေးမုံသတင်းအဖွဲ့သည် တာမွေမြို့နယ်မှ ကျောင်းအုပ်ဆရာမကြီးတစ်ဦးထံ ဖုန်းဆက်၍ "ဆရာမကြီး တာမွေ မြို့နယ်က ဒီနှစ်ဘာသာစုံဂုဏ်ထူးပါသူ ဘယ်နှစ်ဦးလောက်ရှိပါသလဲ"လို့စုံစမ်းမေးမြန်းရာ ဆရာမကြီးက "ဒီနှစ်တော့ တာမွေမြို့နယ်က နှစ်ဦးလို့ကြားနေရတယ်။ တစ်ဦးကတော့ အထက(၄)၊ တစ်ဦးကတော့ အထက (၁) ကပါ"လို့ သိရ၍ ကျောင်း နှစ်ကျောင်းရှိ ကျောင်းအုပ်ကြီးများမှတစ်ဆင့် ကျောင်းသူများကို ဆက်သွယ်ပြီး အကြောင်းကြားစုစည်းပေးသဖြင့် ဘာသာစုံဂုဏ်ထူးရှင်များနှင့် တွေ့ဆုံ၍ ၎င်းတို့၏ ရင်တွင်းစကားကို ဖော်ပြလိုက်ပါသည်။

**မအေးမြတ်မိုး**
**အထက (၄) တာမွေ**
**ဘာသာစုံဂုဏ်ထူးရှင်**

"အထက (၄) တာမွေကို ၂၀၀၉ ခုနှစ်မှာ စတင်ရောက်ရှိခဲ့တာ ငါးတန်း၊ ခြောက်တန်း၊ ခုနစ်တန်း၊ ရှစ်တန်း၊ ကိုးတန်းအထိ ပထမ၊ ဒုတိယ၊ တတိယ စဉ်ဆက်မပြတ် ရရှိပါတယ်။ သူငယ်တန်းကနေ စတုတ္ထတန်းအထိ အမက (၁၄) တာမွေတွင် ပညာသင်ကြားခဲ့ရာမှာလည်း ပထမ၊ ဒုတိယ၊ တတိယ ရရှိပါတယ်၊ ငယ်စဉ်ကတည်းက သင်ကြားပေးခဲ့တဲ့ အမကမှ ဆရာ ဆရာမတွေကိုလည်း ကျေးဇူးတင်ပါတယ်။ အလယ်တန်းနဲ့ အထက်တန်းပညာကို အထက (၄) တာမွေမှ ဆရာမတွေရဲ့ သင်ကြားပြသမှုကို ဂရုတစိုက်လေ့လာမှတ်သားပြီး ကြိုးစားခဲ့ပါတယ်။ ပြင်ပကျူရှင်ကို အဌမတန်းရောက်မှ အင်္ဂလိပ်စာကျွမ်းကျင်အောင် ယူခဲ့တယ်။ ကျောင်းမှာ ဆရာမတွေက စာသင်ချိန် ခုနစ်ချိန်ကို ကျောင်းသားတိုင်းကို လေ့လာပြီး အနီးကပ် ချဉ်းကပ်သင်ကြားပေးမှုတွေကြောင့် ပိုမိုပြီး ကြိုးစားလိုမှုဖြစ်ပေါ်ခဲ့လို့ ကျောင်းချိန်များကို မလစ်ဟင်းစေဘဲ အချိန်မှန်မှန်တက်ခဲ့တဲ့အတွက် မေးခွန်းကို ဘယ်လိုဖြေရမယ်၊ ဘယ်လိုဖြေရင် အမှတ်ပိုရမယ် စတဲ့အကြောင်းအရာတွေပါ အသေးစိတ်သိရှိခွင့်ရခဲ့ပါတယ်။ နှစ်စကတည်းက စာကျက်ချိန်ကို ၁၂ နာရီအထိသတ်မှတ်ခဲ့ပြီး နံနက် လေးနာရီထ၍ စာကိုပုံမှန်ကျက်ခဲ့ပါတယ်။ ဒီဇင်ဘာလမှစ၍ အိပ်ရေးဝဝအိပ်ခဲ့ပြီး ကျန်းမာရေးကိုအထူးဂရုတစိုက်ထိန်းသိမ်းပါတယ်။ အိမ်က မိဘတွေကလည်း လိုအပ်တဲ့အကြောင်းအရာမျိုးစုံကို ပံ့ပိုးစောင့်ရှောက်ပေးတဲ့အတွက် စိတ်အေးချမ်းစွာ ပညာရေးကို ဦးစားပေးနိုင်ခဲ့ပါတယ်။ စာမေးပွဲကြီး နီးရင်ဖြစ်စေ၊ ဝေးရင်ဖြစ်စေ ရတဲ့အချိန်မှာ စာကိုကျက်ရပါတယ်။ ကျက်ပြီးရင် မမေ့အောင် အမြဲတမ်း ကြိုးစားခဲ့ပါတယ်။ စာကျက်တဲ့အခါမှာလည်း တစ်ယောက်တည်း စာကျက်ရတာကို သဘောကျတယ်။ အများနဲ့ကျက်ရတော့ အာရုံများတတ်ပါတယ်။ ယခု မျှော်မှန်းချက်ထားခဲ့တဲ့သားဖွား၊ မီးယပ်ဆရာဝန်မကြီး ဖြစ်ချင်တဲ့ဆန္ဒကို အကောင်အထည်ဖော်ခွင့်ရရင် ဘဝမှာ ကြိုးစားခဲ့ရကျိုးနပ်မှာပါ။"

**မငြိမ်းဆုသာ**
**အထက(၁)တာမွေ**
**ဘာသာစုံဂုဏ်ထူးရှင်**

"အထက(၁)တာမွေ ပဉ္စမတန်းမှစ၍ ပညာသင်ကြားခဲ့တာ ယခုတက္ကသိုလ်ဝင်စာမေးပွဲမှာ ဘာသာစုံဂုဏ်ထူးနဲ့ အောင်မြင်လို့ အလွန်ဝမ်းသာမိပါတယ်။ ငယ်စဉ်ပညာသင်ကြားပေးခဲ့တဲ့ အမက(၇) တာမွေမှ ဆရာ ဆရာမတွေကို အထူးကျေးဇူးတင်ပါတယ်။ ယခုအထက(၁) ပဉ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ သင်ကြားပေးခဲ့တဲ့ ဆရာ ဆရာမတွေကိုလည်း ကျေးဇူးဆပ်လို့မကုန်နိုင်ပါဘူး။ လိုလေသေးမရှိ အနီးကပ်ကြီးကြပ်ပေးခဲ့တဲ့ အဖေနဲ့အမေကိုလည်း ဘယ်လိုကျေးဇူးဆပ်ရမှန်းမသိပါဘူး။ ယခုဘာသာစုံ ဂုဏ်ထူးနဲ့အောင်မြင်တာသိရတော့ ငယ်စဉ်ကတည်းက မျှော်မှန်းခဲ့တဲ့ ဦးနှောက်နဲ့ အာရုံကြောဆရာမကြီးဖြစ်ချင်ခဲ့တာကို မျှော်မှန်းခွင့်ရသဖြင့် အတိုင်းအဆမရှိပျော်ရွှင်ခဲ့ရပါတယ်။ ဒီလိုရလဒ်ကောင်းနဲ့ အဖြေထွက်ဖို့ကို ငယ်စဉ်ကတည်းက အတန်းတိုင်းမှာ ပထမရရှိအောင် အမြဲတမ်းကြိုးစားခဲ့ပါတယ်။ စာကျက်ချိန်ကို အချိန်ရတိုင်းကျက်မှတ်ခဲ့ပါတယ်။ တက္ကသိုလ်ဝင်တန်းဖြေဆိုခါနီးတော့ ကျန်းမာရေးကို အဖေနဲ့အမေက အနီးကပ်လေ့လာပြီး စစ်ဆေးပေးတယ်။ ကျောင်းမှာ သင်ပေးတဲ့ သင်ခန်းစာတစ်ရက်စာကို တစ်ရက်အပိုင်လေ့လာပြီး အမြဲကျက်မှတ်ခဲ့တာ မရှင်းလင်းတာရှိရင် ဆရာတွေက သင်ကြားပေးပါတယ်၊ ဆရာတွေရဲ့ သင်ကြားပြသမှုတွေကို ဂရုတစိုက်လေ့လာကျက်မှတ်ခဲ့လို့ ယခုလိုအောင်မြင်ခဲ့ပါတယ်။ အင်္ဂလိပ်စာကိုတော့ အပြင်ကျူရှင်ယူပြီး လေ့လာတယ်။ အမေကလည်း သင်ပေးခဲ့ပါတယ်။ ဘာသာစုံဂုဏ်ထူးရခဲ့သဖြင့် ဘဝတက်လမ်းကို ဆက်လက်ကြိုးစားသွားပါမယ်။"

**အလားတူ နေပြည်တော်တပ်ကုန်းမြို့မှ တက္ကသိုလ်ဝင် စားမေးပွဲ ဖြေဆိုကြသူ အချို့၏ စကားသံကိုလည်း အောက်ပါအတိုင်း သိခဲ့ရပါတယ်။**

**မထက်ထက်ကျော်**
**(၄)ဘာသာဂုဏ်ထူးရှင်**
**မလှိုင်မြို့နယ်**

"သင်္ချာ၊ ဓာတု၊ ရူပနဲ့ ဇီဝဘာသာရပ်တွေ ဂုဏ်ထူးထွက်တာပါ။ ဒီထက်မျှော်လင့်ထားခဲ့ပေမယ့် ကျေနပ်ပါတယ်။ သင်ကြားရတဲ့ဘာသာရပ်တွေထဲမှာ သင်္ချာဘာသာကို စိတ်ဝင်စားဆုံးဖြစ်ပြီး အခက်ခဲဆုံးကတော့ ဓာတုဗေဒဘာသာပါ။ စာကျက်တဲ့အခါ အချိန်ဇယားနဲ့ အတိအကျကျက်ပြီး စာတွေကိုလည်း အမြဲအလွတ်ပြန်ရေးကြည့်လေ့ရှိပါတယ်။ ဆရာဝန်ဖြစ်ချင်ပြီး အမှတ်မီရင် ဆေးကျောင်းတက်ချင်ပါတယ်"

**မစိုးသက်ယု**
**အထက(၂) တပ်ကုန်းမြို့**

"အောင်စာရင်းမှာ နာမည်တွေ့လိုက်ရတော့ ဝမ်းသာတာ အတိုင်းထက်အလွန်ပဲ။ သမီးက ဒီနှစ်သုံးကြိမ်မြောက်ဖြေတာလေ။ အရင်နှစ်တွေက ကျတယ်။ မနှစ်ကတော့ ကျပေမယ့် အမှတ်စာရင်းတောင်းကြည့်ခဲ့တာ။ သင်္ချာနဲ့ ဇီဝကျတယ်။ ဒါကြောင့် ဒီနှစ်အားနည်းတဲ့ ဘာသာရပ်တွေကို ပိုပြီးအချိန်ပေး ကျက်မှတ်ခဲ့တာ။ ပထမဆုံးအကြိမ် စာမေးပွဲကျကတည်းက မအောင်မချင်းဖြေဖို့ ဆုံးဖြတ်ထားခဲ့တယ်။ အိမ်ကလည်း အားပေးတယ်လေ။ ကျပေမယ့် ဖိအားမပေးခဲ့ဘူး။ ဒီနှစ်က အောင်မယ်လို့ကို ယုံကြည်နေတာ။ ကွန်ပျူတာတက္ကသိုလ်တက်မယ်လို့ စိတ်ကူးထားပါတယ်။ ဒီနှစ်မှာ ကျရှုံးခဲ့တဲ့သူတွေကိုလည်း အားမလျှော့ဘဲ ဆက်ကြိုးစားဖို့ တိုက်တွန်းချင်ပါတယ်။"

**ဒေါ်သန်းသန်းအေး**
**ကျောင်းသားမိဘ**

"အိမ်ကကလေးက ဒီနှစ်တော့ အောင်တယ်။ ကျတာနှစ်နှစ်ရှိပြီလေ။ တစ်နှစ်ထက်တစ်နှစ် ကျောင်းသားစရိတ်က ပိုလာတယ်ဆိုပေမယ့် ပညာမတတ်ရင် ကိုယ့်လိုနေပူထဲမှာ အလုပ်လုပ်ရမှာစိုးလို့ ပညာရေးကို အားပေးခဲ့တာ။ အောင်တော့ အလွန်ဝမ်းသာတယ်။"

**မနန္ဒာဗိုလ်**
**အထက(၁) တပ်ကုန်းမြို့**

"စာမေးပွဲမှာကတည်းက အင်္ဂလိပ်စာနဲ့ ရူပဗေဒဘာသာရပ်ကို အားမရခဲ့တာ။ ဒီနှစ်ကျပေမယ့်နောက်နှစ်အတွက် အကောင်းဆုံး ပြင်ဆင်သွားမှာပါ။ ကျောင်းကြီးပြန်မတက်တော့ဘဲ အိမ်မှာပဲ လေ့လာဖို့စဉ်းစားထားပါတယ်။"

**ဒေါ်အမာစိန်**
**ကျောင်းသားမိဘ**

"သမီးက နှစ်ချင်းပေါက်အောင်တော့ ပျော်လွန်းလို့ ထမင်းတောင်မစားနိုင်ဘူး။ ကျွန်မတို့ မိဘတွေက ဆယ်တန်းမအောင်ခဲ့ဘူးလေ။ သမီးက အောင်ခဲ့တဲ့အပြင် ဂုဏ်ထူးနှစ်ဘာသာပါတယ်။ ကျွန်မကတော့ သူ့ကို ကျောင်းဆရာမလေး ဖြစ်စေချင်တယ်။ စာမေးပွဲ ဖြေတုန်းကတော့ ကျန်းမာရေးမကောင်းမှာလည်း စိတ်ပူရတယ်လေ။ ကျသွားရင်တစ်နှစ်ဆို ဆိုသလောက်ပဲကိုး။"

**မယမင်းသူ**
**(၂)ဘာသာဂုဏ်ထူးရှင်**
**အထက ရမည်းသင်း**

"ဖြေတုန်းက ရူပဗေဒနဲ့ ဇီဝဗေဒကို ဂုဏ်ထူးမှန်းခဲ့ပေမယ့် အောင်စာရင်းထွက်တော့ ဓာတုဗေဒနဲ့ ဇီဝဗေဒထွက်တာ။ အခုလို အောင်မြင်ခဲ့တော့ ဝမ်းသာကျေနပ်မိတယ်။ စာမေးပွဲဖြေနေတုန်းက နေမကောင်းခဲ့လို့ ဆန်ပြုတ်ပဲသောက်ရတော့ ခေါင်းတွေမူးပြီး ထင်သလောက်မဖြေနိုင်ခဲ့ဘူးလေ။ နေမကောင်းတော့ မဖြေတော့ဘူးလို့တောင် အတွေးဝင်ခဲ့ပေမယ့် နောက်နှစ်ထပ်ပြီး မပင်ပန်းချင်တော့လို့ ကြိုးစားဖြေခဲ့တာ။ ဒါကြောင့် ကျန်းမာရေးကလည်း အရေးကြီးတယ်။ မပေါ့ဆကြဖို့ အတွေ့အကြုံနဲ့ယှဉ်ပြီး ပြောပြချင်တာပါ။"

**မဇွန်ပွင့်ဖြူ**
**အထက(၁)တပ်ကုန်းမြို့**

"မနက်က အောင်စာရင်းထွက်ထွက်ချင်းလာမကြည့်ရဲလို့ ဖေဖေလာကြည့်ပေးတာ။ အောင်တယ်ဆိုတော့မှ ခုကိုယ်တိုင်လာကြည့်တာ။ ဖြေတုန်းက အင်္ဂလိပ်စာကို အားမရခဲ့တော့ ကျမှာကြောက်နေခဲ့တာ။ အောင်တော့ အတိုင်းမသိဝမ်းသာတယ်။ သူနာပြုတစ်ယောက်ဖြစ်အောင် ကြိုးစားသွားမယ်လို့ စိတ်ကူးထားပါတယ်။ ကျခဲ့တဲ့ သူငယ်ချင်းတွေကိုလည်း ကိုယ့်အားနည်းချက်ကို သိအောင်လုပ်ပြီး လိုအပ်ချက်အပေါ် ဖြည့်ဆည်းကြိုးစားသွားဖို့ အကြံပေးချင်ပါတယ်။"

**ဒေါ်စန်းစန်းမြင့်**
**ကျောင်းသားမိဘ**

"အိမ်မှာ တီဗီကြည့်မှာတို့၊ ဖုန်းသုံးတာတို့ လုပ်မှာစိုးလို့ ကိုယ်ပိုင်အတန်းကျောင်းမှာပဲ သမီးကို အပ်ခဲ့တာ။ ကလေးက လေးဘာသာဂုဏ်ထူးရတော့ ထားရကျိုးနပ်ပါတယ်။ သားသမီးတွေကို ပညာအမွေပဲပေးနိုင်တာမို့ ကြိုးစားလုပ်ဆောင်ပေးခဲ့တာပါ။ တကယ်ကို အားစိုက်ခဲ့ရပါတယ်။ ကလေးကို သူနှစ်သက်ရာ အသက်မွေးဝမ်းကျောင်းတက္ကသိုလ်တစ်ခုခုကိုတက်ခိုင်းမှာပါ။"

**ဦးတင်ဆင့်**
**မြို့နယ်ပညာရေးမှူး**
**တပ်ကုန်းမြို့နယ်**

"ဒီနှစ်တော့ ကျွန်တော်တို့ မြို့နယ်မှာ အများဆုံးလေးဘာသာဂုဏ်ထူးထွက်ပါတယ်။ မနှစ်ကတော့ နှစ်ဘာသာအများဆုံးပါ။ အများဆုံးဂုဏ်ထူးထွက်တဲ့ ဘာသာရပ်ကတော့ ဇီဝဗေဒဘာသာရပ်ပါ။ ၃၆ ဦး ရှိပါတယ်။ မနှစ်ကထက် အောင်ချက်ရာခိုင်နှုန်းလည်းကောင်းလာပါတယ်။ အောင်တဲ့ တပည့်တွေအတွက် ပျော်ရွှင်ရသလို ကျခဲ့တဲ့တပည့်တွေကိုလည်း တစ်နှစ်တလေကျတာ ဘဝမဆုံးပါဘူး။ နောက်နှစ် နောက်နှစ်တွေ မှာ အောင်မှာပါ။ အရှုံးထဲကနေ အားယူကြိုးစားဖို့ပဲလိုပါတယ်။"

၂၀၁၅ခုနှစ်အတွက် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းရလဒ်များအပေါ် ဝမ်းသာကြရသူများအတွက် ထပ်တူဂုဏ်ယူဝမ်းမြောက်ရပါကြောင်းနှင့် ကျဆုံးသူများအတွက်လည်း အခွင့်အရေးရှိနေပါသေးသည့်အတွက် အားသစ်လောင်းကြိုးစားကြစေလိုပါကြောင်းဖြင့် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။



မနန္ဒာဗိုလ်



ဒေါ်အမာစိန်



မယမင်းသူ



မဇွန်ပွင့်ဖြူ



ဒေါ်စန်းစန်းမြင့်

# အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နယ်မြေချင်း ဖလှယ်မည်



**ဒါကာ ဇွန် ၆**

ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တရားဝင်ခရီးစဉ်အဖြစ် ရောက်ရှိလာသော အိန္ဒိယဝန်ကြီးချုပ် နရိန္ဒြာမိုဒီကို ဝန်ကြီးချုပ် ရှိတ်ဟာဆီနာက ဒါကာမြို့ ရှရှိဂျာလာ နိုင်ငံတကာလေဆိပ်၌ စနေနေ့တွင် အခမ်းအနားဖြင့် ကြိုဆိုခဲ့သည်။

အိန္ဒိယနိုင်ငံအတွင်း ကျရောက်နေသော ဘင်္ဂလားဒေ့ရှ်ပိုင်နယ်မြေနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း ကျရောက်နေသော အိန္ဒိယပိုင်နယ်မြေ စုစုပေါင်း ၁၅၀ ကို အလဲအလှယ် ပြုလုပ်ခြင်းဖြင့် နှစ်နိုင်ငံနယ်နိမိတ်ကို ရှင်းလင်းတိကျစေမည့် သဘောတူညီချက်များကို နှစ်နိုင်ငံ တာဝန်ရှိသူများက လက်မှတ်ရေးထိုးကြမည်ဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်ပြည်သူ ထောင်ပေါင်းများစွာ နေထိုင်သည့်နယ်မြေ ၅၀ ကျော် အိန္ဒိယနိုင်ငံအတွင်း ကျရောက်နေပြီး အိန္ဒိယနိုင်ငံသားများ နေထိုင်သည့် နယ်မြေ ၁၀၀ ခန့်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း ကျရောက်လျက်ရှိသည်။

ယင်းနှစ်နိုင်ငံသည် ယခုအခါ နယ်မြေချင်းဖလှယ်ကြမည်ဖြစ်ပြီး ယင်းနယ်များ၌ နေထိုင်သူများသည် ၎င်းတို့ နေထိုင်မည့်နေရာကို ၎င်းတို့ကိုယ်တိုင်ရွေးချယ်နိုင်သည်။

အဆိုပါ သဘောတူညီချက်သည် အိမ်နီးချင်းနှစ်နိုင်ငံ ဆက်ဆံရေးတွင် သမိုင်းမှတ်တိုင်တစ်ခုဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီး အဘူဟာဆန်မာမွတ်အလီက ပြောသည်။

နှစ်နိုင်ငံ နယ်စပ်တစ်လျှောက် လုံခြုံရေးနှင့် ကုန်သွယ်ရေးတိုးမြှင့်ရန် သဘောတူညီချက်များ၊ လူကုန်ကူးမှု တိုက်ဖျက်ရန် သဘောတူညီချက်များကိုလည်း လက်မှတ်ရေးထိုးကြမည်ဟု ၎င်းက ပြောကြားသည်။

**ရိုက်တာ။**

# တန်ဇန်းနီးယားနိုင်ငံ၌ ပထမဆုံးသော မိဘမဲ့ဆင်ငယ်ကလေးများ ပြုစုစောင့်ရှောက်ရေးဂေဟာ ဖွင့်လှစ်မည်



**အာရူရှာ (တန်ဇန်းနီးယား) ဇွန် ၆**

တန်ဇန်းနီးယားနိုင်ငံက ပထမဆုံးသော မိဘမဲ့ဆင်ငယ်ကလေးများ ပြုစုစောင့်ရှောက်ရေး ဂေဟာကို နိုင်ငံမြောက်ပိုင်းရှိ အာရူရှာဒေသ၌ စတင်ဖွင့်လှစ်ရန် မျှော်မှန်းထားကြောင်း သိရသည်။ တန်ဇန်းနီးယား သဘာဝအရင်းအမြစ်နှင့် ခရီးသွားလုပ်ငန်းဝန်ကြီး လာဇာရိုညာလန်ဒူက အဆိုပါဂေဟာကို လာမည့်ရက်သတ္တပတ်အတွင်း ဆင်ငယ် ၅၂ ကောင်ဖြင့် စတင်ဖွင့်လှစ်မည်ဟု ပြောကြားသည်။

ဆင်စွယ်များ ရရှိရန်အလို့ငှာ ဆင်များကို တရားမဝင်ဖမ်းယူမှုကြောင့် မိခင်ဆင်များ သတ်ဖြတ်ခံရပြီး ဆင်ငယ်ကလေးများမှာ စောင့်ကြပ်မှု၊ ကာကွယ်စောင့်ရှောက်မှုမရှိဘဲ တောအတွင်းလှည့်လည်သွားလာရကြောင်း၊ အသက်ဆက်လက် ရှင်သန်ရန် မိခင်နို့ကို မသောက်သုံးရသောကြောင့် ဆင်ငယ်ကလေးများမှာ တဖြည်းဖြည်း အခြေအနေယိုယွင်းလာပြီး သေမည့်အချိန်ကို စောင့်ဆိုင်းနေသလို ဖြစ်လာကြောင်း သူကဆိုသည်။ ဆင်ငယ်တစ်ကောင်ထားရှိရန် အခန်းတစ်ခန်းအတွင်း ကန့်ထားသောအခန်းငယ် ၅၀ ထက်မနည်းခဲ့ထားသည့် အဆောက်အအုံတွင် နူးညံ့သောလွှစာမှုန့်ခင်းထားသည့် ကြမ်းပြင်များနှင့် အထူးပြုလုပ်ထားသော အိပ်ရာခင်းများ ပါရှိမည်ဖြစ်သည်။ ဆင်ငယ်ကလေးများကို အထူးအစားအသောက်များ ကျွေးမွေးမည်ဖြစ်ပြီး ပြုစုပျိုးထောင်ထားသည့် ကာလတစ်လျှောက် နို့အစစ်များ တိုက်ကျွေးမည်ဖြစ်သည်။

တောအတွင်း ပြန်လည်စေလွှတ်ရန် အဆင်သင့်ဖြစ်သည့်အချိန်ထိ ယင်းဂေဟာက ဆင်ငယ်ကလေးများကို ပြုစုစောင့်ရှောက်မည်ဖြစ်သည်။ အဆိုပါ ဂေဟာကို အာဖရိကဆင်များကို ကယ်တင်ရန် အဓိကရည်မှန်းချက်ထားရှိသည့် တန်ဇန်းနီးယား အကျိုးအမြတ်မဟုတ်သော အဖွဲ့အစည်းတစ်ခုဖြစ်သည့် အာဖရိက သားရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က တာဝန်ယူ ဆောင်ရွက်မည်ဖြစ်သည်။ "တန်ဇန်းနီးယားနိုင်ငံက ဒီလိုဂေဟာဖွင့်လှစ်တဲ့ ပထမဆုံးတိုင်းပြည်မဟုတ်ပါဘူး။ ကျွန်တော်တို့ရဲ့ အိမ်နီးချင်းဖြစ်တဲ့ ကင်ညာနိုင်ငံက ဆင်စောင့်ရှောက်ရေးဂေဟာတစ်ခုကို ပထမဆုံး တည်ထောင်ခဲ့တာပါ။ ဒီစီမံကိန်းက ယာယီစီမံကိန်းတစ်ခုပါ။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့နိုင်ငံက ၂၀၃၀ ခုနှစ်ရောက်ရင် မူလရှိတဲ့ ဆင်ကောင်ရေ တစ်သိန်းထိ ပြန်လည်ဖြည့်တင်းဖို့ ဆောင်ရွက်နေလို့ပါ"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဆင်ပြုစုစောင့်ရှောက်ရေးဂေဟာ တည်ထောင်ရေးစီမံကိန်းမှာ တန်ဇန်းနီးယားနိုင်ငံသည် ပြီးခဲ့သည့်ငါးနှစ်အတွင်း ဆင်ကောင်ရေ ၆၀၀၀၀ ကျော် ပျောက်ဆုံးခဲ့ပြီး အများစုမှာ နိုင်ငံအား ဒုက္ခပေးနေသည့် ခိုး၍ဖမ်းဆီးမှုများကြောင့် ဖြစ်ဖွယ်ရှိကြောင်း၊ သတ်ဖြတ်ခံခဲ့ရသည့် ဆင်များက ပိုင်ရှင်မဲ့ဆင်ငယ်ကလေးများ ချန်ရစ်ခဲ့သည်ဟူသော သတင်းများကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ၂၀၁၄ ခုနှစ်က ပြုလုပ်ခဲ့သည့် နောက်ဆုံးသားရိုင်းတိရစ္ဆာန် သန်းခေါင်စာရင်းတွင် တန်ဇန်းနီးယားနိုင်ငံ၌ ၂၀၀၉ ခုနှစ်တွင်ရှိသော ဆင်ကောင်ရေ ၁၀၉၀၅၁ ကောင်နှင့် နှိုင်းယှဉ်ကြည့်ပါက စုစုပေါင်းဆင်ကောင်ရေ ၄၃၅၂၁ ကောင်သာရှိတော့ကြောင်း သိရသည်။

**ဆင်ဟွာ။**

# ရုရှားနိုင်ငံသို့ မှောင်ခိုကူးမည့် ဆီးရီးယားအနုပညာလက်ရာပစ္စည်းများကို ဖင်လန်အကောက်ခွန်က ကြားဖြတ်ဟန့်တားနိုင်ခဲ့

**ဟယ်လ်ဆင်ကီး ဇွန် ၆**

ဖင်လန်အကောက်ခွန်က အိုက်အက်စ်အဖွဲ့၏ ဆီးရီးယားနိုင်ငံမှ တိုက်ခိုက်လုယက်ထားသည့် ရှေးဟောင်းအနုပညာလက်ရာပစ္စည်းများကို မှောင်ခိုကူးရန်ကြိုးပမ်းသူများအား ကြားဖြတ်ဟန့်တားခဲ့သည်ဟု နိုင်ငံပိုင်အသံလွှင့်ဌာန ယီးလ်က ဇွန် ၆ ရက်တွင် ပြောကြားသည်။

ရုရှားနိုင်ငံနှင့် နယ်နိမိတ်ထိစပ်နေသည့် ဖင်လန်နိုင်ငံအရှေ့တောင်ပိုင်းတွင် သိမ်းဆည်းရမိခဲ့သော အနုပညာလက်ရာပစ္စည်းများတွင် တန်ဖိုးအရှိဆုံးတစ်ခုဖြစ်သည့် ၁၄၀၀ ပြည့်နှစ်များက အော်တိုမန် အင်ပါယာလက်ထက်တွင် ပြုလုပ်ထားသော ရွှေပြားတစ်ခု ပါဝင်ကြောင်း သိရသည်။ အိုင်အက်စ်တို့က အဆိုပါရွှေပြားကို ဆီးရီးယားနိုင်ငံရှိ ဝတ်ပြုကျောင်းတစ်ခုမှ တိုက်ခိုက်လုယက်ခဲ့ခြင်းဖြစ်သည်။

အိုင်အက်စ်တို့၏ ဘဏ္ဍာငွေရှာဖွေရေး နည်းလမ်းများအနက် အနုပညာလက်ရာပစ္စည်းများ ခိုးယူခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

ယခုနှစ် နွေဦးရာသီတွင် အကောက်ခွန်အရာရှိများက ကြားဖြတ်ဟန့်တားခဲ့သော တရားမဝင်ကုန်ပစ္စည်းအများစုမှာ ဖင်လန်နိုင်ငံမှတစ်ဆင့် ရုရှားနိုင်ငံသို့သွားသည့် လမ်းကြောင်းမှ ဝင်ရောက်လာကြောင်း သိရသည်။

ဖင်လန်အကောက်ခွန်က စာရွက်စာတမ်းအတုများ၊ ပစ္စည်းတန်ဖိုးအတုများနှင့် ကုန်ပစ္စည်းစာရင်းအတုများ စစ်ဆေးတွေ့ရှိမှုကြောင့် အနုပညာလက်ရာပစ္စည်းများမှောင်ခိုကူးမှုသည် ကျွမ်းကျင်ပိုင်နိုင်စွာ စီစဉ်ထားသော လုပ်ဆောင်ချက်တစ်ရပ်ဖြစ်သည်ဟု ယူဆထားကြသည်။

ဖင်လန်အကောက်ခွန်က ဆီးရီးယားအနုပညာလက်ရာပစ္စည်းများ၏ ဇာစ်မြစ်ကို စုံစမ်းစစ်ဆေးရာတွင် အကူအညီပေးအပ်ရန် ဗဟိုရာဇဝတ်မှုတိုက်ဖျက်ရေးရဲတပ်ဖွဲ့ကို တောင်းဆိုထားကြောင်းသိရသည်။ **ဆင်ဟွာ။**

# တရုတ်နိုင်ငံ၌ နစ်မြုပ်ခဲ့သောသင်္ဘောကို ဆယ်တင်နိုင်ပြီး ၃၃၁ ဦးသေဆုံးသည်ဟု အတည်ပြု

**ပေကျင်း ဇွန် ၆**

တရုတ်နိုင်ငံ အလယ်ပိုင်း၌ နစ်မြုပ်ခဲ့သော အပျော်စီးသင်္ဘောကို ဆယ်တင်ရရှိပြီဖြစ်ကြောင်း၊ ဇွန် ၆ ရက် နံနက် ၈ နာရီစာရင်းအရ စုစုပေါင်း ၃၃၁ ဦး သေဆုံးသည်ဟု တာဝန်ရှိသူများက အတည်ပြုကြောင်း နိုင်ငံပိုင် ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

"အရှေ့တိုင်းကြယ်ပွင့်" အမည်ရှိ သင်္ဘောသည် ဇွန် ၁ ရက်က ယန်စီမြစ်အတွင်း မုန်တိုင်းမိကာ ရုတ်တရက် နစ်မြုပ်ခဲ့ရာတွင် လိုက်ပါလာသူ ၄၅၆ ဦးအနက် ၁၄ ဦးသာ အသက်ရှင်သန် လွတ်မြောက်ခဲ့သည်ဟု တာဝန်ရှိသူများက အတည်ပြုကြသည်။ တရုတ်နိုင်ငံ၌ နှစ်ပေါင်း ၇၀ နီးပါးကြာကာလအတွင်း အဆိုးရွားဆုံးသော ရေကြောင်းဥပဒ်ဆိုက်ရောက်မှုဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။ ဆယ်ယူရရှိသော ရုပ်အလောင်းများအရ သေဆုံးသူဦးရေကို အတည်ပြုပေးလျက်ရှိကြောင်း နိုင်ငံပိုင်စီစီတီဗွီ သတင်းဌာနက သတင်းထုတ်ပြန်သည်။

အသက်ရှင်ကျန်ရစ်သူများကို ထပ်မံတွေ့ရှိရန် မျှော်လင့်ချက်နည်းပါးကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ကယ်ဆယ်ရေးအဖွဲ့သည် ဟူပေပြည်နယ်၏ ကျန်းလီစီရင်စု၌ နစ်မြုပ်ခဲ့သော အဆိုပါသင်္ဘောကို ဇွန် ၄ရက်က ကရိန်းများအသုံးပြု၍ ဆွဲတင်ရယူနိုင်ခဲ့သည်။

သင်္ဘောပေါ်လိုက်ပါလာသူအများစုမှာ အသက် ၆၀ ကျော်အရွယ်ရှိ ကမ္ဘာလှည့်ခရီးသည်များ ဖြစ်ကြသည်။

**ဆင်ဟွာ။**



## ရုပ်မြင်သံကြားအစီအစဉ်များ

၇ - ၆ - ၂၀၁၅ (တနင်္ဂနွေနေ့)

### မြန်မာ့ရုပ်မြင်သံကြား News Channel

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ပရိတ်တရားတော်
၆း၂၀ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၁၀း၃၅ Hight Light (28th SEA Games) (Part-1)
၁၁း၃၅ Hight Light (28th SEA Games) (Part-2)
၁၂း၅၀ ဖြူ/မဲရုပ်ရှင် "ကလောအလွန်တစ်ဘူတာငယ်" (ပထမပိုင်း)
၃း၃၅ ဖြူ/မဲရုပ်ရှင် "ကလောအလွန်တစ်ဘူတာဝယ်" (ဒုတိယပိုင်း)
၄း၃၅ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာပို့ချချက်
-ပထမနှစ်(ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာအထူးပြုများ)(ရူပဗေဒ)
၅း၃၅ ပြည်သူတို့ရဲ့စကားသံများ
၆း၃၅ ၂၀၁၅ ခုနှစ် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ(ဘောလုံးပြိုင်ပွဲ) တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (မြန်မာယူ-၂၃ အသင်းနှင့် ဖိလစ်ပိုင်ယူ-၂၃ အသင်း)
-Tasty Trip
-ဆိုကြမယ်၊ ပျော်ကြမယ်

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀ အဖွင့်
- အလင်္ကာဝတ်ရည်မြန်မာမှုတေးဂီတအဖွဲ့ဖျော်ဖြေမှုအစီအစဉ် (အပိုင်း-၂၀)
၆း၂၀ မြန်မာဗီဒီယိုဇာတ်လမ်း "ကျွန်တော်မသိလိုက်တဲ့အချစ်" (အောင်ရဲလင်း၊မိုးဟေကို၊ ရတနာမိုင်) (ဒါရိုက်တာ-ကြည်ဖြူသျှင်)
၈း၀၀ "ကြိုးဝိုင်းရှိုက်သံ" (မြင့်မြတ်၊ ကျော်ကျော်ဗို၊ အိချောပို) (ဒါရိုက်တာ-ဝင်းထွန်းထွန်း)
၈း၃၀ တေးဂီတအစီအစဉ်
၈း၅၀ ပြည်သူ့နီတိ "အဖြည့်ခံနှလုံးသား"
၉း၁၀ ဆိုကြမယ်၊ ပျော်ကြမယ်
၁၀း၁၅ မြန်မာရုပ်ရှင်(ဆေးရောင်စုံ) "ဇော်ကကနေသည်"

**ညပိုင်း**

**၆း၃၅ ၂၀၁၅ ခုနှစ် (၂၈)ကြိမ်မြောက်အရှေ့တောင်အာရှအားကစား ပြိုင်ပွဲ (ဘောလုံးပြိုင်ပွဲ)(မြန်မာယူ-၂၃ အသင်းနှင့် ဖိလစ်ပိုင်ယူ -၂၃ အသင်း)**

**တစ်နေ့ (၆) နာရီစာ (၄) ကြိမ် ပြသပါမည်။**

### မြဝတီ

၆း၀၃ တရားတော်
၆း၁၅ မေတ္တာပို့
၆း၂၅ ဓမ္မပူဇာတေး
၆း၃၀ ကိုယ်လက်လှုပ်ရှားအားကစား
၆း၃၅ မျိုးချစ်တပ်မတော်
၈း၁၅ စိုက်ပျိုးသုတ
၈း၂၅ DVD Hits
၈း၃၅ အင်္ဂလိပ်စာသုတ
၈း၅၅ မြန်မာပြည်တွင်ထုတ်လုပ်သည်
၁၁း၀၀ English For Myanmar
၁၂း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ကျွန်တော်တို့မိသားစု
၁၃း၁၉ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- စက်ရုပ်ချစ်သူ (အပိုင်း-၂၅)
၄း၂၅ လျှပ်တစ်ပြက်
၄း၃၅ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၄း၅၅ မြဝတီရုပ်မြင်သံကြားမင်္ဂလာဇင်းကဏ္ဍ
၅း၀၀ သာယာသီကြွေးခေတ်ဆန်းတေး
၅း၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ဂါလီမာ (အပိုင်း-၃၃)
၅း၄၀ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
၆း၁၀ ဘဝကြေးမုံ
၆း၃၅ လူစွန့်စားခရီးသွားနေသည်
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ရာဇဝင်ထဲကတော်ဝင်သမားတော် (အပိုင်း-၅၁)
- VOA အင်္ဂလိပ်စာသင်ခန်းစာ
- ပဟေဠိနန်းတော်
- ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မေတ္တာဖွဲ့ကြိုး (အပိုင်း-၅၄)

### MRTV - 4

၅း၀၀ ပဌာန်းပါဠိတော် +ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၈း၄၀ Cartoon Series (Go Torara Go)
၉း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိုအေစစ်ကမ္ဘာလေး" (အပိုင်း-၉၁)
၁၀း၀၀ ခေတ်သစ်ပျိုမေ
၁၀း၅၀ ရန်ကုန်မြင်ကွင်းကျယ်
၁၁း၀၀ Star တို့ရဲ့လက်ရာ
၁၁း၂၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ထာဝရမန္တလေး" (အပိုင်း-၃၉+၄၀)
၁၂း၅၀ ရန်ကုန်မြင်ကွင်းကျယ်
၁း၀၀ "ပျော်နိုင်ပါလျက် ပျော်ဖို့မေ့နေသူများ" တရားတော် (ကမ္ဘာ့ဗုဒ္ဓသာသနာပြု အောက်စ်ဖို့ဒ် ဆရာတော် ပါမောက္ခ ဒေါက်တာအရှင်ဓမ္မသာမိ)
၂း၂၀ Thai Fight
၃း၀၅ MRTV-၄ ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ပန်းလိပ်ပြာ" (အပိုင်း-၃၃)
၄း၀၀ ဆင်းရဲနွမ်းပါးမှုကင်းဝေးဖို့ သစ်မွေးစိုက်ကြစို့
၅း၀၀ အတွေးမျှဉ်းပြိုင်များ
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ပန်းလိပ်ပြာ" (အပိုင်း-၃၄)
၇း၁၅ Fashion Week
၇း၄၅ Thai Fight
၈း၃၀ Weekly Sports Diary
၈း၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိုအေစစ်ကမ္ဘာလေး" (အပိုင်း-၉၂)
၁၀း၀၀ Sunday Talk (ဦးကျော်ကျော်လှိုင်၊ မျိုးမြတ်သူ)
၁၀း၄၀ MRTV-4 Stage
၁၁း၂၅ လောင်မြိုက်ခြင်း၏ ကမ်းတစ်ဖက်

## အိပ်မက်ဆိုးတွေပါ သယ်လာမယ့် ဒစ်စနေရုပ်ရှင်သစ်



ကလေးသူငယ်များ စွဲမက်နှစ်ခြိုက်သည့် ရုပ်ရှင်ဇာတ်လမ်းပေါင်းများစွာကို ဖန်တီးပေးနေသော ဒစ်စနေရုပ်ရှင်ထုတ်လုပ်ရေးက သူ၏ နောက်ထွက်ရှိမည့် ရုပ်ရှင်သည် ၁၉၄၀ က ထုတ်လွှင့်ခဲ့သော ရုပ်သံဖန်တီးမှုဇာတ်လမ်း Fantasia ကို ပြန်လည်ဆန်းသစ်မည်ဖြစ်ပြီး ကြောက်ရွံ့ထိတ်လန့်ဖွယ်ပုံရိပ်များဖြင့် ဖန်တီးထားသည့်အတွက် စိတ်ထဲတွင် စွဲထင်ကာ အိပ်မက်ဆိုးများပင် မြင်မက်မိပါလိမ့်မည်ဟု ထုတ်ဖော်ပြောဆိုခဲ့သည်။

အဆိုပါ ရုပ်ပုံလှုပ်ရှားမှုရုပ်ရှင်ကို Night on Bald Mountain ဟု အမည်ပေးထားပြီး Chernabog ဟု အမည်ရသော အတောင်ပါသည့် ထိတ်လန့်ကြောက်ရွံ့စရာ သတ္တဝါကြီးတစ်ကောင်အပေါ် ဇာတ်အိမ်တည်ထားသည်။ အဆိုပါ သတ္တဝါကြီးသည် သင်္ချိုင်းမြေမှ အလောင်းများကိုဖော်ကာ အသက်သွင်းလေ့ရှိပြီး အဆိုပါ ဝိညာဉ်များ၏ လှုပ်ရှားမှုများနှင့် ကောင်းကင်ပေါ်မှ ပြေးလွှားကခုန်နေပုံများကိုလည်း ထိတ်လန့်ကြောက်ရွံ့ဖွယ် ဖန်တီးပုံဖော်ထားသည်။

ဒစ်စနေ၏ ထွက်ရှိသမျှသော ရုပ်ရှင်များတွင် ပရိသတ်အခိုင်အမာရရှိခဲ့သော ရုပ်ရှင်များမှာ Cinderella, Maleficent, Beauty and the Beast, Mulan, Winne the Pooh, The Jungle Book, Alice in Wonderland, Tinker Bell နှင့် Dumbo တို့ဖြစ်ကြသည်။

**အေးပြည့်**

## ထူးချွန်အမျိုးသမီးများအား ပေးအပ်သောဆု ရုပ်သေးဝက်မကလေး ရရှိ



ရုပ်သေးရုပ် ဝက်ကလေးဟာ မေ ၄ရက် (ကြာသပတေး)က နယူးယောက်မြို့ ဘရွတ်ကလင်းပြတိုက်တွင် ကျင်းပခဲ့သော အဲလစ်စဘတ်အေစကဲလာစင်တာမှ အမျိုးသမီးများကို ဂုဏ်ပြုချီးမြှင့်လေ့ရှိသည့် Feminist Award ကိုရရှိသွားခဲ့သည်။

ထို Sackler Center Feminist Award ဆုသည် အတားအဆီးအခက်အခဲများကို အောင်မြင်စွာကျော်လွှားနိုင်သည့် အမျိုးသမီးစွမ်းဆောင်ရှင်များကို နှစ်စဉ်ချီးမြှင့်လေ့ရှိသည့် ဆုဖြစ်ပြီး ယခုနှစ်တွင် ရုပ်သေးရုပ်ကလေးဖြစ်သည့် အလှမယ်ဝက်ကလေးကို ပထမဆုံးပေးအပ်ခြင်းလည်း ဖြစ်သည်။

၁၉၇၄ ခုနှစ်တွင် ဂျင်ဟန်စင်၏ ရုပ်သေးပြပွဲမှ စတင်လူကြိုက်များလာခဲ့သော အလှမယ်ဝက်ကလေးအား ဆုပေးဖြစ်ပုံအကြောင်းနှင့်စပ်လျဉ်း၍ ဆုရွေးချယ်ရေးအဖွဲ့မှ တာဝန်ရှိသည့် အဲလစ်စဘတ်စကဲလာက "ဒီရုပ်သေးဇာတ်ကောင်လေးက စိတ်ထားကောင်းတယ်။ ကိုယ့်အဖွဲ့အစည်း အသိုင်းအဝိုင်း ပတ်ဝန်းကျင်အပေါ်ကောင်းကျိုးပြုတယ်။ ပြီးတော့ သူက စိတ်ဓာတ်ကြံ့ခိုင်တယ်။ ဆုံးဖြတ်ချက် ပြတ်သားတယ်" ဟု ဖြေကြားသွားခဲ့သည်။

Sackler Center Feminist Award ဆုကို သတင်းစာဆရာ ကနီချန်၊ စာရေးဆရာ တိုနီမိုရစ်ဆင်နှင့် တရားသူကြီးချုပ်ဆန်ဒရာဒေးအိုကော်နာတို့ရရှိခဲ့ပြီးဖြစ်သည်။

**ဆုမြတ်**

## ဆယ်လီနာဂိုမက်ဇ်ဖွင့်ပြောလာတဲ့ သူ့ရဲ့အမှန်တရား



အမေရိကန်ပေါ့ပ်အဆိုတော် ဆယ်လီနာဂိုမက်ဇ်က သူ၏ရင်ထဲတွင် လျှို့ဝှက်ချက်များစွာကို သိမ်းဆည်းထားခဲ့ရပြီး အဆိုပါ ဖုံးကွယ်ထားသော အလိမ်အညာများကို ထိန်းသိမ်းနေရ၍ ပင်ပန်းနေပြီဖြစ်ကာ အမှန်တရားများကို မကြာမီ ထုတ်ဖော်ပြောသွားရန် အဆင်သင့်ဖြစ်နေပြီဟု သူ၏ အင်စတာဂရမ်စာမျက်နှာပေါ်တွင် ဖော်ပြထားခဲ့သည်။

ဆယ်လီနာသည် သောကြာနေ့က ငါ့ရဲ့ သရုပ်မှန်ကို ဖွင့်ပြောတော့မည်ဟု အဓိပ္ပာယ်ရသည့် " I want to claim my own name" ဟူသော စာတန်းပါသည့် ဓာတ်ပုံကို အင်တာနက်စာမျက်နှာပေါ်တွင် ဖော်ပြခဲ့သည့်အတွက် ပရိသတ်များ၏ အာရုံကို ဖမ်းစားထားနိုင်ခဲ့သည်။

သူက "တစ်ခါတလေ ကိုယ့်အကြောင်း မဟုတ်ကဟုတ်က ပြောတာကြားရင် စိတ်ရှုပ်တယ်။ အင်တာနက်က ခေတ်မီစေတာတော့မှန်တယ်။ ဒါပေမယ့် တစ်ခါတစ်ခါ အဟောင်းတွေကို အသစ်ပြန်ဖြစ်စေတယ်" ဟု ဆိုခဲ့သည်။

ဆက်လက်၍ သိမ်းဆည်းထားခဲ့သော လျှို့ဝှက်ချက်များကို သူ၏ တေးအယ်လ်ဘမ်သစ်တွင် ဖွင့်ဟသွားမည်ဖြစ်ကာ အဆိုပါ တေးအယ်လ်ဘမ်ကို "TRUTH" ဟု အမည်ပေးထားပြီး မကြာမီ ထုတ်လွှင့်ပြသနိုင်တော့မည်ဖြစ်ကြောင်းလည်း ဆယ်လီနာက Google Hangout တွင် ဖွင့်ချခဲ့သည်။

ဆယ်လီနာဂိုမက်ဇ်သည် ယခုလတ်တလောတွင် မက္ကဆီကိုနိုင်ငံတွင် အဆိုပါ တေးအယ်လ်ဘမ်အတွက် အသံသွင်းခြင်းလုပ်ငန်းများ လုပ်ဆောင်နေပြီး ယခုသီချင်းသည် သူလုပ်ခဲ့သမျှသော အနုပညာလုပ်ငန်းများအနက် အကောင်းဆုံးဖြစ်ကြောင်းလည်း ဆိုခဲ့သေးသည်။

**အေးပြည့်**

SINGAPORE 2015 28th SEA GAMES

# (၂၈)ကြိမ်မြောက် စင်ကာပူ ဆီးဂိမ်းပုံရိပ်များ

မြန်မာနိုင်ငံကလက်ခံကျင်းပခဲ့သော (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် မပါဝင်ခဲ့သော်လည်း ယခုနှစ်တွင် ထပ်မံထည့်သွင်းယှဉ်ပြိုင်ခွင့်ရခဲ့သော အားကစားနည်းသစ် ငါးမျိုးကို ကြေးမုံပရိသတ်ကြီးထံ ဝေမျှလိုက်ရပါသည် . . . .

## (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပွဲတော်တွင် ထပ်မံထည့်သွင်းယှဉ်ပြိုင်ခဲ့သော အားကစားနည်းသစ်များ

ခင်ခင်သက်


Netball


Floorball

Photo: ST


အလှပြရေကူး


ရေကူး၊ အပြေးနှင့် စက်ဘီးစီးပြိုင်ပွဲ


စကွပ်ရှ်

## မြန်မာ ယူ - ၂၃ နောက်ခံလူ ဝင်းဇင်ဦး ဒဏ်ရာကြောင့် တစ်လခွဲခန့် အနားယူရမည်

စင်ကာပူအား အနိုင်ရခဲ့သည့် ပွဲတွင်ဂိုးမပေးရရေးအတွက် အနာခံကြိုးပမ်းပေးခဲ့သည့် မြန်မာယူ-၂၃ အသင်းခံစစ်မှူး ဝင်းဇင်ဦးသည် ယနေ့ဆေးစစ်ချက်အရ ညာခြေကျိုးသွားကြောင်း သိရသည်။ ဧယျာရွှေမြေအသင်းနောက်ခံလူလည်းဖြစ်သော ဝင်းဇင်ဦးသည် ခြောက်ပတ်ခန့် အနားယူရမည်ဖြစ်သည်။

စင်ကာပူနိုင်ငံတွင် ကျင်းပလျက်ရှိသော (၂၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ အုပ်စုဒုတိယပွဲစဉ်အဖြစ် မြန်မာယူ-၂၃ အသင်းနှင့် အိမ်ရှင်စင်ကာပူ ယူ-၂၃ အသင်းတို့ယှဉ်ပြိုင်ကစားခဲ့သော အမျိုးသားဘောလုံးပြိုင်ပွဲတွင် စင်ကာပူအသင်းအား ဂိုးမပေးရရေးအတွက် ကြိုးပမ်းကာကွယ်ခဲ့သည့် မြန်မာယူ-၂၃ နောက်တန်းကစားသမား ဝင်းဇင်ဦးသည် ဒဏ်ရာကြောင့် လူစားလဲခဲ့ရပြီး ယနေ့ဆေးစစ်ချက်အရ ညာခြေချောင်းကျိုးသွားခဲ့ကာ ခြောက်ပတ်ခန့် အနားယူရမည်ဖြစ်ကြောင်းနှင့် စင်ကာပူနိုင်ငံရှိ Mount Elizabeth Medical Center ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိကြောင်း Myanmar Football Federation မှ သိရသည်။ **(အောင်ကျော်ဝင်း)**



## မြန်မာအသင်း ဇွန် ၆ ရက်တွင် ဆုတံဆိပ်လေးဆု စတင်ရရှိ

ဆီးဂိမ်းပြိုင်ပွဲများ ဆက်လက်ကျင်းပလျက်ရှိရာ ဇွန် ၆ ရက် နံနက်ပိုင်းတွင် မြန်မာအသင်းသည် အမျိုးသားအဖွဲ့လိုက် မီတာ ၁၀၀၀ C2 လှေလှော်ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ဆုနှင့် K4 လှေလှော် ပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ဆု၊အမျိုးသားတစ်ဦးချင်း မီတာ၁၀၀၀ C1 လှေလှော် ပြိုင်ပွဲတွင် သန့်ဇင်ဦးက ငွေတံဆိပ်တစ်ဆုနှင့် K4 ပြိုင်ပွဲတွင် အောင်မျိုးသူက ကြေးတံဆိပ်တစ်ဆု ဆွတ်ခူးပေးနိုင်ခဲ့ကြောင်း သိရသည်။

ယင်းဆုများမှာ ယခုနှစ်ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာနိုင်ငံအတွက် ပထမဆုံးဆွတ်ခူးရရှိခဲ့သော ဆုတံဆိပ်များဖြစ်သည်။

**[မေလှဲ့သင်း]**

## ယခုနှစ် အုပ်စု(က)တွင် မထင်မှတ်ထားသည့်အသင်းများ အကြိုဗိုလ်လုပွဲတက်ရန် အလားအလာကောင်းနေဟု စင်ကာပူမီဒီယာများဖော်ပြ

ဆီးဂိမ်း အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု(က)တွင် စင်ကာပူ၊ အင်ဒိုနီးရှား၊ မြန်မာ၊ ကမ္ဘောဒီးယားနှင့် ဖိလစ်ပိုင်တို့ ပါဝင်နေကြရာ မူလကအဆိုပါအုပ်စုတွင် အိမ်ရှင်စင်ကာပူနှင့် ၂၀၁၃ ငွေတံဆိပ်ဆုရ အင်ဒိုနီးရှားတို့မှာ အကြိုဗိုလ်လုပွဲသို့တက်ရောက်နိုင်ရန် အလားအလာအရှိဆုံး အသင်းနှစ်သင်းဟု ဒေသတွင်း ဘောလုံးကျွမ်းကျင်သူများက ခန့်မှန်းပေးထားသည်။

သို့သော် အုပ်စု(က)ပွဲစဉ်များ တစ်ဝက်နီးပါးခန့် ကစားပြီးချိန်တွင် မြန်မာအသင်းက အဆိုပါအုပ်စုတွင်း အသင်းကြီး နှစ်သင်းလုံးကို အနိုင်ကစားကာ ရမှတ်ခြောက်မှတ်ဖြင့် အုပ်စုကို ဦးဆောင်နေသလို စင်ကာပူက ဖိလစ်ပိုင်ကို တစ်ဂိုးအသာဖြင့် အနိုင်ရရန် အားထုတ်နေရချိန်တွင် ကမ္ဘောဒီးယားက ဖိလစ်ပိုင်ကို သုံးဂိုး-တစ်ဂိုးဖြင့် ပြတ်ပြတ်သားသား အနိုင်ယူပြနိုင်ခဲ့သည်။



ထို့ကြောင့်အုပ်စု(က)တွင်မထင်မှတ်ထားသည့်အသင်းများ အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားနိုင်ပြီး မြန်မာမှာ အုပ်စုဗိုလ်နေရာရရှိရန် အလားအလာ အကောင်းဆုံးဖြစ်နေသည်ဟု စင်ကာပူမီဒီယာများက ဖော်ပြသည်။

ဆက်လက်၍ ယခုနှစ်ဆီးဂိမ်းပြိုင်ပွဲဝင်မြန်မာအသင်းမှာ ၂၀၁၈ ကမ္ဘာ့ဖလား ခြေစစ်ပွဲရှိနေသောကြောင့် မြန်မာ့ကြယ်ပွင့် အားကစားသမားများဖြစ်သော ကျော်ကိုကို၊ ကြည်လင်းတို့အား ခေါ်ယူသုံးစွဲရန်အခွင့်မသာခြင်း၊ ဆီးဂိမ်းနှင့် ယူ-၂၀ကမ္ဘာ့ဖလား ပြိုင်ပွဲတို့ ယှဉ်ပြိုင်ချိန် တိုက်ဆိုင်နေခြင်းတို့ကြောင့် လူရွေးချယ်မှုတွင် ယခင်နှစ်များကထက် အားနည်းလိမ့်မည်ဟု မျှော်လင့်ထားသော်လည်း တိုက်စစ်၊ ကွင်းလယ်၊ ခံစစ်ကစားပုံမျှတစွာ ကစားသွားသည်ကို ကစားခဲ့သည့်နှစ်ပွဲလုံးတွင် တွေ့မြင်ခဲ့ကြရသည်ဟု စင်ကာပူအွန်လိုင်းမီဒီယာများက ချီးကျူးရေးသားထားသည်။

**[မေလှဲ့သင်း]**

**မျှော်လင့်ချက်တို့ထားနိုင်ရာ သတင်းစကားလေးတစ်ခုပါ**
**မူးယစ်ဆေးစွဲခြင်းဆိုတာ ကြိုတင်ကာကွယ်ကုသနိုင်တဲ့အရာ**

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ကို အထူးအလေးထားလျက် မေ ၂၆ ရက်မှ ဇွန် ၂၆ ရက်အထိ ပြည်သူလူထုဗဟိုပြုသော လူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

# ချမ်းမြသာစည်မြို့နယ်၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၆**

မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး မှုခင်းအကူဌာနမှ တပ်ဖွဲ့ဝင်များနှင့် မူးယစ်တပ်ဖွဲ့စု(၁၇) မန္တလေး(မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၃ ရက်က ချမ်းမြသာစည်မြို့နယ် အောင်မင်္ဂလာလမ်းနှင့် ကံ့ကော်လမ်းကြား (၆၂)လမ်းပေါ်ရှိ ဘီယာဆိုင်အတွင်းထိုင်နေသူ ကျော်ဇင်ဦးနှင့် သီဟ(ခ)ဗိုလ်သီဟတို့နှစ်ဦးအားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၇၅ ပြား သိမ်းဆည်းရမိသဖြင့် ကျော်ဇင်ဦး (၂၅)နှစ်နှင့် သီဟ(ခ)ဗိုလ်သီဟ (၂၇)နှစ်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**



**ကျော်ဇင်ဦးနှင့် သီဟ(ခ)ဗိုလ်သီဟတို့ နှစ်ဦးအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**

# နောင်ချိုမြို့၌ မူးယစ်ဆေးဝါးများသိမ်းဆည်းရမိ

**နောင်ချို ဇွန် ၆**

ယင်းမာစီမံချက်အရ မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးမှ ရဲအုပ်ငြိမ်းချမ်းစိုးဦးစီးသောတပ်ဖွဲ့ဝင်များနှင့် နောင်ချိုမြို့မရဲတပ်ဖွဲ့စခန်းမှ တပ်ဖွဲ့ဝင်များသည် ဇွန် ၄ ရက်က လားရှိုးဘက်မှ မန္တလေးဘက်သို့ ဦးငြိမ်းချမ်းကျော်သူမောင်းနှင်လာသော ခရီးသည်တင်ယာဉ်အမှတ် 2B/. . . . အား စစ်ဆေးရှာဖွေရာ ဘိန်းဖြူမှုန့် ၇၈၀ ဂရမ်ခန့်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၁၈၈၀ သယ်ဆောင်လာသော ဝူမိုလွင် (၄၀)နှစ် ရပ်ကွက်(၃) ကွတ်ခိုင်မြို့အားလည်းကောင်း၊ လားရှိုးမြို့မှ နောင်ချိုမြို့နယ်ဘက်သို့ အောင်မိုးလွင်မောင်းနှင်လာသော 125 အနက် ရောင်ဆိုင်ကယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၄၆၀ နှင့် ဘိန်းဖြူမှုန့် ငါးဂရမ်ခန့်အားလည်းကောင်း၊ လားရှိုးဘက်မှ မန္တလေးဘက်သို့ ယာဉ်မောင်း အိုက်မောင်အေးမောင်းနှင်လာသည့် 5C/....... VAN အဖြူရောင် ကိုယ်ပိုင်ယာဉ်အား စစ်ဆေးရှာဖွေရာ ဘိန်းဆီခဲအညိုရောင်အခဲ ၂၅ ဂရမ်ခန့် ရှာဖွေသိမ်းဆည်းရမိသည်။ ဇွန် ၄ ရက်တစ်ရက်တည်းတွင်ပင် နောင်ချိုမြို့ အဝင်အေးရှားဝေါလ်တိုးဂိတ်အနီးတွင် မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးတပ်ဖွဲ့စု (၂၄) လားရှိုး၊ နောင်ချိုလှုပ်ရှားတပ်ဖွဲ့ဝင်များက မူးယစ်မှု သုံးမှု ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

ဘိန်းဖြူမှုန့်၊ စိတ်ကြွရူးသွပ်ဆေးပြား၊ ဘိန်းဆီခဲများအား ဆိုင်ကယ်၊ မော်တော်ယာဉ်တို့ဖြင့် သို၀ှက်သယ်ဆောင်လာသူများ ဖြစ်ကြသည့် ဝူမိုလွင်(၄၀)နှစ်၊ အိုက်မောင်အေး (၄၀)နှစ်၊ အောင်မိုးလွင် အသက်(၄၃)နှစ်တို့သုံးဦးအား နောင်ချိုမြို့မရဲစခန်းက မူးယစ်ဆေးဝါးဥပဒေများအရ အမှုဖွင့်အရေးယူလျက်ရှိကြောင်း သိရသည်။

**(စိုးဝင်း-နောင်ချို)**

# ပွင့်ဖြူမြို့နယ်၌ အမျိုးသားတစ်ဦး ရေနစ်သေဆုံး

**ပွင့်ဖြူ ဇွန် ၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဇွန် ၅ ရက် ညနေပိုင်းက ပွင့်ဖြူမြို့ အနောက်ပိုင်းရပ်ကွက်ရှိ မုန်းချောင်းအတွင်း ရေချိုးဆိပ်အနီးတွင် လူတစ်ဦး ရေနစ်သေဆုံးကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ ရဲချစ်အောင်(၂၄)နှစ် ပွင့်ဖြူမြို့ အနောက်ပိုင်းရပ်ကွက်နေသူသည် ရေချိုးဆိပ်ကမ်းစပ်နှင့် (၅)ပေခန့်အကွာတွင် မှောက်လျက်အနေအထားဖြင့် ပြင်ပဒဏ်ရာမတွေ့ရှိဘဲ ရေနစ်သေဆုံးနေသည်ကို တွေ့ရှိရသဖြင့် ပွင့်ဖြူမြို့နယ် မြို့မရဲစခန်းမှ အမှုဖွင့်အရေးယူလျက်ရှိကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

**နိုင်ငံတကာသတင်းဂျာနယ်**



- ဂျပန် ဩဂုတ်အရှိန်အဝါကြီးမားသည် ခံနိုင်အားနည်းသည် ရဲရာထောင်းနေသည်
- အမေရိကန်အရန်များကို ဟန့်တားလိုက်သည့် တရုတ်
- ယန်စီမြစ်ပေါ်က တရုတ်အပျော်စီးသင်္ဘော တိမ်းမှောက်မှု ပဟေဠိတစ်ပုဒ်ဖြစ်နေဆဲ
- ဥရောပတိုက်၌ ဖြန့်ကြက်ထားသည့် အမေရိကန် နျူကလီးယားဗုံးများ
- ယူကရိန်းစစ်ပွဲတွင် ရုရှားပါဝင်မှုကိုငြင်းနေသည့် ပူတင်
- နေတိုးအဖွဲ့သို့ဝင်ရောက်ရန် ဖင်လန်နိုင်ငံအတွက်အချိန်ကျပြီလား
- ချင်ယန်ဇီမျှော်ဝံ့တို့ လူ့အခွင့်အရေးမျိုး ရထိုက်သလော

စသည့် သတင်းဆောင်းပါးများနှင့် ကျောင်းသားကျောင်းသူများ၊ လူငယ်များ၊ အလုပ်ထမ်းများ၊ အင်္ဂလိပ်ဘာသာလိုက်စားသူများအတွက် အင်္ဂလိပ်ဘာသာ သင်ခန်းစာနှင့် လေ့ကျင့်ခန်းများ ထည့်သွင်းဖော်ပြထားပါသည်။

နယ်စာဖတ်ပရိသတ်များ ကြိုတင်မှာယူပါက ကိုယ်စားလှယ်ကြီးများထံမှ တစ်ဆင့် ရောင်းဈေး ကျပ် ၃၀၀ ဖြင့် အရောက်ပေးပို့ပါမည်။

ကြော်ငြာထည့်သွင်းလိုပါက ရန်ကုန်မြို့ - အမှတ်-၇၇၊ ၅၂ လမ်း ပုဇွန်တောင်မြို့နယ် ကြေးမုံသတင်းစာတိုက်၊ နေပြည်တော် - ရုံးအမှတ်(၇)နှင့် ဇေယျာသီရိမြို့နယ် ဒက္ခိဏလမ်းခွဲ ကြေးမုံသတင်းစာတိုက်တို့တွင် ဈေးနှုန်းချိုသာစွာဖြင့် ထည့်သွင်းနိုင်ပါသည်။

ဆက်သွယ်ရန် ဖုန်း - ၀၁ - ၈၆၁၀၈၈၅၊ ၀၁ - ၂၉၂၈၃၀၊ ၀၆၇ - ၃၈၀၂၄

# ဂုဏ်ယူဝမ်းမြောက်ခြင်း

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နေ ဦးကျင်မွှေး-ဒေါ်အိုက်တီတို့၏မြေး၊ တောင်ကြီးမြို့နေ ဦးနီနီကို-ဒေါ်မျိုးမျိုးသူ(မီလျှံနာ-စာပေ ဖြန့်ချိရေး)၏သမီးဖြစ်သူ မဆုပြည့်ပြည့်ဦး ခုံအမှတ်-ဆလတ/၃၀၃ သည် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဘာသာစုံ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ပါသဖြင့် လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်အပ်ပါသည်။

**ဦးဦး ဒေါ်ဒေါ်နှင့်ညီအစ်ကိုမောင်နှမများ**

**ဦးခင်စိုး-ဒေါ်တိုးတိုး သားကြီး ကိုစိုးလတ်ထူး၊ မောင်ဇင်တိုး**

**Chief Engineer ဦးစောထွန်း-ဒေါ်အေးအေးပြုံး၊**

**သား - Henry (ခ)မောင်ဘုန်းပြည့်ကျော် (ISM Grade-4)**

**ဦးစိုးဝင်း-ဒေါ်မိုးမိုးစန္ဒာ(ဖူးဖူးလေးယိုစုံ၊ ကျိုက်ထို)၊ သမီး - မဝေဝေဦး(HR Executive Toseba Timber Co.,Ltd)၊ သား - မောင်ဟိန်းထက် (BCA Singapore)**

**ဦးတင်ချို-ဒေါ်အေးအေးမော်(တော်ဝင်ထွန်းစတိုး၊ ကင်ပွန်းစခန်း)၊**

**သမီး - အင်ကြင်းစံ (OIAC Grade-11)၊ သား - မောင်မြင့်မြတ် (OIAC Grade-6)**

**ဒေါက်တာ ယုယုနွယ်(အလုံမြို့နယ်၊ လူမှုဖူလုံရေး)**

**ဦးညီလင်းထွင့်-ဒေါ်နှင်းနှင်းချို (Kids Zone စတိုး)၊ သား - ဘုန်းမြတ်စံ၊ ဘုန်းပြည့်**

# အာရှသို့ ခရီးသွားခြင်း

သံသာခင်

**ယမန်နေ့မှအဆက်**

မိမိတို့မီဒီယာလေ့လာရေးအဖွဲ့ ယူနန်ပြည်နယ်တွင် ရောက်ရှိနေစဉ် နောက်ထပ်လေ့လာခွင့်ရရှိခဲ့သော နေရာများမှာစေဖုန်နမ်ကျန် ကျေးရွာသစ်၊ ဟန်စားကျေးရွာသစ်စသည့် စံပြကျေးရွာများပင် ဖြစ်ပါသည်။ ထိုကျေးရွာများကို တစေ့တစောင်း လေ့လာကြည့်သောအခါ ရွာသူရွာသားများ၏ စည်းလုံးညီညွတ်မှု၊ ဘုံလယ်ယာစနစ်ကျင့်သုံးမှု၊ ကွန်မြူနစ် နိုင်ငံတစ်နိုင်ငံဖြစ်လင့်ကစား ကျေးရွာလူကြီးကို ဒီမိုကရေစီနည်းလမ်းကျကျရွေးချယ်တင်မြောက်မှု၊ မိမိအိမ်ခြံဝန်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းသပ်ယပ် သာယာမှုရှိစေရန် ကိုယ့်အားကိုယ်ကိုး တစ်ယောက်တစ်လက် စုပေါင်းပါဝင်ဆောင်ရွက်မှုစသည့် အချက်များကို အားကျဖွယ်တွေ့မြင်ခဲ့ရသည်။ ကျေးရွာနေ တောင်သူလယ်သမားမိသားစုများ၏ နေအိမ်များမှာလည်း တိုက်နှင့်တာနှင့်ခြံဝန်းသီးသန့်ဖြင့် သပ်သပ်ရပ်ရပ် ရှိလှပါသည်။ နေအိမ်ထဲတွင်လည်း ဆက်တီနှင့် TV နှင့် ကားနှင့်တကယ့်လူချမ်းသာအသွင်ဆောင်လှသည်။

တရုတ်တောင်သူလယ်သမားများ၏ လစဉ်ပျမ်းမျှဝင်ငွေမှာ တရုတ်ယွမ် ၆၅၀၀ RMB (1000 USD) ရှိသည်ဟု Mr.Cue ကရှင်းပြနေစဉ်မှာပင် ငယ်စဉ်ကျောင်းသူဘဝက ဖတ်ခဲ့ဖူးသော အမေရိကန်စာရေးဆရာမ Pearl S.Buck ရေးသားသော Good Earth (မဟာပထဝီမြေ၊ ဘာသာပြန်-ဂုဏ်ဝင်း) စာအုပ်ထဲမှ ပဒေသရာဇ်ခေတ် တရုတ်လယ်သမားများ၏ ဆင်းရဲနွမ်းပါးခြာပုံကို ပြန်သတိရလိုက်မိပါသည်။ ထိုဝတ္ထုကိုဖတ်ဖူးသည်မှာ နှစ်သုံးဆယ်ခန့်ကြာပြီဖြစ်သော်လည်း ထိုဝတ္ထုထဲမှ အဓိကဇာတ်ကောင်များဖြစ်သော ဝမ်လန်းနှင့်အိုလန်းဆိုသည့် တရုတ်လယ်သမားဇနီး မောင်နှံခမျာမှာ ရေနွေးကြမ်းထဲတွင် လက်ဖက်ခြောက်တောင် ခပ်မသောက်နိုင်လောက်အောင်ပင် ဆင်းရဲချို့တဲ့ကြောင်း မှတ်မိနေပါသေးသည်။ သို့သော်ယခုမိမိ၏ မျက်စိရှေ့တွင် တွေ့မြင်ရသော တရုတ်လယ်သမားများမှာမူ အဆင်ပြေပြေနှင့် ဘဝလှခဲ့ကြပါပြီ။

တရုတ်ပြည်အကြောင်း ဖတ်ရသော နောက်ထပ်စာအုပ်မှာ မော်စီတုံး ခေတ်တွင် တရုတ်နိုင်ငံသို့လေ့လာရေးရောက်ရှိခဲ့သော မြန်မာစာရေးဆရာကြီး ရွှေဥဒေါင်း၏ "ကိုယ်တွေ့တရုတ်ပြည်သစ်" ဟူသောစာအုပ်ဖြစ်ပါသည်။ ထိုစာအုပ်ထဲတွင် လယ်ယာမြေ ဝေခြမ်းရေးကြောင့် တရုတ်လယ်သမားများ အဆင်ပြေလာကြပုံကို ဖတ်ရပါသည်။ ဆရာကြီးကသွားလေရာ အရပ်တွင် တရုတ်ပြည်သူများ၏ မျက်နှာများကို ဂရုပြု၍ စူးစမ်းခဲ့ရာ၊ အများစုမှာ ကျေနပ်ပျော်ရွှင်နေကြသည်ဟု အကဲဖြတ်ပါသည်။ တရုတ်ပြည်သူ့များသည် လက်ရှိဘဝကို ကျေနပ်ခြင်းရှေ့လာမည့် မျှော်လင့်ချက်အတွက် အားတက်ခြင်းများ တွေ့ရသည်ဟုဆိုပါသည်။

မိမိတို့နိုင်ငံမှာလည်း စိုက်ပျိုးရေး အခြေခံနိုင်ငံ တစ်နိုင်ငံဖြစ်သည့်အတွက် တောင်သူလယ်သမားများ၏ ဘဝအဆင်ပြေလှပစေရေး အထူးပင် အရေးပါလှပါသည်။ ကျေးလက်နေတောင်သူ လယ်သမားများ လယ်ယာကို စွန့်ခွာပြီး မြို့ပြ၊ နိုင်ငံရပ်ခြားများဆီသို့ သွားရောက်စီးပွားလုပ်ကိုင်မှုများ ပိုပိုများပြားလာနေသည်ကို မိမိတို့မီဒီယာလေ့လာရေးအဖွဲ့သည် တယ်ဟုန်ခရိုင်အတွင်းရောက်ရှိစဉ် နောက်ထပ်ကျေးရွာနှစ်ရွာကို လေ့လာခဲ့ကြပါသည်။ ပထမရွာမှာ ဟန်စားကျေးရွာသစ်ဖြစ်ပြီး ရိုးရာယဉ်ကျေးမှုအနုပညာ လက်ရာများကို အခြေခံတည်ဆောက်ထားပြီး ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်မှုရှိစေရန် စီမံထားပုံရပါသည်။

ဟန်စား ကျေးရွာတွင် နာမည်ကျော် ဥဒေါင်းအကနှင့် ကပြဖျော်ဖြေတင်ဆက်သည်ကို ရှင်မြိုးဖွယ်ကြည့်ရှုခဲ့ရပြီး ကပြတင်ဆက်သူဆရာကြီးမှာ တရုတ်နိုင်ငံ၏နိုင်ငံတော်အဆင့်ပွဲများတွင်ပါသွားရောက်တင်ဆက်ကပြရသူဖြစ်ကြောင်း သူ၏နေအိမ်ပြခန်းတွင် ပြသထားသော မှတ်တမ်းဓါတ်ပုံများအရ သိရှိခဲ့ရပါသည်။ ဖျော်ဖြေတင်ဆက်ရာတွင် သုံးစွဲသောတူရိယာပစ္စည်းများမှာ မြန်မာနိုင်ငံမှ ရှမ်းတိုင်းရင်းသားများ၏ တူရိယာပစ္စည်းများအတိုင်း မောင်းတွဲ၊ လင်းကွင်း၊ အိုးစည်စသည်တို့ပင်ဖြစ်ပါသည်။ နောက်ထပ် တစ်ရွာမှာ ရင်ကျင်း (တစ်တောရွာနှစ်နိုင်ငံ) ကျေးရွာပင်။ အမည်တွင် ဖော်ပြထားသည့်အတိုင်း နယ်စပ်စည်းမျဉ်းကို ခွလျက်တည်ရှိပြီး ရွာ၏တခြမ်းမှာ တရုတ်ရွာရင်ကျင်းဖြစ်ကာ ကျန်တခြမ်းမှာ မန်ရှုမြန်မာရွာဖြစ်နေပါသည်။ တစ်ရွာသူတစ်ရွာသားအချင်းချင်း အိမ်ရာ ထူထောင်ထားကြသူများလည်းရှိကြသည်။ယင်းရွာတွင် နှစ်နိုင်ငံ ရေတွင်းကိုလည်းကောင်း၊ နှစ်နိုင်ငံချစ်ကြည်ရေး လွှဲဒါန်းကိုလည်းကောင်း တွေ့ခဲ့ကြရသည်။

မြန်မာနိုင်ငံတွင်းသို့ လှမ်းမျှော်ကြည့်လိုက်တော့ မန့်ဟီးရိုးမြို့ဆိုင်းဘုတ်ကိုလည်း လှမ်းတွေ့ခဲ့ရပါသည်။ ရင်ကျင်း(တစ်တောရွာနှစ်နိုင်ငံ) ကျေးရွာ စဉ်းစားမိတိုင်း ရှေ့ရေးအတွက်စိုးရိမ်မကင်းဖြစ်မိသည်။ ဟိုတလောဆီကသတင်းတစ်ပုဒ်တွင် အညာဒေသ၏ ထန်းတက်၊ ထန်းလျက်လုပ်ငန်းများ တွက်ခြေမကိုက်၍ လုပ်ကိုင်မည့်သူနည်းပါးလာသည်ဟုဖော်ပြထားသည်ကို တွေ့ရှိရာ စိတ်မကောင်းဖြစ်မိသည်။ အိမ်နီးချင်း ထိုင်းနိုင်ငံတွင် ဒီအတိုင်းဆို ဘာမျှမဟုတ်သည့် အသီးအနှံများကို တာရှည်ခံအောင်ထိန်းသိမ်းသောနည်းလမ်းဖြင့် တန်ဖိုးမြင့်ကုန်ပစ္စည်းများ ထုတ်လုပ်ကာ ဈေးကွက်ဝင်အောင် ဖန်တီးသလို မိမိတို့နိုင်ငံများရော၊ အလားတူ ဆောင်ရွက်၍ မရနိုင်ဘူးလားဟု အတွေးနယ်ချဲ့မိပါသည်။

အတွေးနယ်ချဲ့၍ မဆုံးခင်မှာပင်၊ ဝါးကနဲရယ်မောသံကြားလိုက်ရသဖြင့် မိမိ၏ လွင့်ပျံ့နေသော အတွေးစကို စုစည်းပြီး ကြည့်လိုက်တော့ ရွာဦးမွှာရုံအောက်မှာ တည်ခင်းညှော်ခံထားသော လိမ္မော်သီး၊ ဖရဲသီးလတ်လတ်ဆတ်ဆတ်များနှင့် သောက်ရေအချိုရည်များကို တပျော်တပါး အားပေးသုံးဆောင်နေကြသော ခရီးဖော် ရဲဘက်များကို တွေ့လိုက်ရပါသည်။ သို့နှင့် မိမိ၏ စိတ်မှာ ပြန်လည်လန်းဆန်းလာပြီး သူတို့နှင့်အတူ အသီးအနှံများကို တပျော်တပါး သုံးဆောင်ကြရင်း အမောအပမ်းဖြေခဲ့ရပါသည်။ အမောအပမ်းဖြေတော့စေ ဖုန်နမ်ကျန်ကျေးရွာ အဝင်ထိပ်ရှိ အရိပ်ကောင်းလှသော ညောင်ပင်ကြီးအောက်တွင် အမှတ်တရ အုပ်စုပုံရိုက်ကူးရင်း မြန်မာ့မြေက ကိုရင်သာအေးနှင့် စာဥတို့လို လယ်သမားဘဝတွေကို သတိရတွေးမိရင်းနဲ့ လွမ်းမောမိခဲ့ပါသေးသည်။

တယ်ဟုန်ခရိုင်အတွင်း လေ့လာစရာရှိသည်များကို လေ့လာပြီးပြီမို့ ယူနန်ပြည်နယ်မြို့တော်ကူမင်းသို့ ပြန်ရန်ပြင်ဆင်ရတော့သည်။ မန့်ရှီလေဆိပ်သို့ရောက်သောအခါ မိမိတို့ စီးနင်းလိုက်ပါမည့် China Air လေယာဉ်မှာ အတန်ငယ်နောက်ကျမည်ဟု သိရသည့်အတွက် မိမိတို့အဖွဲ့ဝင်များမှာ လိုက်ပါပို့ဆောင်သော တရုတ်မိတ်ဆွေများနှင့် လေဆိပ်အရေးကြီး ပုဂ္ဂိုလ်များနားနေဆောင်တွင် စောင့်ဆိုင်းရင်း အတွေးအမြင်ဖလှယ်စကားစမြည်ဆိုခဲ့ကြပါသေးသည်။

မိမိမှာမူ ဘေးကပ်လျက်ရှိ ပီကင်းမြို့မှလာရောက်သော တရုတ်ပြည်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၏ နိုင်ငံတကာရေးရာဌာနမှ တတိယ အတွင်းဝန်ဖြစ်သူ မစ္စတာ ကျောက်ချောင် (Mr.Zhao Qiang) နှင့် သူတို့၏ လက်ရှိသမ္မတကြီး ရှီချင့်ဖျင် (Mr.Xi Jinping)၏ အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ပြောဆိုကြရာ အနောက်နိုင်ငံမီဒီယာများအကြား သမ္မတရှီချင့်ဖျင်၏ Tigers and Flies (ကျားနှင့်ယင်) ဟူသော အသုံးအနှုန်းမှာ လူကြိုက်များခေတ်စားလျက်ရှိကြောင်း၊ Tiger(ကျား) ဆိုသည်မှာ



အကျင့်ပျက်ခြစား အဂတိလိုက်စားသော Crony ကြီးများ၊ ရာထူးအဆင့်မြင့်သူများကို ဆိုလိုပြီး၊ Flies (ယင်ကောင်) မှာ အဂတိလိုက်စားသော Crony အငယ်စားများနှင့် ရာထူးငယ်ဝန်ထမ်းများ ကို ဆိုလိုကြောင်း၊ ရှီသည်ကျားများကိုရော၊ ယင်ကောင်များကိုပါ မလွတ်တမ်း ဖမ်းဆီးတိုက်ဖျက်လျက်ရှိပါကြောင်း ပြောဆိုခဲ့ကြပါသည်။မစ္စတာကျောက်ချောင် (Mr. Zhao Qiang) က သမ္မတရှီမှာ အခြေခံလူတန်းစားမှ အဆင့်ဆင့်ဖြတ်သန်းပြီး သမ္မတဖြစ်လာသူဖြစ်သည့်အတွက် ပြည်သူများအပေါ် ကိုယ်ချင်းစာနာသော စိတ်ဖြင့် အဂတိလိုက်စားသူများကို အဆင့်အတန်းမရွေး တိုက်ဖျက်ရန် ဝန်လေးမည့်သူမဟုတ်ဟု မှတ်ချက်ပြုခဲ့ပါသည်။

မစ္စတာ ကျောက်ချောင် (Mr.Zhao Qiang)က သူတို့နိုင်ငံ ကျင့်သုံးသော စီးပွားရေးစနစ်နှင့် ပတ်သက်၍ ဆိုရှယ်လစ်စနစ်ကျင့်သုံးခြင်းမှာ သာတူညီမျှရှိစေရန်ဖြစ်ကြောင်း၊ ဆင်းရဲမွဲတေရန်မဟုတ်ဟု သူတို့ခေါင်းဆောင် တိန့်ရှောင်ဖိန်က ဆိုခဲ့ပါကြောင်း၊ သို့ဖြစ်ရာ သူတို့နိုင်ငံစီးပွားရေးတောင့်တင်းအောင် အားလုံးဝိုင်းဝန်းကြိုးပမ်းခဲ့ကြပါကြောင်း၊ လူဦးရေ သန်းပေါင်း ၁၃၆၀ ရှိသော နိုင်ငံဖြစ်သည့်အတွက် ခိုင်မာတောင့်တင်းသော ဦးဆောင်မှုမရှိ၍ မဖြစ်ပါကြောင်း၊ သို့ပါ၍ တရုတ်ဝိသေသလက္ခဏာများနှင့် ဆိုရှယ်လစ် နိုင်ငံရေးပါတီစနစ် ( Socialist Political Party System with Chinese characteristics) ကို ကျင့်သုံးပါကြောင်း၊ ၎င်းစနစ်သည် တရုတ်နိုင်ငံ၏ ဆိုရှယ်လစ် ဒီမိုကရေစီနိုင်ငံရေးတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေပါကြောင်း ပြောပြခဲ့ပါသည်။ စကားစမြည်ပြောဆိုကြရင်းနှင့် နေ့လည်စာ စားချိန်ရောက်သည်အထိ စီးနင်းလိုက်ပါရမည့် လေယာဉ်မှာ ဆိုက်ရောက်လာခြင်း မရှိသေးရာ၊ လိုက်ပါပို့ဆောင်သော တယ်ဟုန်စီရင်စုမှ တာဝန်ရှိသူများက နေ့လည်စာ ထမင်းဗူးများ ကမန်းကတန်းပြေးဝယ်ဝေငှကြသဖြင့်၊ မိမိတို့အဖွဲ့မှာ လေဆိပ်နားနေဆောင် ဧည့်ခန်းတွင် မြိန်ရေယှက်ရေ သုံးဆောင်လိုက်ကြပါသည်။

တယ်ဟုန်စီရင်စု၊ ခရီးစဉ်တစ်လျှောက် ဧည့်ဝတ်ကျေပွန်စွာ လိုက်ပါပို့ဆောင်ကြသော မိတ်ဆွေများကို လက်ပြနှုတ်ဆက်ကြပြီး လေယာဉ်ပေါ်သို့ တက်ရောက်လိုက်ပါခဲ့ကြပါသည်။ ကူမင်းမြို့တော်သို့ လေယာဉ်ဆိုက်ရောက်တော့ မိမိတို့အဖွဲ့မှာ လေဆိပ်မှ ယူနန်ပြည်နယ် နိုင်ငံခြားရေးရာဌာနသို့ တက်သုတ်ရိုက် ဆက်လက်ထွက်ခွာခဲ့ကြပါသည်။ လေယာဉ်မှာ ၄ နာရီခန့် နောက်ကျခဲ့ရသည့်အတွက် အစီအစဉ်များ နှောင့်နှေးခဲ့ရသည်မဟုတ်ပါလော။ မူလက ယူနန်ပြည်နယ်မှ မီဒီယာအဖွဲ့ဝင်များနှင့် တွေ့ဆုံအတွေ့အကြုံဖလှယ်ရန် စီစဉ်ထားခဲ့ သည်ဟု သိရသည်။ ယခုတော့ အချိန်အတော် နည်းသွားပြီမို့ ယူနန်ပြည်နယ်၊ နိုင်ငံခြားရေးရာဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် Mr.Li Hui နှင့်တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ယူနန် ပြည်နယ်အစိုးရ၏ တံခါးဖွင့်ဝါဒနှင့် မြန်မာနိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စများကို အပြန်အလှန်ဆွေးနွေးခဲ့ကြပါသည်။ တရုတ်မှ အာဆီယံနိုင်ငံများကို ဖြတ်ကျော်ပြီး ဥရောပနိုင်ငံများအထိ ဆက်သွယ်ဖောက်လုပ်မည့် ပိုးလမ်းမကြီး (ကုန်းလမ်း၊ရေလမ်း)အတွက် တရုတ်နိုင်ငံဘက်မှ ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်း ကြားသိခဲ့ရပါသည်။ မိမိတို့ မီဒီယာ အဖွဲ့ဝင်များကလည်း ယူနန်-မြန်မာနယ်စပ် ကုန်သွယ်ရေးတွင် နှစ်ဖက်မျှတမှုရှိစေရေး၊ ပို့ကုန်၊ သွင်းကုန် ကုန်ပစ္စည်းများ အရည်အသွေး ထိန်းညှိရေး၊ မြန်မာအလုပ်သမားများ အပေါ် တန်းတူညီမျှ ဆက်ဆံရေး၊ တရားမဝင် သစ်ထုတ်လုပ်မှုများ၊ လူကုန်ကူးမှုအပါအဝင် တရားမဝင် ကုန်သွယ်မှုများကို နှစ်ဦးနှစ်ဘက် တက်ညီလက်ညီ ကာကွယ်တိုက်ဖျက်ရေးစသည့်အချက်တို့ကို မီးမောင်းထိုး ဆွေးနွေးခဲ့ကြပါသည်။ ထိုသို့တရားမဝင် ဆောင်ရွက်နေသူများမှာ လူနည်းစု၊ လူတစ်စုသာဖြစ်သော်လည်း ၎င်းတို့၏လုပ်ရပ်များကို သက်ဆိုင်ရာက မသိကျိုးကျွန် လစ်လျူရှုခဲ့ပါက နိုင်ငံ၊ လူမျိုးနှင့်ချီ၍ အပြစ်တင်၊ မုန်းတီးကြပေလိမ့်မည်။ ကာလကြာရှည် သက်တမ်းတည်ခဲ့သော နှစ်နိုင်ငံ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးကိုလည်း အကြီးအကျယ် ထိခိုက်စေနိုင်သည် မဟုတ်ပါလား။ မိမိတို့ မြန်မာနိုင်ငံတွင်လည်း ခေတ်တွေ၊ စနစ်တွေပြောင်းပြီး ယခင်လိုဗဟိုဦးစီးစနစ် မဟုတ်တော့ဘဲ ပြည်သူကိုအခြေပြုသော ပြည်သူ့ဆန္ဒကို ဦးစားပေးသော (People Centred System)ကို ကျင့်သုံးနေပြီလေ။ ဒီအချက်ကို သက်ဆိုင်ရာ အားလုံးက သတိချပ်သင့်ကြောင်းလည်း ထောက်ပြပြောဆို အကြံပြုခဲ့ကြပါသေးသည်။

ဆွေးနွေးပွဲပြီးတော့အချိန်အတော်လင့်နေပြီး မိမိတို့အဖွဲ့လည်း ကားပေါ်သို့ အပြေးတက်ပြီး ကူမင်းလေဆိပ်သို့ ထွက်ခွာခဲ့ကြပါသည်။ ၃ နာရီခန့် လေယာဉ်စီးပြီးတဲ့နောက် ဟူနန်ပြည်နယ်ရဲ့ မြို့တော် ချန်ရှားကို ဆိုက်ရောက်ခဲ့ပါပြီ။ ပတ်ဝန်းကျင်တခွင်မှာ အမှောင်ထုကကြီးစိုးလျက် ရာသီဥတုကလည်း ချမ်းအေးလှပါသည်။ မြောက်ပိုင်းသို့ရောက်လေ ရာသီဥတုက ပိုမိုအေးမြလေပါပဲ။ မြို့တော် ပီကင်းရောက်လျှင်မည်မျှ အေးဦးမည် မသိနိုင်။ ဒီကနေ့နံနက်စောစောကတည်းက တောင်ပိုင်းနယ်စပ် မန်ရှီကနေ၊ ကူမင်းမြို့၊ အဲဒီကတဆင့် ချန်ရှားကို လေယာဉ် (၂)ဆင့်စီးလာရသည့်အတွက် အတန်ငယ် ပင်ပန်းလှပြီမို့ ဟိုတယ်ရောက်သည်နှင့် အိပ်ရာဝင်ခဲ့ပါတော့သည်။

နက်မိုးလင်းတော့ ဟိုတယ် ၁၈ ထပ်ရှိ မိမိတည်းခိုရာ အခန်းမှ စီးမိုးကာ ချန်ရှားမြို့ကို နှုတ်ခွန်းဆက်လိုက်ပါသည်။ အထပ်မြင့်အဆောက်အဦးများ၊ မော်တော်ကားများဖြင့် စည်ကားလှသော မြို့ပြအလှကိုခံစားလိုက်ရ၍လားမသိ၊ စိတ်လန်းဆန်းတက်ကြွလာပြီး ချန်ရှားတရားရေးရာ ဗျူရိုရှိရာသို့ သွားရောက်ရန် ခပ်သွက်သွက် ထွက်ခွာခဲ့ပါတော့သည်။ ချန်ရှားတရားရေးရာ ဗျူရိုမှ မစ္စတာ ကျန်ခိုင်မင်း (Mr.Jing Kaiming) က ၎င်းတို့ ဗျူရိုအနေဖြင့် တရားဥပဒေဆိုင်ရာ အဓိကလုပ်ငန်း နှစ်မျိုးရှိပါကြောင်း ပထမ တစ်ခုမှာ ဥပဒေဆိုင်ရာဝန်ဆောင်မှု လုပ်ငန်းများပင်ဖြစ်ကြောင်း ရှင်းပြသည်။ ဥပဒေဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းတွင် ရပ်ကွက်ကျေးရွာအုပ်စု အဆင့်ထိ ဥပဒေအကြံပေးများ ခန့်ထားပေးခြင်း၊ ဥပဒေအကြံပေး ဗဟိုဌာန (Centre) ဖွင့်ထားပေးခြင်းဖြင့် ပြည်သူများအတွက် ဥပဒေဆိုင်ရာ ကူညီထောက်ပံ့မှုများကို ဆောင်ရွက်ပေးနေကြောင်း သိရှိခဲ့ရသည်။ ဥပဒေအသိပညာ ဗဟုသုတများကို စာသင်ကျောင်းများအထိ ပြန့်နှံ့အောင် ပို့ဆောင်ပေးခြင်းသည် အဓိကလုပ်ငန်း တရပ်ဖြစ်ပြီး ကျေးရွာ၊ ကုမ္ပဏီ၊ အဖွဲ့အစည်းများဆီသို့လည်း ဥပဒေပညာပြန့်နှံ့အောင် ဆောင်ရွက်လျက်ရှိကြောင်းလည်း သိခဲ့ရပါသေးသည်။

တရားရေးဗျူရိုကထွက်ခွာခဲ့ပြီးနောက် ချန်ရှားမြို့ကိုဖြတ်ပြီး စီးဆင်းနေတဲ့ ကမ္ဘာကျော်ယန်ဇီမြစ် မြစ်လက်တက်တစ်ခုဖြစ်သော ရှန်မြစ်(Xiang River)အလယ်ကောင်ရှိ Orange Island (လိမ္မော်ကျွန်း)သို့ ချီတက်ခဲ့ကြပါတယ်။ ဒီလိမ္မော်ကျွန်းကို ရှန်မြစ်ထဲက သဲနုန်းများနဲ့ပုံဖော်တည်ဆောက်ထားပြီး ရှေးယခင်က လိမ္မော်သီးအမြောက်အမြားထွက်ရှိတာ ကြောင့် လိမ္မော်ကျွန်းရယ်လို့ လူသိများထင်ရှားကြောင်းသိခဲ့ရသည်။

Orange Island (လိမ္မော်ကျွန်း)ကို အရောက် ကားပေါ်က ဆင်းလိုက်သည်နှင့် အတန်အေးမြသော လေကလူကို စိမ့်ကနဲ ချမ်းစေပါသည်။ ရာသီဥတုမှာ သာသာ ယာယာရှိလှသည်မို့ မြန်မာမီဒီယာအဖွဲ့ဝင်များအားလုံးရွှင်လန်းတက်ကြွစွာ ဘက်ဂီ Baggy (ခေါ်) ဘက်ထရီကားများပေါ်သို့ တက်နေကြသည်ကို တွေ့ရသည်။ Baggy ကားပေါ်တွင် လိုက်ပါရင်း ၁၉၂၅ ခုနှစ်က တရုတ်နိုင်ငံတော်သစ်ကို စတင်တည်ထောင်သူ မော်စီတုန်းကိုယ်တိုင် စပ်ဆိုရေးသားခဲ့သော -

Along I stand in the cold autumn,
On the tip of Orange Island,
The Xiangjiang River flowing northword.

အေးမြလှတဲ့ဆောင်းဦးရာသီဝယ် လိမ္မော်ကျွန်းထိပ်မှာ ရပ်လို့ရယ် မြောက်အရပ် မယ်ရှန်ကျန်းမြစ်က ရစ်ခွေစီးဆင်းစဲကွယ်-

အစချီတဲ့ ကဗျာကို စဉ်းစားခဲ့မိပါတော့သည်။ ဥက္ကဋ္ဌကြီး မော်စီတုန်းစပ်ဆိုခဲ့သော ထိုကဗျာသည် ချန်ရှားမြို့၏ လိမ္မော်ကျွန်းကို တရုတ်ပြည်တွင်းသာမက ပြည်ပကမ္ဘာသို့ တိုင်ခေတ်အဆက်ဆက် လူသိများထင်ရှားစေခဲ့သည်မှာ အမှန်ပင်။မော်စီတုန်းသည် ဟူနန်ပြည်နယ်၊ ရှန်ဟိုင်းမြို့နယ်၊ ရှောင်ရှန်းကျေးရွာဇာတိ ၊ ဟူနန်နယ်သား တစ်ဦးဖြစ်ပေသည်။ သို့ကြောင့်ပင် သူသည် လိမ္မော်ကျွန်းထိပ်တွင် ရပ်မိစဉ် ထိုကဗျာကို စပ်ဆိုခဲ့ဟန်တူသည်။

ထိုစဉ်က လူငယ်တော်လှန်ရေးသမားလေးဖြစ်လင့်ကစား၊ စာကဗျာစပ်ဆိုတဲ့ အနုပညာဝါသနာဗီဇရှိပါကလား။ ထိုသို့ စဉ်းစားမိစဉ်မှာပင် မိမိတို့မြင်ကွင်းထဲသို့ အသက် (၂၅)ခန့်အရွယ် တော်လှန်ရေးသမား မော်စီတုန်း၏ မျက်နှာကြီးက ဘွားကနဲဝင်ရောက်လာပါသည်။ လိမ္မော်ကျွန်း၏ ကောင်းကင်ပြာပြာ မြက်ခင်းစိမ်းစိမ်း ရောင်သွေးစုံလင်လှသော ပန်းခင်းများအလယ်တွင်တောင်တစ်လုံးနီးပါး ကြီးကျယ်မြင့်မားစွာ တည်ဆောက်ထားတဲ့ မော်စီတုန်းရုပ်ထုမှ မျက်နှာသွင်ပြင်မှာ ပီဘိလူငယ်အသွင်နုပျိုခန့်ညားနေပြီး ဆံပင်များမှာ အုံကောင်းပြီး အတန်ငယ်ရှည်ပါသည်။

**ဆက်လက်ဖော်ပြပါမည်။**

# ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်သော လျှပ်စစ်မီး လင်းရေး ဖွင့်ပွဲကျင်းပ

**ပုသိမ် ဇွန် ၆**

ပုသိမ်မြို့တွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဒေသခံပြည်သူများပူးပေါင်း ဆောင်ရွက်သော လျှပ်စစ်မီးလင်းရေးဖွင့်ပွဲ အခမ်းအနားကို ဇွန်လ ၄ ရက် နံနက် ၉ နာရီက အမှတ်(၁၀)ရပ်ကွက် ရေအိုးစင် စက်ကလေးနယ်မြေ ထရန်စဖော်မာတည် သည့်နေရာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေ့ဦးစွာ လျှပ်စစ်မီးဖွင့်ပွဲကို တိုင်းဒေသ ကြီးအစိုးရအဖွဲ့ လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးစောမြသိန်း၊ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်ခင်စီနှင့် မီးလင်းရေးကော်မတီ ဥက္ကဋ္ဌ ဦးတင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးပြီး ဝန်ကြီးချုပ်ဦးသိန်းအောင်က စက် ခလုပ်နှိပ်၍ လျှပ်စစ်မီးကို ဖွင့်လှစ်ပေးခဲ့ ကြောင်း သိရသည်။

လျှပ်စစ်မီး ဖွင့်လှစ်လိုက်သည့်အတွက် စက်ကလေးတာကိုင်၊ ရေအိုးစင်၊ ရွှေကျင် ကုန်းရပ်ကွက်မှ အိမ်ထောင်စု ၆၀၀ ကျော် မှာ ၂၄ နာရီ လျှပ်စစ်မီးရပြီဖြစ်သည်။ ကုန် ကျငွေမှာ ကျပ်သိန်းပေါင်း ၆၀၈ သိန်းကျော် ကုန်ကျခဲ့သည်။ ပြည်သူမှ ကျပ်သိန်း ၂၁၂ သိန်းထည့်ဝင်ခဲ့ပြီး ကျန်ငွေများကို တိုင်း ဒေသကြီးအစိုးရမှ ကုန်ကျခံခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင်လူဦးရေ ၇၀ ရာခိုင်နှုန်း သည် ကျေးလက်နေပြည်သူများဖြစ်ပြီး ကျေး လက်နေပြည်သူများ လူမှုဘဝမြှင့်တင်ရေး အတွက် လျှပ်စစ်မီးလိုအပ်ချက်သည် အရေး ကြီးသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**

# ဇီးယာတံတားအပါအဝင်လုပ်ငန်း သုံးခုတိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်မှုပြီးစီး

**စလင်း ဇွန်လ ၆**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် မကျီး ပင်ပုကျေးရွာအုပ်စုအပါဝင် ပတ်ဝန်းကျင် ကျေး ရွာပေါင်း ၁၅ ရွာမှ ကူးသန်းရောင်းဝယ်ရေး အတွက် အဓိကအသုံးပြုရသော ကျေးရွာခြင်း ဆက် ဖွံ့ဖြိုးရေးတံတားဖြစ်သည့် ဇီးယာတံတား အပါအဝင် ဦးစားပေး လုပ်ငန်းသုံးခုအား တိုင်း ဒေသကြီးရံပုံငွေဖြင့် အောင်မြင်စွာဆောင်ရွက် ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

မကျီးပင်ပုကျေးရွာအနီးတွင်ရှိသော ဇီးယာ တံတားမှာ နှစ်ပေါင်းများစွာ ရေတိုက်စားမှုဒဏ် ကြောင့် ပျက်စီးယိုယွင်းမှုများ ဖြစ်ပေါ်ကာ ပတ် ဝန်းကျင်ကျေးရွာများရှိ တောင်သူများ မိမိတို့ စိုက်ပျိုးထားသော သီးနှံများပေါ်ချိန်တွင် မြို့ပေါ်သို့ကူးသန်းရောင်းဝယ်ရေးအတွက် ဖြတ်သန်းသွားလာရာတွင် ၎င်းတံတားမှာ ပျက်စီးယိုယွင်းနေမှုကြောင့် အခက်အခဲများ နှင့် ကြုံတွေ့ခဲ့ရသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အုပ်စုကျေးရွာ အတွက် ဦးစာပေးလုပ်ငန်းသုံးခုအား တိုင်းဒေသ ကြီး ရန်ပုံငွေဖြင့် အကောင်ထည်ဖော်ဆောင် ရွက်ပေးခဲ့ရာ ဇီးယာတံတားကို ဦးစားပေးလုပ် ငန်း နံပါတ်(၁)ဖြင့် ဆောက်လုပ်ခဲ့သည်။

"ဒီတံတားက အရင်တုန်းကဆိုမြစ်ရိုးပေါက် တံတား နှစ်စဉ်ရေတိုက်စားလို့ ပျက်စီးသွားတော့ အနီးဝန်းကျင်ကျေးရွာတွေမှာရှိတဲ့ ကျောင်း သားသူငယ်တွေ ကျောင်းသွားရာတွင် ကွေ့ပတ် သွားနေရတော့ အချိန်ကုန်ပင်ပန်းပြီး စာသင် ကြားရာမှာ နှောင့်နှေးကြန့်ကြာမှုတွေဖြစ်ပေါ် လာတယ်။ နိုင်ငံတော်ကပညာရေးကို ဦးစားပေး ချိန်မှာ ကျေးရွာတွေကကျောင်းသားတွေ ပညာ ရေးကိုထိခိုက်မှာစိုးရိမ်လို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကနေအထက်ကို တင်ပြပေးတော့ ဦးစားပေးလုပ်ငန်းသုံးခုကျလာပါတယ်။ ဦးစား ပေး(၁)ဖြစ်တဲ့ဇီးယာတံတားကို ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခွင့်ပြုငွေ ကျပ်သိန်း ၂၇၀ အကုန်ကျခံပြီး Best synergy ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ပေးပါတယ်။ ဦးစားပေးလုပ်ငန်း(၂)ဖြစ်တဲ့ စေတုရှင်တံတား ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တာဝန် ယူဆောင်ရွက်ပြီး ဦးစားပေးလုပ်ငန်း(၃) ဖြစ် တဲ့ ကျေးရွာဖွံ့ဖြိုးရေး တစ်မိုင်ကျော် ကျောက်မြေ သားလမ်းကိုတော့ ကျေးလက်ဖွံ့ဖြိုးရေးက တာဝန်ယူဆောင်ရွက်ပေးခဲ့လို့ အုပ်စုကျေးရွာ တွေအတွက် အဓိကလိုအပ်နေတဲ့ ဦးစားပေး လုပ်ငန်းသုံးခု ပြီးဆုံးအောင်မြင်ခဲ့တာပါ" ဟု မကျီးပင်ပုအုပ်စု ကျေးရွာအုပ်ချုပ်ရေးမှူးက ပြောပြသည်။

အုပ်စုကျေးရွာများ အဓိကဖြတ်သန်းသွား ရသော ဇီးယာတံတားဆောက်လုပ်ပြီးစီးသွား သောကြောင့်မြို့များသို့ ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများ၊ ဒေသခံ တောင် သူများ ကူးသန်းရောင်းဝယ်ရေးအတွက် ဖြတ် သန်းသွားလာရာတွင် နှောင့်နှေးမှုမရှိ အဆင် ပြေချောမွေ့သွားပြီဖြစ်ကြောင်း သိရသည်။

**ပိုင်ဇေ(မကွေး)**



**၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် တက်ရောက်မည့် ကျောင်းသား၊ကျောင်းသူများ အား ဇွန်လ ၁ ရက်မှ စတင်ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ပွင့်ဖြူမြို့နယ် အခြေခံပညာအထက်တန်းကျောင်းသည် မင်းဘူး-စလင်းကားလမ်းဘေးတွင် တည်ရှိသောကြောင့် ကျောင်းတက်၊ ကျောင်းဆင်းချိန်များတွင် ကျောင်းသား၊ ကျောင်းသူများ ယာဉ်အန္တရာယ် ကင်းရှင်းစေရေးအတွက် မြို့နယ်ရဲတပ်ဖွဲ့ ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့မှ နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။** သတင်းနှင့်ဓာတ်ပုံ- အောင်သူရ(ပွင့်ဖြူ)

# လယ်ယာသုံးရိတ်သိမ်းခြွေလှေ့စက် မောင်းနှင်ခြင်းနှင့် ပြုပြင်ခြင်း ဆွေးနွေး

**ချောင်းဦး ဇွန် ၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့ သမ ဝါယမခန်းမ၌ Daedong လယ်ယာသုံးစက်ကိရိယာဖြင့် ရိတ် သိမ်းခြွေလှေ့စက် မောင်းနှင်ခြင်းနည်းလမ်းနှင့် ပြုပြင်ထိန်း သိမ်းခြင်းဆွေးနွေးပွဲကို မေ ၂၉ ရက် နံနက် ၈ နာရီခွဲ က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်း နှင့်စီးပွားရေးဝန်ကြီး ဦးစိန်မောင်နှင့် ကိုးရီးယားနိုင်ငံမှ Mr.Kim တို့က မိတ်ဆက်အမှာစကားပြောကြားပြီး တိုင်း ဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်အောင်က Daedong လယ်ယာသုံး စက်ကိရိယာဖြင့် ရိတ်သိမ်းခြွေလှေ့စက် မောင်းနှင်ခြင်းနည်းလမ်းနှင့် ပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်းများအကြောင်းအား ရှင်းလင်းဆွေး နွေးပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသည့် တောင်သူများက သိရှိလိုသည်များကို မေးမြန်းရာ ကိုးရီးယားနိုင်ငံမှ Mr.Kim က အကျယ်တဝင့် ပြန်လည်ရှင်းလင်း ပြောပြခဲ့သည်။

**မြို့နယ်ပြန်/ဆက်(ချောင်းဦး)**

**ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၈)၊ မြေကွက်အမှတ်(၈၅၅)ဒေါ်ညွန့်ညွန့်ခင် အမည်ပေါက် ဧရိယာပေ (၄၀×၆၀)ရှိ မြေကွက်၏ မြေချပါမစ်မူရင်းနှင့်မြေငှားစာချုပ်မူရင်း လဲလှယ်ထုတ်ယူခွင့်ပြုပါရန် အမည်ပေါက် ဒေါ်ညွန့်ညွန့်ခင်ထံမှ ဧရိယာပေ (၂၀×၆၀)ကို အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူထားသူ ဦးကျော်ကျော်လင်းနှင့် အမည်ပေါက် ဒေါ်ညွန့်ညွန့်ခင်ကွယ်လွန်ပြီးနောက် အမွေဆက်ခံခွင့်ရှိသူ သားသမီးများထံမှ ကျန်ဧရိယာပေ(၂၀×၆၀)ကို အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူထားသူ ဒေါ်တင်တင်ဝင်းတို့မှ အရပ်ကတိ အရောင်းအဝယ်စာချုပ်၊ မြေချပါမစ်ငွေကျကြောင်း ဘဏ်ထောက်ခံချက်စာရွက်စာတမ်းများ တင်ပြ၍ လျှောက်ထားလာပါသည်။ မြေငှား စာချုပ်မူရင်းလဲလှယ်ထုတ်ပေးခြင်းနှင့်ပတ်သက်၍ ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်ရန်ရှိပါက ယခုကြော်ငြာသည့်ရက်မှစ၍ (၁၄)ရက် အတွင်း ပိုင်ဆိုင်မှုအထောက်အထား မူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက မြေချပါမစ် မူရင်းအားသိမ်းယူ၍ မြေငှားစာချုပ်မူရင်းလဲလှယ်ထုတ်ပေးသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေယာဌာန**

Lotus ဟိုတယ်သင်တန်းကျောင်း School of Hospitality

ပြည်တွင်းပြည်ပရှိ နိုင်ငံတကာအဆင့်မီ ဟိုတယ်၊ စားသောက်ဆိုင်နှင့် အပျော်စီးသင်္ဘောများတွင် ဝင်ရောက် လုပ်ကိုင်လိုသူများအတွက် အောက်ပါဝန်ဆောင်မှုသင်တန်းများကို ဖွင့်လှစ်လိုက်ပါပြီ

၁။ ဧည့်ကြိုနှင့် ဝန်ဆောင်မှုသင်တန်း (Front Office)
၂။ ဟိုတယ်နှင့်အိပ်ခန်းဆောင်ထိန်းသိမ်းရေး သင်တန်း (Housekeeping)
၃။ အစားအစာနှင့် အဖျော်ယမကာ ဝန်ဆောင်မှုသင်တန်း (Food & Beverage Service)
၄။ အဖျော်ယမကာ ဖျော်စပ်ခြင်းနှင့် အခြေခံဝန်ဆောင်မှုသင်တန်း (Bartending)
၅။ အရှေ့တိုင်းနှင့် အနောက်တိုင်းအစားအစာအချက်အပြုတ်သင်တန်း (International Culinary)
၆။ နိုင်ငံတကာမုန့်မျိုးစုံပြင်ဆင်ပြုလုပ်နည်းသင်တန်း (International Bakery & Pastry)
၇။ ဟိုတယ်စီမံခန့်ခွဲမှုသင်တန်း (Hotel Management)
၈။ အင်္ဂလိပ်စာအခြေခံသဒ္ဒါနှင့် စကားပြော (Grammar and Conversational English)

ဇွန်လအတွက် ကျောင်းအပ်လက်ခံနေပြီ

ဝါရင့်ဆရာများကိုယ်တိုင် စနစ်တကျလေ့ကျင့်သင်ကြားပေးပြီး သင်တန်းပြီးဆုံးပါကလုပ်ငန်းခွင် ဝင်ရောက်နိုင်ရန်နှင့် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်နိုင်ရန်ကူညီပေးပါသည်။



အမှတ်(၂၃၁၊ ၂၃၇) ၃-လွှာ၊ မဟာဗန္ဓုလလမ်းနှင့် ၄၉-လမ်းထောင့်၊ ဗိုလ်တထောင်၊ ရန်ကုန်မြို့။
☎ 01-397449, 09-73169207, 09 31624614

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(ဃ)၊မြေကွက်အမှတ်-၃၁၈/ခ၊ မြေကွက် တည်နေရာ-အမှတ်(၃၁၈-ခ)၊ သုခမ္မာလမ်း၊ ဦးစော[၁၂/ဥကမ(နိုင်)၁၀၆၃၃၇] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ခင်ပွန်း ဦးစောကွယ်လွန်သဖြင့် ဒေါ်ပင်တီ[၁၂/ဥကမ (နိုင်)၀၃၂၀၈၈]က တစ်ဦးတည်းသောဇနီးတော်စပ် ကြောင်း ကျမ်းကျိန်လွှာ/သေစာရင်းတင်ပြ၍ ၎င်းထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ် (၁၀၂၈၁/၁၄)ဖြင့်ရရှိသူ ဒေါ်တင်တင်ဌေး [၁၂/ ဥကမ(နိုင်)၁၀၅၆၃၄]ကပါဝါပေးသူ သက်ရှိ ထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာတို့ဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဌာနလုပ်ထုံးလုပ်နည်းနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

**ကန့်ကွက်နိုင်ကြောင်းကြေညာချက်**

ပုသိမ်မြို့နယ်၊ ရွှေသောင်ယံမြို့နယ်ခွဲ၊ ချောင်းသာကျေးရွာအတွင်းရှိ ကွင်းအမှတ်-၁၉၉၀၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်-၃၀၊ အကျယ်ပေ(၆၀×၆၀)၊ အရှည်ပေ(၆၀×၆၀)၊ မြေဧရိယာ (၀. ၀၃၈)ဧကရှိ အရှေ့(ဆ-၇၀)မြေကွက်၊ အနောက်-လယ်ကွင်းလမ်း၊ တောင်ဘက်-သစ်တော ရိပ်သာလမ်း၊ မြောက်ဘက်(ဆ-၇၃)မြေကွက်ဟုခေါ်တွင်သော အလားလေးရပ်အတွင်းရှိ မြေကွက်အမှတ်(ဆ-၇၁)ပါမစ်မြေကွက်အား ဦးမြသိန်း(ဘီအက်စ်အမ်ဒဗလျူ-၀၉၅၇၁၄)မှ ရရှိ-ခဲ့ပြီး ဦးမြသိန်း၏ အထူးကိုယ်စားလှယ်စာရရှိသူ ဦးခင်ယုံ[၁၄/ပသန(နိုင်)၁၄၆၅၄၆]၊ အမှတ်-၉၊ ဈေးချောင်းလမ်း။ ပုသိမ်မြို့နယ်မှ ၎င်းပိုင်ဆိုင်လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ကမ်းလှမ်းချက်အရ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေကျပ်သိန်း(၁၀၀) တိတိအား ပေးချေပြီးဖြစ်ပါသည်။ ယင်းပါမစ်မြေကွက် ပိုင်ဆိုင်မှုနှင့် အရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုပါက ဤကြေညာချက် ပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်း များနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

စရန်ပေးဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-

ဦးနိုင်လင်းထွန်း(စဉ်-၂၇၆၁၅) ဦးသိန်းမြင့်(စဉ်-၆၉၃၀)
အထက်တန်းရှေ့နေ တရားလွှတ်တော်ရှေ့နေ

အမှတ်-၈၃၊ ဒုတိယထပ်၊ အခန်း(၁၁)
ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၉၁၃၆၃၊ ၀၉-၂၅၄၃၄၃၀၃၈

**ကန်ထရိုက်တာ-ဦးလှဝင်း(၁၂/မဂတ(နိုင်)၀၇၁၁၆၂)၊ မြေရှင်-ဒေါ်အေးသီတာ(၁၂/တမန(နိုင်)၀၇၇၀၅၂)တို့နှင့် အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊သယ်န်းကျွန်းမြို့နယ်၊(က)ရပ်ကွက်၊ သဇင်ပန်း လမ်း၊အမှတ်(၅၇/က၊၅၇/ခ၊၅၉/က၊၅၉/ခ)ဟု ခေါ်တွင်သောမြေပေါ်တွင် ဦးလှဝင်းက ကန်ထရိုက်တာအဖြစ်နှင့် ဒေါ်အေးသီတာမှမြေရှင်အဖြစ် ပူးပေါင်းဆောင်ရွက်၍ တိုက်ခန်း များဆောက်လုပ်ရောင်းချခဲ့သဖြင့် ကျွန်ုပ်မိတ်ဆွေ(၂၁)ဦးတို့က ရောင်းဘိုးငွေများကိုအရစ်ကျ ပေးသွင်းခဲ့ကြပြီး ငွေအနည်းငယ်စီသာပေးရန် ကျန်ရှိနေပါသည်။

ဦးလှဝင်းနှင့်ဒေါ်အေးသီတာတို့သည် တိုက်ခန်းများပြီးစီးအောင် ဆောက်လုပ်ခြင်းမပြုဘဲ၊လုပ်ငန်းခွင်ရပ်ဆိုင်းထားခဲ့ကြသဖြင့် ဆက်သွယ်မရဖြစ်နေပါသည်။

အခန်းဝယ်ယူထားကြသူများမှ နစ်နာလျှက်ရှိပါ၍ ဦးလှဝင်းနှင့် ဒေါ်အေးသီတာတို့မှ (၁၅. ၆. ၂၀၁၅)နေ့နောက်ဆုံးထား ဆက်သွယ်ပါရန်နှင့် ပျက် ကွက်ခဲ့ပါက အခန်းဝယ်ယူထားသူအများစု၏သဘောဆန္ဒဖြင့် ဆက်လက်ဆောင်ရွက်မည် ဖြစ်ပါကြောင်း ကြေညာအသိပေးအပ်ပါသည်။

အခန်းဝယ်ယူထားသူ(၂၁)ဦးတို့၏
လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်စန်းစန်းရီ
တရားလွှတ်တော်ရှေ့နေ (စဉ်-၆၅၇၈)
၀၉၄၂၅၀၂၀၄၁၅

# ဟော့ရမ်း သော့သွမ်း အိုင်အက်စ် ခြေလှမ်း

uMb

*မျက်မှောက်ကမ္ဘာတွင် ဖြစ်ပေါ်နေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေးစသည့် နိုင်ငံတကာအရေးကိစ္စများကို မျက်ခြည်မပြတ်လေ့လာနေရန် လိုအပ်ပါသည်။ ထိုသို့လေ့လာနေမှသာလျှင် နိုင်ငံတကာအခင်းအကျင်းများမှ ရယူသင့်သော သင်ခန်းစာများကို ထုတ်ယူနိုင်မည်ဖြစ်ပါသည်။ ကြေးမုံစာဖတ်ပရိသတ်များအား တစ်ပတ်အတွင်းထူးခြားသော နိုင်ငံတကာဖြစ်စဉ်များကို မြင်ဖြင့်သိရှိနိုင်စေရန်အတွက် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း နိုင်ငံတကာသတင်းပုံရိပ်များကို ဖော်ပြအပ်ပါသည်။ (စာတည်း)*



အီရတ်နိုင်ငံ၌ အစ္စလာမ့်စ်နိုင်ငံတော် (အိုင်အက်စ်) စစ်သွေးကြွအဖွဲ့၏ လက်အောက်သို့ မဟာဗျူဟာအရ အရေးပါသော မြို့ကြီးတစ်မြို့ဖြစ်သည့် ရာမာဒီမြို့ ကျသွားခဲ့ပြီး နယ်မြေများကို ဆက်လက်သိမ်းပိုက်နိုင်ရန် ယင်းအဖွဲ့က ခြေလှမ်းများ ပြင်ဆင်လျက်ရှိရာ အကြမ်းဖက်မီးများ ဆက်လက်လောင်မြိုက်နေဆဲပါတကားဟူ၍ ကမ္ဘာသူ၊ ကမ္ဘာသားများက ရင်သပ်ရှုမောအံ့သြကြရလေသည်။

အီရတ်နှင့် ဆီးရီးယားနိုင်ငံတို့၌ စစ်မျက်နှာများကို ပြိုင်တူဖွင့်ကာ စစ်ဗျူဟာခင်းနေကြရသော အချိန်အခါမျိုးတွင် အိုင်အက်စ်ဆန့်ကျင်ရေး အင်အားစုများအနေဖြင့် မြွေပွေးခါးပိုက်ပိုက်ရဘိအလား ဖြစ်ကြရလေပြီ။

အိုင်အက်စ်အဖွဲ့မှာ မာရေကျောရေရှိလှပြီး ထောင်းထောင်းကြေနေသည့် စစ်တလင်းမြေအတွင်း ထပ်မံအင်အား စုစည်းမှုနှင့် နယ်မြေတိုးချဲ့မှုတို့ကို တရွှတ်တိုက်လုပ်ဆောင်နေဆဲဖြစ်လေသည်။

နိုင်ငံတကာ အကြမ်းဖက်မှု ပြဿနာကို ပေယျာလကန် မထားနိုင်သော အမေရိကန် ဦးဆောင်သည့် ညွန့်ပေါင်းအဖွဲ့မှာ အိုးရွဲ့ကို စလောင်းရွဲ့နှင့် ဖုံးအုပ်နိုင်ရန် ကြိုးပမ်းနေသည့်တိုင် အုပ်မရ ထိန်းမရဖြစ်ရလေသည်။

အိုင်အက်စ်တိုက်ဖျက်ရေး နိုင်ငံတကာ ညွန့်ပေါင်းအဖွဲ့သည် ဇွန် ၂ ရက်က ပြင်သစ်နိုင်ငံ ပါရီမြို့တော်၌ တွေ့ဆုံကာ အဆိုပါ စစ်သွေးကြွအုပ်စုအား အလဲဖြိုနိုင်မည့် ဗျူဟာများကို ချမှတ်နိုင်ရန် ထိပ်သီးဆွေးနွေးပွဲ ကျင်းပခဲ့သည်။

အိုင်အက်စ်အဖွဲ့သည် ဆင်ကန်းတောတိုးပြုမူနေသည့်တိုင်အောင် ယင်းအဖွဲ့ တစ်စစ အင်အားကြီးထွားလာနေခြင်းနှင့် နယ်မြေချဲ့ထွင်နေခြင်းတို့ကို လတ်တလော ရပ်တန့်သွားအောင် လုပ်ဆောင်နိုင်ခြင်း မရှိသည်ကား ထင်ရှားလှ၏။ တစ်နှစ်အောက် ကာလအတွင်း အိုင်အက်စ်စစ်သွေးကြွအဖွဲ့ကို ပစ်မှတ်ထား၍ လေကြောင်းထိုးစစ်အကြိမ်ပေါင်း ၄၀၀၀ ကျော် ပြုလုပ်ခဲ့သည့်တိုင်အောင် ယင်းအဖွဲ့မှာ ပြိုကွဲမသွားဘဲ နယ်မြေသိမ်းပိုက်မှုများကို ရှေ့တိုးလုပ်ဆောင်နေဆဲဖြစ်လေသည်။

အိုင်အက်စ်အဖွဲ့အား အပြီးတိုင် ချေမှုန်းနိုင်ရေးမှာ ကာလရှည်စစ်ပွဲတစ်ရပ်ကို ဆင်နွှဲရန် လိုအပ်လိမ့်မည်ဟု အမေရိကန်ဦးဆောင်သော ညွန့်ပေါင်းအဖွဲ့က နားလည်သဘောပေါက်သည်ဟု ပြင်သစ်ဝန်ကြီးချုပ် လောရင့်ဖေးဘတ်စ်က ပြောကြားခဲ့သည်။

မိမိ၏ နိုင်ငံအတွင်း ခြေရှုပ်နေသော အိုင်အက်စ်အဖွဲ့ကို ထိထိရောက်ရောက် ချေမှုန်းနိုင်ရေးအတွက် ကမ္ဘာ့နိုင်ငံများက အကူအညီများပေးကြပါရန် အီရတ်ဝန်ကြီးချုပ် ဟေဒါအယ်လ်အာဘာဒီက ပန်ကြားခဲ့သည်။

"ညွန့်ပေါင်းအဖွဲ့က ထိရောက်တဲ့ အကူအညီတွေ မပေးနိုင်သေးပါဘူး" ဟူ၍ အာဘာဒီက ပါရီဆွေးနွေးပွဲမတိုင်မီ သတင်းထောက်များအား မချိတင်ကဲ ပြောကြားခဲ့သည်။

စစ်ဒဏ်ကို အလူးအလဲခံစားခဲ့ရပြီးဖြစ်သော အီရတ်နိုင်ငံမှာ စစ်ပွဲဒဏ်မှ လူးလွန့်ရုန်းထရန် မနည်းအားယူနေရဆဲမှာပင် အကြမ်းဖက်မှုပြဿနာကို ခါးစည်းခံရပြန်လေရာ ထကားရား ထိုင်ကားရားနှင့် တည်ငြိမ်မှု ပျက်ရလေပြီ။

အမေရိကန် ဦးဆောင်သော ညွန့်ပေါင်းအဖွဲ့က အိုင်အက်စ်အဖွဲ့ကို အလဲထိုးနိုင်ရန် ကြိုးပမ်းနေလင့်ကစား ယင်းအဖွဲ့မှာ ကသောင်းကနင်းဖြစ်မသွားဘဲ အင်အားပိုမိုစုစည်းလာနိုင်ခြင်းမှာ နိုင်ငံတကာ ညွန့်ပေါင်းအဖွဲ့အတွက် ကျားမြီးဆွဲမိသလို ဖြစ်ပေလိမ့်မည်။

အီရတ်ပြည်သူများအတွက် ကျိန်စာသင့်ဘိအလား သတ္တန္တရကပ်(ဝါ) လက်နက်ဘေးကြောင့် သေကျေကြရ၊ ထွက်ပြေးကြရနေဆဲပင်။

လက်ခမောင်းခတ်နေသော အိုင်အက်စ်အဖွဲ့သည် အာရပ်နိုင်ငံများအား ခြိမ်းခြောက်နေသော ဆိပ်လူးမြားအဖြစ် အမေရိကန်ကရှုမြင်ကြောင်း၊ 'အန်ကယ်ဆမ်' (Uncle Sam) ဟူ၍ ချစ်စနိုးခေါ်တွင်ခံရသော အမေရိကန်က အာရပ်မဟာမိတ်နိုင်ငံများအား လုံခြုံရေးအရ ကာကွယ်စောင့်ရှောက်မှုပေးခြင်းနှင့် လက်နက်ရောင်းချပေးခြင်းတို့ ပြုလုပ်ခဲ့သည့်တိုင်အောင် ယင်းနိုင်ငံများမှာ ယခုအခါ ဘေးရန်မလုံခြုံတော့ကြောင်း အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တော် အခြေစိုက် အယ်လ်အာရမ်သုတေသနဌာနမှ နိုင်ငံရေးသုတေသီ ဆာအိဒ် အယ်လ်လာဝင်ဒီက မှတ်ချက်ပြုသည်။

အရင်းစစ် အမြစ်မြေက ဆိုဘိသို့ အိုင်အက်စ်အဖွဲ့ကြီး ခေါင်းထောင်လာနေပြီး နယ်မြေသိမ်းပိုက်မှုများကို ဆက်တိုက်ပြုလုပ်လာနိုင်ခြင်းသည် အီရတ်နိုင်ငံအား အမေရိကန်ကျူးကျော်တိုက်ခိုက်ခဲ့သည့် အကျိုးဆက်အရ ဖြစ်ရကြောင်း လာဝင်ဒီက သုံးသပ်သည်။

၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် အီရတ်နိုင်ငံ တိုက်ဂရစ်မြစ်ကမ်းနံဘေးရှိ အက်ဒါမြို့မှ မြေတိုက်ခန်းကျဉ်းကျဉ်းလေးထဲတွင် ဆက်ဒမ်ဟူစိန်ကို လက်ရဖမ်းဆီးရမိသည့်တိုင် အီရတ်နိုင်ငံမှာ ပြန်လည်အေးချမ်းမလာခဲ့ပေ။

အိုင်အက်စ်စစ်သွေးကြွအဖွဲ့က လွန်ခဲ့သည့် နွေရာသီမှစ၍ စစ်ရေးလှုပ်ရှားမှုများကို အရှိန်အဟုန်မြင့်တင်လာခဲ့ပြီး အီရတ်နိုင်ငံ၏ နယ်မြေများကို သိမ်းပိုက်လာခဲ့သည်။

အရှေ့အလယ်ပိုင်းဒေသ မတည်မငြိမ်ဖြစ်မှုမှာ အိုင်အက်စ်စစ်သွေးကြွအဖွဲ့၏ ခြေလှမ်းများကြောင့် ပိုမိုရှုပ်ထွေးလာရသည်။ အီရတ်မှ အမေရိကန်တပ်ဖွဲ့ ရုပ်သိမ်းခဲ့ပြီးနောက် ဆွန်နီမွတ်စလင်အုပ်စု အစွန်းရောက်အိုင်အက်စ်စစ်သွေးကြွများ ထကြွလာခဲ့လေသည်။

အိုင်အက်စ်အဖွဲ့သည် ဆွန်နီမဟုတ်သည့် အခြားမွတ်စလင်ဂိုဏ်းကွဲများ၊ အခြားဘာသာဝင်များကို ရက်စက်ကြမ်းကြုတ်စွာ သတ်ဖြတ်ခြင်း၊ ခေါင်းဖြတ်သတ်ခြင်း၊ အရှင်လတ်လတ် မီးရှို့သတ်ခြင်းတို့ကို ပြုလုပ်ကြသည်။

၂၀၁၁ ခုနှစ်တွင် အီရတ်နိုင်ငံမှ အမေရိကန်တပ်ဖွဲ့ အောင်ဖျာလိပ်ကာ ရုပ်သိမ်းခဲ့ပြီးနောက် ပထမဆုံးအကြိမ် အယ်လ်ခိုင်ဒါအဖွဲ့နှင့် ဆက်နွှယ်မှုရှိသော အိုင်အက်စ်စစ်သွေးကြွများက ဆီးရီးယားနယ်စပ်ဒေသသို့ ဦးတည်နေသော သဲကန္တာရနယ်မြေရှိ အဓိကမြို့ကြီးများ၏ ဒေသများကို သိမ်းပိုက်ခဲ့ကြသည်။

တုံးတိုက်တိုက် ကမ်းတိုက်တိုက် စစ်သွေးကြွများသည် ဆွန်နီအစွန်းရောက်သမားများ ခြေကုပ်ပြုရာ အီရတ်နိုင်ငံ အန်ဘာပြည်နယ် အနောက်ပိုင်းရှိ ရာမာဒီမြို့နှင့် ဖလူဂျာမြို့တို့မှသည် ရှေးဟောင်းယဉ်ကျေးမှု နယ်မြေများသို့တိုင် သိမ်းပိုက်လာနိုင်ခဲ့သည်။

အီရတ်နှင့် ဆီးရီးယားအစ္စလာမ့်စ်နိုင်ငံတော် ထူထောင်ရေးအဖွဲ့မှ စစ်သွေးကြွများသည် ဆီးရီးယားပြည်တွင်းစစ်၌ ပါဝင်တိုက်ခိုက်နေကြသော သဘောထားအတင်းမာဆုံး အစွန်းရောက်သမားများလည်း ဖြစ်ကြသည်။

ဆီးရီးယားနိုင်ငံ၌ ယနေ့ထက်တိုင်အောင် တောက်လောင်နေဆဲဖြစ်သော ပြည်တွင်းစစ်မီးသည် နယ်စပ်ဒေသကို ဖြတ်သန်းလျက် အီရတ်နိုင်ငံအတွင်းသို့ ကူးစက်လာသည်ဟု ဆိုနိုင်ပေလိမ့်မည်။

လွန်ခဲ့သည့် တစ်နှစ်က ဆွန်နီနယ်မြေအများပြားသို့ စစ်သွေးကြွတို့က ထိန်းချုပ်လိုက်ပြီးနောက် အင်အားပိုမိုကောင်းမွန်လာခဲ့သော အိုင်အက်စ်အဖွဲ့သည် အမေရိကန်ဦးဆောင်သော ညွန့်ပေါင်းအဖွဲ့ကို ပိုမိုစိန်ခေါ်လာဘိသကဲ့သို့ ရှုမြင်ရလေသည်။ ။



## အခန်းဆက်ဝတ္ထုရှည်



# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်

တက္ကသိုလ်ဘုန်းနိုင်

*ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့စဉ် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာ သိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ (စာတည်း)*

**ယမန့်နေ့မှအဆက်**

ဒေါ်လေးသည် စကားရုတ်တရက်မပြန်ဘဲ ကျွန်တော့်ကို စူးစိုက်ကြည့်သည်။ တစ်သက်နှင့်တစ်ကိုယ်မှတ်မိသမျှ ဤအကြိမ်သည် ဒေါ်လေး ဒေါ်စာဥကြီး၏ ပထမဦးစွာသော လေးနက်သည့် အကြည့်ဖြစ်ပါ၏။

"ဘာတွေ သိရတယ်ဆိုတာ . . . ဒေါ်လေး မပြောတော့ပါဘူး။ ဒါပေမယ့် မောင့်ကို တစ်ခု သတိပေးချင်တယ်"

"မောင့်ကို ဘာသတိပေးချင်လို့လဲ"

ဒေါ်လေးသည် မျက်နှာနှင့်လိုက်အောင် တည်ကြည်သောအသံနှင့် ဆို၏။

"စိတ်တစ်ခု ယုတ်ကိုးဆယ်တဲ့ . . .။ အကျယ်က . . . အဲ . . . ဘယ်လောက်မှန်း ဒေါ်လေးမမှတ်မိတော့ဘူး . . . စိတ်ဆိုတာ . . . အင်မတန်ထွေပြားဆန်းကြယ်တယ်။ မိန်းမတွေစိတ်က သာထွေပြားဆန်းကြယ်သေးတယ်။ ဘုရားစူးရစေရဲ့ . . . မယုံမရှိနဲ့။ ဒေါ်လေးကိုယ်တွေ့ . . . အစက ဒေါ်လေးစိတ်ကို ဒေါ်လေးမသိခဲ့ဘူး။ အဝိဇ္ဇာဆိုတာ ဖုံးလွှမ်း လှည့်ဖျားတတ်တဲ့ သဘောရှိတယ် မဟုတ်လား"

ကျွန်တော်က ကြီးကျယ်သော အဘိဓမ္မာများကို ဆိုနေသော ဒေါ်လေးကို အံ့လည်းအံ့သြသည်။

ရယ်လည်း ရယ်ချင်သည်။ သို့ရာတွင် အလေးအနက်ပြောနေသော ဒေါ်လေးကို သရော်ရာရောက်မည်စိုးသောကြောင့် ငြိမ်နားထောင်ရ၏။

"မိုးနဲ့ သရက် . . . အိုးနဲ့ ကြွက်တဲ့။ နားလည်ဖို့ခက်သား မောင်ရဲ့၊ မချစ်တာကိုလည်း ချစ်တယ်မှတ်။

မမုန်းတာကိုလည်း မုန်းတယ် ထင်လိုထင်၊ ဒေါ်လေးစေတနာနဲ့ ကိုယ်တွေ့ကို ပြောပြနေတာနော် . . ."

"အင်းပါ ဒေါ်လေးရယ် . . . ကျွန်တော် နားထောင်နေပါတယ် . . ."

"ဒါပေမယ့် အချက်က တစ်ကွက်တည်းပဲ မောင်ရဲ့။ အချက်ထိရင် ဒက်ကနဲ မှန်တာပဲ။ ဘုရားစူးရစေရဲ့၊ ချစ်တာတို့ မုန်းတာတို့က အောင့်ထားလို့ရတယ်။ ဒေါ်လေး ကိုယ်တွေ့နော် . . .။ အဲ . . . သနားမိရင်တော့ငါးပါးကို မှောက်တာပဲ . . .။ တစ်ခါတည်း သမုဒယသစ္စာကော . . . ဒုက္ခသစ္စာကော . . . မြွေကြီးလင်းမြွေကစားသလို ခါးဖက် ဆက်လိုက်လာတော့တာပဲ တော်ရေ့"

ဒေါ်လေး၏ မြွေကြီးလင်းမြွေ ပဋိစ္စသမုပ္ပါဒ်တရားကို ကျွန်တော် မရယ်နိုင်။ ဘာကြောင့်မသိ၊ ရင်၌တစ်စုံတစ်ခုကို နင့်ကနဲ ခံစားမိသည်။

"ဒေါ်လေး မောင့်ကို ဘာလို့ ဒီစကားတွေ ပြောရတာလဲ"

"ဩော် . . . စေတနာနဲ့ သတိပေးတာလို့ ဒေါ်လေးစကားခံထားသားပဲ။ တစ်ယောက်ကတစ်ယောက်ကို သနားလာပြီဆိုရင် သတိထားလို့။ ဒါပါပဲ"

ဒေါ်လေးသည် ဤအကြိမ်တွင် ကျွန်တော့်အပေါ် မလျှို့ဝှက်စဖူး လျှို့ဝှက်သည် ထင်သည်။

ဤလျှို့ဝှက်ချက်ကို ကျွန်တော်ကလည်း မဖော်လို။

"ကျေးဇူးတင်ပါတယ် ဒေါ်လေးရယ်။ ဒါပေမယ့် တစ်ခုတော့ ပြောမယ်၊ သနားခြင်းက စခဲ့တဲ့သမုဒယသဘောဟာ မေတ္တာစင်စစ်မည်ပေမယ့် ကိုယ်ကျိုးဖက်မှုနည်းတဲ့ သံယောဇဉ်ပေမို့ ဂေဟာသိတပေမနယ်ပယ်မှာ အဖြူစင်နိုင်ဆုံးသော တွယ်တာမှုတရားလို့ ခေါ်ရလိမ့်မယ်။ ဒီအတွက်တော့ ဘယ်သူဟာ ဘယ်သူ့အတွက်မှ ဝမ်းနည်းစရာမရှိဘူး ထင်တယ်"

ကျွန်တော်သည် ဤစကားနှင့် ပိတ်၍ ဒေါ်လေးအပါးမှ ခွာထွက်ခဲ့သည်။ မည်သို့ဖြစ်စေ၊ ကျွန်တော်တို့ သန်လျင်အိမ်ကြီးမှာ စိတ်ချမ်းသာဖွယ်တို့နှင့် ပြည့်နေသည် ထင်ရ၏။

မမေစန်းနှင့် ကိုမောင်ညိုတို့လည်း အကြင်လင်မယားဖြစ်ခဲ့လေ၍ အခါလည်ကျော် သားတစ်ဦးပင်ထွန်းကားခဲ့ပေပြီ . . .။ ဤကလေးသည် ဖေဖေနှင့် မေမေ၏ အသည်းစွဲလည်းဖြစ်သည်။ ဒေါ်လေးဒေါ်စာဥနှင့် ဦးလေးကိုဖိုးခင်၏ အသည်းစွဲလည်း မှန်၏။ ညီငယ်၊ ညီမငယ်မရဖူးသော ကျွန်တော့်အတွက်လည်း ချစ်မဝနိုင်အောင်ရှိသည်။

ဦးထွန်းမောင်ကြီးကလည်း သူ့ခြံတွင်းမှ မှန်မှန်ပြန်လာသည်။မအိုနိုင်သော ဤလူကြီးသည် မပျောက်နိုင်သော အကျင့်အတိုင်း အသီးစုံ၊ အရွက်စုံ ယူယူလာမြဲတည်း။ ကျွန်တော့်ကို ဂုဏ်ပြု၍ "မောင်"ဟုပင် အမည်ပေးထားသော မမေစန်း၏ ကလေးလေးကို ဟိုအသီး ဒီအသီး ခိုးကျွေးမြဲ ကျွေးလျက်ပေတည်း။

ဖေဖေနှင့် မေမေသည် ထာဝစဉ် မေတ္တာဓာတ်ကို ဆောင်တတ်သူများဖြစ်သည်။ မေတ္တာဓာတ်ခြုံသော ဖေဖေနှင့် မေမေတို့၏ အသိုက်အမြုံသည် ထာဝစဉ်ပင် ခိုလှုံဖွယ် အေးချမ်းလှလေသည်တကား။

မကြောင့်မကြ၊ မတောင့်မတနှင့် ကျွန်တော်သည် ရန်ကုန်ဆေးတက္ကသိုလ်၌ ပျော်ရွှင်စွာ ပညာဆက်လက်ဆည်းပူးသည်။

ကျွန်တော့်သူငယ်ချင်း ငြိမ်းမောင်သည် တက္ကသိုလ်နှင့် ဝေးရရှာသည်။

စက်တင်ဘာလအတွင်း၌ ငြိမ်းမောင်သည် ကျွန်တော့်နေရာ လတ္တာလမ်း ဆေးသိပ္ပံကျောင်းဆောင်အခန်း၌ ခေတ္တလာတည်းသည်။ လေတပ်မတော်မှ ခေါ်သော နိုင်ငံခြားပညာတော်သင် ဗိုလ်လောင်းစာမေးပွဲ ဝင်ရန် လာခဲ့ခြင်းဖြစ်၏။

ငြိမ်းမောင်မျက်နှာက ဘဝကို အရှုံးမပေးဟန် ပြုံးရွှင်လန်းဆန်းနေသည်။ နက်မှောင်သော မျက်ခုံးများ အောက်ရှိ မျက်လုံးများသည်လည်း ကြည်လင်ဝင်းလက်နေသည်။

ငြိမ်းမောင် မကြိုက်မုန်းသိသဖြင့် ကြုံခဲ့ကြရသော ကြေကွဲဖွယ်ရာများကို ကျွန်တော်တို့ မပြောကြ။

ဗိုလ်ရွေးအဖွဲ့၌ ငြိမ်းမောင် သွားအစစ်ခံနေသော ရက်များမှအပ ကျန်ရက်များတွင် အားလပ်တိုင်း ကျွန်တော်တို့ သူငယ်ချင်းနှစ်ဦးသည် ရန်ကုန်တစ်မြို့လုံး လျှောက်လည်ကြသည်။ ရုပ်ရှင်ကြည့်ကြသည်။ ပိုက်ဆံတတ်နိုင်သော ကျွန်တော်က ဒကာခံ၍ ဟိုတယ် ကောင်းကောင်းတို့၌ စားကောင်းသောက်ဖွယ် လျှောက်စားကြသည်။

ခိုင့်အကြောင်းကိုပင် စကားစပ်မိ၍ တစ်လုံးတလေသာမန်ပြောရိုးပြောစဉ်ထက် ပိုပြီးမပြောမိကြ။ ပြောမိကြသော အချိန်သည်မူ ရောက်လာခဲ့သည်။ ထိုအချိန်ကျပြန်တော့လည်း တစ်ယောက်ရင်ကို တစ်ယောက် မခွင်းမချန်တမ်း ဖွင့်ပြောမိကြသည်။

ထိုအချိန်ကား . . . မိုးရိပ်စင်၍ နှင်းမှုန်ထင်စ . . .။ နေရာကား . . . ငယ်စဉ်က ကျွန်တော်တို့သုံးဦး ကစားနေကျ မြရာတော ဟိုတစ်စု သည်တစ်စရှိရာ ကျိုက်ဗောမိစေတီအနီးမှ တောင်ကုန်းလေးတစ်ခု . . .။

ကျွန်တော်က သီတင်းကျွတ်ကျောင်းပိတ်ရက်မို့ သန်လျင်သို့ပြန်နေဆဲဖြစ်၏။ ဗိုလ်လောင်းအဖြစ် အရွေးခံရသောကြောင့် ငြိမ်းမောင်က အင်္ဂလန်ကျွန်းသို့ ထွက်ခွာခါနီးဖြစ်၏။

တောင်ကုန်းထိပ်တွင် အတူထိုင်လျက် နေဝင်ပုံကို ကြည့်နေကြရာမှ ငြိမ်းမောင်က စ,မေးသည်။

"မင်း . . . ခိုင့်ဆီက စာရသလားဟင်"

"ဟင့်အင်း . . .၊ ဒါပေမယ့် ငါ စာသုံးစောင်တော့ ရေးထည့်ခဲ့ပါတယ်။ အေး လှိုင့်ဆီကတော့ ပြန်စာရတယ်"

ငြိမ်းမောင်က မသိမသာ သက်ပြင်းချဆိုသည်။

"ငါတော့ စာမှန်မှန်ရတယ်။ မင်းဆီ သူက ဘာလို့ စာမပြန်ရသလဲ . . ."

"မိခိုင်အကြောင်း မင်းသိသားပဲမဟုတ်လား ငြိမ်းမောင်။ သူ စိတ်ကောက်နေတာ ဖြစ်မှာပေါ့။ မင်းဒဏ်ရာရတုန်းက ငါ သူ့ကို တော်တော်ထန်ထန် ဆက်ဆံခဲ့မိတယ်။ ထားပါတော့လေ . . .။ စာထဲ ဘာတွေပါသလဲ။ မင်း အင်္ဂလန်သွားမှာကော သူသိသလား . . ."

"အထူးအထွေတော့ မပါပါဘူး။ မန္တလေးတက္ကသိုလ်ကလောင်ရှင်အသင်းမှာ အမှုဆောင် ဝင်လုပ်နေသတဲ့။ စောင်းနဲ့ သီချင်းကြီးတွေ ဆက်တက်ခွင့်ရလို့ ပျော်သတဲ့။ ဟိုကွာ . . . ဘုံဘာဆိုလဲ အဲဒီပတ်ပျိုးကြီးတောင် ရောက်နေပြီတဲ့ . . ."

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


အောင်နိုင်သူ
အောင်ပွဲဝင်စာစီစာကုံးတွေးနည်းရေးနည်းများ
တန်ဖိုး ၁၅၀၀/-ကျပ်
ရတန်း၊ ၉တန်း၊ ၁၀တန်း
ဦးရဲမြင့် ( မြန်မာစာကထိက-ငြိမ်း )
စာစီစာကုံးနှင့်ပတ်သက်၍ ရေးသားပုံရေးသားနည်းနှင့်အတူ နမူနာပြစာစီစာကုံးများပါ ပါဝင်ပါသည်။ အမှတ်ပေးစည်းမျဉ်းနှင့်ညီသော ရေးသားနည်းများကို ကျောင်းသားရှိသော အိမ်တိုင်း ဆရာ၊ ဆရာမတိုင်း လက်စွဲထားသင့်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။
(၁၀)တန်းကျောင်းသားများအတွက် အောင်ပွဲဝင်
မြန်မာစာဖြေဆိုနည်း အထူးစီဒီခွေ ထည့်သွင်းပေးထားပါသည်။
မဓူမစာပေ
အမှတ်(၂၃၇)၊ ၃၉လမ်း(ထက်)၊ ကျောက်တံတားမြို့နယ်။
ဖုန်း - ၃၉၂၈၃၅၊ ၀၉၅၀၅၆၈၄၃၊ ၀၉၇၃၀၅၉၉၃၅



မြန်မာ့ရိုးရာစကားထာများ
တန်ဖိုး ၃၀၀၀/-ကျပ်
ကြည်ဦး
စကားထာဟူသော ဝေ့လည်ထုံးစံသည် လူအချင်းချင်း တစ်ဦးနှင့်တစ်ဦး အပျင်းလည်းပြေ၊ ပညာလည်းရ၊ ဉာဏ်လည်းရွှင်၊ စိတ်ကူးလည်းထက်မြက်၊ စုပေါင်းဆွေးနွေး ကစားကြလိုသော စိတ်ဓာတ်များ ပေါ်ပေါက် လာစေခြင်း၊ တစ်ကိုယ်ကောင်းဆန်တဲ့စိတ်ကို ဖယ်ရှားလိုသောစိတ်ဓာတ်ရှိခြင်း စသော ရည်ရွယ်ချက်ဖြင့် စီစဉ်ထားပါသည်။ ဤစာအုပ်လေးတွင် စကားထာ၊ စကားလိမ်၊ စကားဝှက်၊ သင်္ချာစကားထာ၊ ပုစ္ဆာစကားထာ၊ ပုံပြင်စကားထာ... စသည့် အကြောင်းအရာများပါဝင်သည်။
မဓူမစာပေတွင် ဝယ်ယူရရှိနိုင်သော စာရေးသူ၏ စာအုပ်များ
၁။ မြန်မာ့စကားပုံ ပုံပြင်များ ၁၃၀၀ိ/-  ၂။ မြန်မာ့ရိုးရာစကားထာများ ၃၀၀၀ိ/-
၃။ လူဝင်စားများနှင့်တွေ့ဆုံခြင်း ၁၅၀၀ိ/-
မဓူမစာပေ
အမှတ်(၂၃၇)၊ ၃၉လမ်း(ထက်)၊ ကျောက်တံတားမြို့နယ်။
ဖုန်း - ၃၉၂၈၃၅၊ ၀၉၅၀၅၆၈၄၃၊ ၀၉၇၃၀၅၉၉၃၅



သမားတော်ကြီး ဦးကျော်လင်း နေလဝိဇ္ဇာ ၏ (၁၅)ကျမ်းမြောက်
နေလ နက္ခတ်ဆေးပညာနှင့် ဓာတ်ကြီးလေးပါး အဖွင့်ဓာတ်ကျမ်း
နေလဓာတ် ပညာ၊ နက္ခတ်မှလာသော ဝမ်းမီးပညာ၊ အာဟာရကြောင့် ဖြစ်သော ဝမ်းမီး (၁၀) ပါး၊ ဓာတ်ကြီး လေးပါး ရှင်းတမ်း ရောဂါကို အနတ္တဉာဏ်ဆိုက်အောင် ရှင်းလင်းဖော်ပြထားပါသည်။
ဖုန်း - ၀၉ ၇၃၁၄၅၀၁၂၊ ၀၉ ၇၃၀၁၉၈၉၇
ထွက်ပြီ



Study in Myanmar (UK Qualification)
အင်္ဂလန်နိုင်ငံရှိ City of Oxford College (အစိုးရ ကောလိပ်) မှ ပေးအပ်မည့် ဒီပလိုမာများကို မြန်မာနိုင်ငံတွင် ကုန်ကျစရိတ်သက်သာစွာဖြင့် တက်ရောက်နိုင်မည့် အခွင့်အလမ်း.....
Diploma in
-Business & Management
-English Studies
CITY OF OXFORD COLLEGE
iAcademic Institute
အခန်း (၈၀၃)၊ ၈ လွှာ၊ ပန်းခြံတာဝါ၊ ရန်ကုန်။ 09 254831911,01 539130





# လယ်ယာမြေပိုင်ဆိုင်မှုပုံစံ (၇) ရရှိမှု အခြေအနေ ကွင်းဆင်းစစ်ဆေး

**မင်းပြား ဇွန် ၆**

ရခိုင်ပြည်နယ် မင်းပြားမြို့နယ်တွင် မြေသိမ်းဆည်းခံရမှုကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် ရခိုင်ပြည်နယ် မြေယာစီမံခန့်ခွဲရေးကော်မတီအဖွဲ့ ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒေါက်တာခင်မောင် ဦးဆောင်သည့်အဖွဲ့သည် မေ ၃၀ ရက် မွန်းလွဲ ၁ နာရီက ပုလဲပေါက်ကျေးရွာသို့ သွားရောက်၍ တောင်သူများနှင့်တွေ့ဆုံပြီး တပ်မတော်မှ စွန့်လွှတ်မြေများ တောင်သူလက်ဝယ်သို့ ရောက်ရှိမှု ရှိ၊ မရှိ၊ လယ်ယာမြေပိုင်ဆိုင်ခွင့် မှတ်ပုံတင်ပုံစံ (၇) ရရှိထားမှုအခြေအနေ၊ တောင်သူများ မြေပြင်တွင် အမှန်တကယ်ရရှိပြီး လုပ်ကိုင်စားနေမှု အခြေအနေတို့အား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရခိုင်ပြည်နယ် မြေယာစီမံခန့်ခွဲရေးကော်မတီအဖွဲ့ ပြည်နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒေါက်တာခင်မောင်နှင့်အတူ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာအောင်ကျော်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်နိုင်၊ မြောက်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးအောင်နိုင်နှင့် စိုက်ကြပ်အဖွဲ့ဝင်များလိုက်ပါခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ကြောင်ရှည်ချောင်းကျေးရွာ၊ အဝရွာကျေးရွာများသို့ ကွင်းဆင်းစစ်ဆေးရာ တပ်မတော်မှ စွန့်လွှတ်မြေဧက အဝရွာကျေးရွာရှိ ၃၂၄ ဒသမ ၅၉ ဧကတွင် တောင်သူ ၁၁၄ ဦး၊ ကြောင်ရှည်ချောင်းကျေးရွာရှိ ၄၀ ဧကတွင် တောင်သူ ၁၀ ဦး၊ ပုလဲပေါက်ကျေးရွာရှိ ၄၂၃ ဒသမ ၉၃ ဧကတွင် တောင်သူ ၂၂၅ ဦးတို့ လုပ်ကိုင်စားသောက်နေကြောင်း သိရသည်။

**မင်းပြားမြို့နယ်ပြန်/ဆက်**



# အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် တားဆီးကာကွယ်ရေး ဥပဒေရေးရာ ပညာပေးဆွေးနွေး

**စစ်တွေ ဇွန် ၆**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းသည် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဇွန် ၃ ရက် နံနက် ၉ နာရီတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် တားဆီးကာကွယ်ရေးတို့အတွက် ဥပဒေရေးရာ အသိပညာပေး ဆွေးနွေးဟောပြောပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးမောင်ရှိန်က အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေများ၊ ကော်မရှင်၏ ဆောင်ရွက်ချက်များအား ရှင်းလင်းဆွေးနွေး ဟောပြောခဲ့သည်။ အဆိုပါ ဟောပြောပွဲအခမ်းအနားသို့ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ယင်းနေ့တွင် စစ်တွေမြို့ သဲချောင်း (ဘင်္ဂါလီ) ကျေးရွာဈေးတွင် ရောင်းဝယ် ဖောက်ကားနေမှုများ၊ လျှပ်စစ်ဓာတ်အားလိုင်း သွယ်တန်းထားရှိမှုများ၊ အငှားယာဉ်များ ပြေးဆွဲနေမှုများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ထို့မှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်သည် ခေါင်းဒုက္ခာကယ်ဆယ်ရေးစခန်းသို့သွားရောက်၍ စခန်းတာဝန်ခံများနှင့်တွေ့ဆုံ၍ လိုအပ်ချက်များအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သက္ကယ်ပြင်ကျေးရွာ အထက်တန်းကျောင်းခွဲ အဆင့်မြှင့်တင်တည်ဆောက်နေမှုအား ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များအား တာဝန်ရှိသူများသို့ မှာကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM)မှ တာဝန်ရှိသူများအား ပြည်နယ်ဝန်ကြီးချုပ်၏ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံပြီး လှေစီးသွားလာသူများ ကူညီစောင့်ရှောက်ရေးဆိုင်ရာကိစ္စများအား ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ရခိုင်ပြည်နယ် ပြန်/ဆက်**

## ရေမျက်ကျေးလက်ကျန်းမာရေးဆေးခန်း ဆောက်လုပ်မှု ရာနှုန်းပြည့်နီးပါးပြီးစီး

**ရေဦး ဇွန် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၏ ၂၀၁၄- ၂၀၁၅ ဘဏ္ဍာနှစ် အကြီးစားပြင်ဆင်ခြင်းလုပ်ငန်း ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၂၀၀ ဖြင့် အလျားပေ ၃၀၊ အနံ ၂၆ပေ၊ အမြင့် ၁၂ပေရှိ အာစီတစ်ထပ် အမျိုးအစား တမာတောတိုက်နယ် ရေမျက်ကျန်းမာရေးဆေးခန်းကို ဇန်နဝါရီလ တတိယပတ်ကစတင်ဆောက်လုပ်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်နီးပါးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ရေမျက်ကျေးရွာအုပ်စု၌ ကျေးရွာပေါင်းငါးရွာရှိပြီး အိမ်ခြေပေါင်း ၅၂၆လုံး၊ လူဦးရေ ၂၉၇၈ ဦးရှိသည်။ ယခင်ကတည်းက ဆေးခန်းရှိခဲ့သော်လည်း ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝမရရှိခဲ့ကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကြောင့် မြို့တက်ဆေးကုသရန် မလွယ်ကူခဲ့ကြောင်း၊ ရေဦးမြို့နှင့် ၂၆ မိုင်ဝေးကြောင်း ဆေးခန်းဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖိုးရှိန်ကပြောသည်။ **သန်းထိုက်(ရေဦး)**

## ရွေးကောက်ပွဲဆိုင်ရာအသိပညာပေး သင်တန်း(၂၀၁၅)ဖွင့်လှစ်

**အထက်မင်းလှ ဇွန် ၆**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇွန် ၄ ရက်နံနက် ၁၀ နာရီက မင်းလှမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှရွေးကောက်ပွဲဆိုင်ရာအသိပညာပေးသင်တန်း(၁/၂၀၁၅)ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးဖိုးတုက ရပ်ကွက်၊ ကျေးရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးစိုးသိန်းက ရွေးကောက်ပွဲဆိုင်ရာကြေညာချက်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဒုတိယဦးစီးမှူး ဒေါ်နှင်းပွင့်ရည်က မဲစာရင်းပြုစုခြင်း၊မဲစာရင်းကိစ္စများကိုပို့ချပေးခဲ့ကြောင်း သိရသည်။ **ကိုသက်(အထက်မင်းလှ)**

**အမည်မှန်**

အဖ ဦးဇော်မင်းထက်၏ သား အထက(၁) ဒဂုံ၊ ပထမတန်း(B)မှ မောင်ဝီလီယံရွှေ့ခေတ်၏ အမည်မှန်မှာ မောင်ဝီလျံရွှေ့ခေတ် ဖြစ်ကြောင်း။

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၈/၄၂၆၅ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

Beaver Group Property Development

Condo ခန်းများ ရောင်းရန်ရှိသည်

ရွှေတိဂုံဘုရား အနီး အနောက်ရွှေဂုံတိုင် ၄ လမ်း ဗဟန်းမြို့နယ်

Lift, Swimming Pool, Gym Room, 24Hour Backup Generator

880 sqft နှင့် 2375 sqft ရေချိုးဆေး, ကြမ်းခင်း, Aircons,

Built in cabinets & wardrobes များ ပါဝင်ပြီး အသင့်နေထိုင်နိုင်သည်။

ရုံးလိပ်စာ၊ အမှတ် ၂၃C ကန်ရိပ်သာလမ်း၊ မရမ်းကုန်းမြို့နယ်

Ph: 09 5153848, 09 5002498, 09 31206779

Email: sales@beavergroup.net

ဝါဆိုသင်္ကန်းများကိုဝယ်ယူလှူဒါန်းနိုင်ကြပါစေ။

ဝိဝိထံဆိုင်နှင့်ရောင်းချလိုသော သင်္ကန်းဆိုင်များထို

လက်ကားဈေးနှင့် ရောင်းပေးပါသည်။

သုခချမ်းသာသင်္ကန်းတိုက်

☎:01-512443,09-73017656,09-5055574,09-799933315




**"၂၃-၃-၂၀၁၅ရက်စွဲပါ ဒေါ်အေးအေးနှင့်ရှေ့နေဦးမောင်မောင်အေးတို့က အများသိစေရန်ကြော်ငြာကို ပြန်လည်ရှင်းလင်းခြင်း"**

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝင်း(AKB- ၂၁၀၈၅၁)သည် ဒေါ်အေးအေးနှင့် ၁၁-၉-၂၀၁၃ ရက်တွင် နှစ်ဖက်သဘောတူ စာချုပ်ချုပ်ဆိုထားပါသည်။ ထိုစာချုပ်ကို ဒေါ်အေးအေးက တစ်ဖက်သတ်ဖျက်သိမ်းခွင့်မရှိပါ။ ထိုစာချုပ်အရ ဒေါ်ဝင်းက ဥပဒေနှင့်အညီ ဆောင်ရွက်လျက် ရှိပါကြောင်း ပြန်လည်ဖြေရှင်းလိုက်သည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးရွှေလှိုင်တင် (စဉ်-၅၉၇၈)

**BA, HGP, DL, DBL**

ရှေ့နေနှင့်စီးပွားရေးလုပ်ငန်းများဥပဒေအကြံပေး

၃၁/ပ-ထပ်၊ ဘိုကလေးဈေးလမ်း၊

ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၀၉-၅၀၅၈၉၀၇

ကျွန်တော်တို့၏ (Fortune Joyce International Co.,Ltd)မှ ရန်ကုန်မြို့တွင်းရှိ နိုင်ငံတကာအဆင့်မီအိမ်ခြံမြေဆောက်လုပ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရှာဖွေနေသောကုမ္ပဏီဖြစ်ပါသည်။ မြေကွက်ဧရိယာအကျယ်အဝန်း အနည်းဆုံး(၁) ဧကနှင့်အထက်ပိုင်ဆိုင်သောမြေရှင်များသို့မဟုတ်အဖွဲ့များ၊ စိတ်ပါဝင်စားသူများ အတူတကွ ပူးပေါင်းပြီး အောင်မြင်ဖွံ့ဖြိုးမှုအတွက် အကောင်အထည်ဖော်ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

ကျွန်တော်တို့ကုမ္ပဏီသည် ငွေကြေးရင်းနှီးမြှုပ်နှံမှုအင်အား တောင့်တင်းပြီး ကျွမ်းကျင်ပညာရှင်များနှင့် ပြည့်စုံကာ အကြီးစားကုန်တိုက်များ၊ အဆင့်မြင့်ဈေး ဝယ်စင်တာ၊ စိမ်းလန်းစိုပြည်မှုကိုဦးစားပေးတည်ဆောက်သော နိုင်ငံတကာအဆင့် မြင့်ကွန်ဒိုများ၊ နေအိမ်များတည်ဆောက်ခြင်းအတွေ့အကြုံများပြားသောကုမ္ပဏီ ဖြစ် ပါသည်။ ကုမ္ပဏီမှ မြန်မာနိုင်ငံတွင် ဝန်ထမ်းအင်အား(၄၀၀)ကျော်ရှိပြီး လက်ရှိ ရန်ကုန်မြို့တစ်မြို့တည်းတွင် အိမ်ခြံမြေ အကောင်အထည်ဖော်တည်ဆောက်နေဆဲ Project က(၄)ခုရှိနေပါသည်။ အိမ်ခြံမြေဖွံ့ဖြိုးတိုးတက်မှုကဏ္ဍပိုင်းတွင် မည်သည့် ရှုထောင့်မှ ကြည့်သည်ဖြစ်စေ၊ ကျွန်တော်တို့သည် လူကြီးမင်း၏အကောင်းဆုံးလုပ် ဖော်ကိုင်ဖက်အဖြစ်ရပ်တည်လျက် လက်ကမ်းကြိုဆိုနေပါသည်။ လူကြီးမင်း၏ ဆက်သွယ်မှုနှင့် လက်တွဲလုပ်ဆောင်မှုကို စောင့်မျှော်နေပါမည်။

ဆက်သွယ်ရန် - ကိုရန်အောင် 09-43125649

ကိုအောင်မင်းဦး 09-254275066

လိပ်စာ- Yankin Township, Yankin Road, CMA Old Building 3rd Floor

Ps; မြန်မာအင်ဂျင်နီယာ၊ **Hotel Management** နှင့် အိမ်ရာအရောင်းဝန်ထမ်းများကိုလည်း ဖိတ်ခေါ်ပါသည်။ လစာကောင်းမည်။



ဖတ်စရာ

# မြန်မာ့ရိုးရာနွားမွေးမြူရေးလုပ်ငန်း အကျိုးတူမွေးဘက်ကျောင်းစနစ်

**ခ** တိမ်တမန်

မြန်မာ့ရိုးရာ နွားမွေးမြူရေးလုပ်ငန်းမှာ နယ်လှည့်၍ စားကျက်ပြောင်းကာမွေးမြူရသော လုပ်ငန်းတစ်ခုဖြစ်သည်။ အမရပူရမြို့ဘက်သို့ ပျားရွာ၊ မြို့သာ၊ သရက်ကန်ရွာတို့မှ နွားမတိုက်များသည် တပို့တွဲလတွင် ရောက်ရှိလာတတ်ကြသည်။ အမရပူရမြို့နယ် တောင်သမန်အင်းနှင့် ဆက်စပ်နေသော ယာမြေများမှာ တပို့တွဲလ၊ တပေါင်းတို့တွင် ပဲရိတ်သိမ်း၍ စားကျက်မြေကျယ်သောကြောင့် ရောက်လာခြင်းဖြစ်သည်။

နွားမခြံတစ်ခြံလျှင် နွားမကောင်ရေ အနည်းဆုံး ၂၅ကောင်မှ အကောင် ၁၀၀ အထိ ပါဝင်ပြီး နွားမခြံများအစုအဖွဲ့လိုက် စု၍နေထိုင်လေ့ရှိသည်။ လယ်သမားများတွင် ကိုယ်ပိုင်နွားတိုက်ဖြင့် လှည့်လည်နေသူများရှိသကဲ့သို့ အငှားနွားမွေးဘက်ပေးစနစ်ဖြင့် နွားကျောင်းခြင်းပြုလုပ်သူများလည်းရှိသည်။

မွေးဘက်ပေးစနစ်တွင် ပိုက်ဆံရှိသည့် ကျေးလက်ဒေသများမှလူများသည် နွားအကောင်ရေ ၂၀ ခန့်ဝယ်ယူပြီး အကောင်တိုးစနစ်ဖြင့် မွေးမြူကြသည်။ ထိုသူများစုပေါင်း၍ နွားကျောင်းသူ၊ မွေးဘက်မွေးသူတို့ကို ရှာကြရသည်။ လူငါးဦးပေါင်းပါက နွားအကောင်ရေ ၁၀၀ ခန့်ဖြစ်သွားသည်။

နွားကျောင်းသူသည် နွားကျောင်းခအဖြစ် နွားနို့ကိုညှစ်ပြီး ရောင်းချစားသောက်ကြရသည်။ နွားနို့ကို အပိုင်ရကြသည်။ တိုးပွားလာသော နွားများထဲမှ တစ်နှစ်လျှင် နွားနို့ခွဲကြီး တစ်ကောင်နှုန်း နွားကျောင်းခအဖြစ် အဖက်ပေးလေ့ရှိသည်။ နွားမများနို့ရခြင်း၊ မရခြင်းမှာ စားကျက်မြေ အစာပေါခြင်း၊ မပေါခြင်း၊ မွေးနွားများခြင်း၊ မများခြင်းပေါ် မူတည်သည်။ နွားမများသည် တစ်နှစ်တစ်သား၊ သို့မဟုတ် နှစ်နှစ်တစ်သားနှုန်း မွေးလေ့ရှိသည်။ နွားကျောင်းသူများသည် နွားကျောင်းခအဖြစ် ရရှိသောနွားများကို ထပ်မံမွေးထားခြင်း တစ်ခါတစ်ရံရောင်းစားခြင်းများ ပြုလုပ်ကြသည်။ နွားပိုင်ရှင်များကမူ နွားအကောင်ရေတိုးပွားမှုကိုသာ အလေးထားပြီး နွားမ မွေးပါက ခြံထဲတွင် ဆက်မွေးပြီး နွားထီး မွေးပါက ရောင်းချလေ့ရှိကြသည်။ လက်ရှိကာလတွင် နွားနို့ခွဲကြီး ဗမာနွားတစ်ကောင်လျှင် ငွေကျပ် တစ်သိန်းကျော် နွားမ ချောပါက ငွေကျပ် ၃၅၀၀၀၀ မှ ၄၀၀၀၀၀ အထိရရှိသည်။

နွားမခြံသမားများသည် စားကျက်ပေါသည့်နေရာ လမ်းပန်းဆက်သွယ်ရေးကောင်းသည့်နေရာတွင်နေလေ့ရှိသည်။ သို့မှသာ နွားနို့ရောင်းရန် သယ်ယူရလွယ်ကူခြင်း၊ နွားမခြံမှ နွားချေးများကို ရောင်းချနိုင်ခြင်းတို့ပြုလုပ်နိုင်မည်ဖြစ်သည်။ လက်ရှိကာလတွင် မြန်မာ့ရိုးရာနွားမွေးမြူရေးလုပ်ငန်းတွင် အကျိုးတူမွေးဘက်ကျောင်းစနစ် ပြုလုပ်သူများပြားလျက်ရှိသည်။





# ကိုယ့်အားကိုယ်ကိုး ကျေးရွာကုန်ထုတ် လမ်းမ မြေသားလမ်းဖောက်လုပ်

**ကနီ ဇွန် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် မဲဒင်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ဒေသထွက်သီးနှံများ မုံရွာမြို့သို့ အချိန်နှင့်တစ်ပြေးညီ ကုန်းလမ်းမှ မော်တော်ယာဉ်များဖြင့် တင်ပို့ရောင်းချနိုင်ရန်အတွက် ယင်းကျေးရွာများ၊ ကနီ- မင်းကင်းလမ်းနှင့် ဆက်သွယ်သော ကျေးရွာများမှ ကိုယ့်အားကိုယ်ကိုး မြေသားလမ်းဖောက်လုပ်ခြင်းကို ဇွန် ၁ ရက်က တာဝန်ရှိသူများလာရောက် ကြည့်ရှုအားပေးကာ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

အဆိုပါ မြေသားလမ်းသည် ပေပေါင်း ၃၁၆၀၀ ကျော်ရှည်ကာ ကနီ-မင်းကင်း လမ်းမကြီးနှင့် ဆက်သွယ်ဖောက်လုပ်ခြင်းဖြစ်သည်။ ယင်းမဲဒင်ကျေးရွာအုပ်စုသည် ချင်းတွင်းမြစ်၏ အနောက်ဘက်ခြမ်းတွင်တည်ရှိပြီး မိုးတွင်းကာလများတွင် ချင်းတွင်းမြစ်ရေလျှံတက်လာပါက စက်လှေယဉ်များဖြင့် သွားလာရသည်။

ကုန်စည်ပို့ဆောင်မှု၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြားလူမှုရေးကိစ္စများလည်း အခက်အခဲများရှိသည်။ ယင်းဒေသသည် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ကြသဖြင့် ဒေသထွက်သီးနှံများကို ရာသီမရွေး သွားလာကူးသန်းနိုင်ရန်အတွက် မဲဒင်ကျေးရွာအုပ်စုအတွင်းမှ ပြည်သူများနှင့် အဝေးရောက် အလှူရှင်များမှ ငွေကြေးလှူဒါန်းမှုနှင့် မြို့နယ်မှတာဝန်ရှိသူများက စက်ယန္တရားရရှိရေး ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ ဒီကျေးရွာကုန်ထုတ်လမ်းမ မြေသားလမ်းဖောက်လုပ်ပြီးစီးပါက မဲဒင်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာလေးရွာမှ ဒေသခံပြည်သူ သုံးထောင်ကျော်တို့ရဲ့ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဒီထက်မကဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

**သန်းဌွေးအောင်(ကနီ)**

Official University Partners
"Recongnized European Master"
အရည်အချင်းပြည့်ဝသော Business Leader များအတွက် Switzerland နိုင်ငံနှင့် Poland နိုင်ငံတို့မှ တိုက်ရိုက်ချီးမြှင့်ပေးအပ်သော
ROBINSON Business School
VICTORIA UNIVERSITY
UNIVERSITY of INFORMATION TECHNOLOGY and MANAGEMENT in Rzeszow, POLAND
Postgraduate Programme
MBA
Master of Business Administration
Awarded by Victoria University Switzerland
MIM
Master of International Management
Awarded by University of Information Technology & Management
DUAL Master In MBA & MIM
တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသောကျောင်းသား၊ကျောင်းသူများအတွက်
BBA Bachelor of Business Administration (Management) Dip-Business Only
BBA Bachelor of Business Administration (Entrepreneural Management) Dip - Any Discipline
BBA Bachelor of Business Administration Grade 11
Free! English Class June-Intake Enroll Now!
Scolararship Available
FREE! Consultation and Entrance Test
09 4200 53536
09 431 96211
RBS City Campus #206-E, Level-2, La Pyayt Wun Plaza, Alan Pya Pagoda Rd, Dagon Tsp, YGN. www.rbsmm.com

Myanma Awba Group
No.33,Shwe Padauk Yeik Mon, Bayint Naung Road, Kamaryut Tsp
09-421041463

(1) **English Translator** M/F- 2Posts
- Bachelor's degree in English or equivalent
- Min 2 years experience in related field(fresh graduates are also welcome)
- Excellent English and communication skill, strong computer literacy

(2) **Web Developer** M/F- 1Post
- Bachelor's degree in relevant course
- Min 2 years of experience in building creative websites/ web applications
- Must be experienced with CMS, e-commerce Magento, PHP, HTML5, CSS3, JavaScript, Photoshop, Illustrator, InDesign

(3) **Market Communication Assistant** M/F- 1Post
- Must be B.Ag or B.Agr.Sc graduate
- Preferable from advertising field
- Computer and English proficiency

(4) **Junior Technician(M&E)** M- 4Posts
- Bachelor's degree in relevant course
- At least 2 experience in building maintenance (air-con, water supply and sanitary, mechanical/electrical main- tenance)

(5) **Receptionist** M- 1post
- Any Graduate
- Good command of English
- Pleasant Personality and good interpersonal skill

(6) **LED Car Driver** M- 2 Posts
- D-License holders, can drive 4-5 tons weighted LED cars and willing to travel
- Salary Range (200,000-250,000)+Travel Allowance

Interested candidates are welcome to submit CV and related documents to the above address or thinzarwin @ awba-group. biz not later than 20-6-2015.

23 မဆလာ (ဟင်းခတ်အမွှေးအကြိုင်)
ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုး၊ ဂဏန်း၊ ငါး၊ ကြက်သား၊ သိုးသား၊ ဆိတ်သားနှင့် အမဲသားတို့တွင် အနံ့အရသာအတွက် ဖြည့်စွက်နိုင်ပါသည်။
အမှတ်(၁၃၀)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၅၄၆၃၂၂၊ ၀၉၇၃၀၀၅၆၃၈၊ ၀၉၈၆၁၆၇၄၅၊ ၀၉၂၅၀၄၉၉၇၂၆

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း
ကျွန်မ ဒေါ်ခင်မာချို[၁၂/မဂဒ(နိုင်)၀၁၉၈၁၅]၏သမီးဖြစ်သူ မဇင်ခိုင်လင်း[၁၂/မဂဒ(နိုင်)၁၆၀၈၃၂]သည် မိဘများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး မိမိသဘောဆန္ဒအရ နေအိမ်မှ ဆင်းသွားပါသဖြင့် ၎င်းအား ကြော်ငြာပါသည့်နေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။
ဒေါ်ခင်မာချို

## ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း
ကျွန်တော် ဦးမောင်မောင်လွင်[၁၀/မလမ(နိုင်)၁၃၀၈၀၈] ကိုင်ဆောင်သူ၏ ဇနီးဖြစ်သူ ဒေါ်နေခြည်စန်း[၃/ဖပန(နိုင်)၀၀၄၅၆၆]သည် ခွင့်လွှတ်နိုင်ဖွယ်မရှိသော ကိစ္စရပ်များကို ပြုလုပ်ပြီး နေအိမ်မှ မိမိသဘောအလျောက် ထွက်ခွာတိမ်းရှောင်သွားပါသဖြင့် ဇနီးအဖြစ်မှ အပြီးအပိုင် စွန့်လွှတ်လိုက်သည်။
ဦးမောင်မောင်လွင်[၁၀/မလမ(နိုင်)၁၃၀၈၀၈]

## အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ ကြိုတင်လုပ်ငန်းညှိနှိုင်းစည်းဝေး

**တာချီလိတ် ဇွန် ၆**

ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးနှင့် (၁၈)ကြိမ်မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ စာစီစာကုံး ပြိုင်ပွဲများတွင် ဆုရကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်နိုင်ရေးအတွက် ကြိုတင်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၄ ရက် နံနက် ၁၀ နာရီက တာချီလိတ်ခရိုင် အထွေထွေ အုပ်ချုပ်ရေးမှူး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါအခမ်းအနားတွင် ခရိုင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေက အဖွင့်အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးလှမင်းက အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ယင်းမာစီမံချက်တွင် တာဝန်ပေးအပ်ထားသည့် လုပ်ငန်းတာဝန်တစ်ခုချင်းအလိုက် ကော်မတီဖွဲ့စည်းထားမှု အခြေအနေများအားလည်းကောင်း၊ ယခင်နှစ် ကျင်းပပြုလုပ်သည့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် ရန်ပုံငွေကောက်ခံရရှိမှုနှင့် ငွေစာရင်းသုံးစွဲမှု မှတ်တမ်းအား ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ လက်ထောက်ညွှန်မှူး ဦးမျိုးသက်အောင်ကလည်းကောင်း၊ ယင်းနောက် လုပ်ငန်းဆပ်ကော်မတီကိုးခုမှ လုပ်ငန်းဆောင်ရွက်မည့် အခြေအနေ အားလည်းကောင်း၊ တက်ရောက်လာကြသည့် ကော်မတီအဖွဲ့ဝင်များမှ ထပ်မံအကြံပြုချက်များအား လည်းကောင်း ခရိုင်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးက ဆပ်ကော်မတီအသီးသီး၏ တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးခဲ့ကြောင်းသိရသည်။

**မော်ကြီး(တြိဂံနယ်မြေ)**

## ရေအိုးစင်–ကြက်ပေါင် မေတ္တာပေါင်းကူးတံတားဖွင့်

**ပုသိမ် ဇွန် ၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ၁၀ ရပ်ကွက် မေတ္တာပေါင်းကူးတံတား ဖွင့်ပွဲအခမ်းအနားကို ဇွန် ၄ ရက် နံနက် ၉ နာရီခွဲက ရေအိုးစင်-ကြက်ပေါင်တံတားနေရာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဖွင့်ပွဲတွင် တံတားကို စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဝင်းနိုင်၊ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်စိန်၊ တံတားဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌဦးဌေးအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဝန်ကြီးချုပ်က တံတားကမည်းမော်ကွန်းကျောက်စာအား အမွှေးနံ့သာရည်များ ပတ်ဖြန်းပေးခဲ့သည်။

ယင်းနောက် ကြက်ပေါင်ကျေးရွာ သာသနာသိပ္ပကျောင်းတိုက်၌ ဒုတိယပိုင်း အစီအစဉ်ကို ဆက်လက်ကျင်းပရာ ဝန်ကြီးချုပ်ဦးသိန်းအောင်က အဖွင့်အမှာစကား ပြောကြားပြီး လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌက ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့သည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်စိန်က ဝမ်းမြောက်စကား ပြောကြားပြီး အနီးပတ်ဝန်းကျင်ရှိ ဒေသများမှ ကျေးရွာအုပ်ချုပ်ရေးမှူးများက ကျေးရွာများ၏ လိုအပ်ချက်များကိုတင်ပြကြရာ တိုင်းဒေသကြီး ကျေးလက်ဦးစီး၊ ဆည်မြောင်း၊ ပညာရေး၊ ဆက်သွယ်ရေး၊ ကျန်းမာရေးဌာနတို့မှ ဆောင်ရွက်ကြမည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားကြသည်။

ယင်းတံတားသည် ပုသိမ်မြို့နယ်(၁၀)ရပ်ကွက် ရေအိုးစင်၊ ကြက်ပေါင်ကျေးရွာအုပ်စုတို့ကို ဆက်သွယ်ထားသော လမ်းမပေါ်တွင် တည်ရှိပြီး တံတားအရှည် ၁၆၈ ပေ၊ အကျယ် ၁၃ ပေ ရေကင်းလွတ်အမြင့် ၁၀ ပေ ကိုးလက်မရှိပြီး ကုန်ကျငွေ ကျပ်သိန်း ၉၈၀ ကုန်ကျခံကာ တည် ဆောက်ခဲ့ရာ ပြည်သူမှ ကျပ်သိန်း ၃၅၀ ကျခံခဲ့ကြောင်း သိရသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**

## ချို့တဲ့ ကျောင်းသား/သူများအား ကျောင်းသုံးပစ္စည်းများ ထောက်ပံ့

**မန္တလေး ဇွန် ၆**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ချမ်းအေးသာစံအရှေ့ရပ်ကွက်ရှိ ချို့တဲ့ ကျောင်းသား၊ ကျောင်းသူများအား ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အကွက်မှူးများ၊ ရပ်ကွက်ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့ဝင်များက ကျောင်းဝတ်စုံ၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၄ ရက် နံနက် ၁၀ နာရီက အမှတ် (၁၅) အခြေခံပညာအထက်တန်းကျောင်းခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။



အခမ်းအနားတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဌေးက လှူဒါန်းရခြင်း အကြောင်းပြောကြားပြီး မူလတန်းနှင့်အလယ်တန်းချို့တဲ့ ကျောင်းသား၊ ကျောင်းသူ ၁၀၈ ဦးအား တစ်ဦးလျှင် ဗလာစာအုပ်တစ်ဒါဇင်နှင့် စာရေးကိရိယာများအားပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာမြတ်စိုးမိုးနှင့် ဆရာမများက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားခဲ့သည်။

အလားတူ နံနက် ၁၁ နာရီတွင် ချမ်းအေးသာစံအရှေ့ရပ်ကွက် ၈၁ လမ်း ၂၇ လမ်း နှင့် ၂၈လမ်းကြားရှိ အမှတ် (၁၈) မူလတန်းကျောင်းရှိ ချို့တဲ့ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းဝတ်စုံ၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့ခဲ့ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## သဲဖြူမမွှစကူးလ်မှ သစ်ပင်များစိုက်ပျိုး

**ငါန်းဇွန် ဇွန် ၆**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့ သဲဖြူမမွှစကူးလ်မှ ဆရာတော် ဘဒ္ဒန္တနရပတိ၏ ဩဝါဒခံယူပြီး ကျောင်းအကျိုးတော်ဆောင်များနှင့် အခမဲ့ကွန်ပျူတာသင်တန်းသား၊ သင်တန်းသူ ၄၂ ဦးတို့ စုပေါင်း၍ ဇွန် ၄ ရက် နံနက် ၇ နာရီမှစ၍ မိုးကောင်းဘုရားဝင်း ဝဋ္ဋတက္ကမြေ၌လည်းကောင်း၊ ငါန်းဇွန်မြို့ အခြေခံပညာ အထက်တန်းကျောင်းတွင်လည်းကောင်း၊ သုသာန်ဝင်းတွင်လည်းကောင်း အရိပ်ရ တည်ပင် ၂၅ ပင်၊ မယ်ဇယ်ပင် ၃၀ တို့ကို ရေလောင်း စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**သက်နောင်ဦး(ငါန်းဇွန်)**


### ဖိတ်ကြားလွှာ

ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ချီးမြှင့်သော ဂုဏ်ထူးဆောင် စာပေပါရဂူဘွဲ့ Doctor of Letters (Honoris Causa) ရရှိကြသည့် စာရင်းအင်းပညာဌာနတွင် တာဝန်ထမ်းဆောင်ခဲ့သော ဆရာကြီး Dr.ခင်မောင်ညွန့် (ပါမောက္ခ ချုပ်ငြိမ်း)၊ ဆရာကြီး Dr.သက်လွင် (ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်များအဖွဲ့) နှင့် ဆရာမကြီး Dr.ဒေါ်ခင်စန်းမြင့် ပါမောက္ခ(ဌာနမှူး) ငြိမ်း တို့အား မြန်မာနိုင်ငံ စာရင်းအင်းပညာအသင်း မိသားစုမှ ကြီးမှူးကျင်းပသည့် ဂုဏ်ပြုပွဲအထိမ်းအမှတ်ကို အောက်ပါအစီအစဉ်အတိုင်းကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် စာရင်းအင်းပညာသင်ကြားခဲ့သော/သင်ကြားဆဲ ကျောင်းသား/ကျောင်းသူများအား ကြွရောက်ချီးမြှင့်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် ၂၁.၆.၂၀၁၅ (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် နံနက် (၈း၀၀) နာရီ
ကျင်းပမည့်နေရာ Shwe Shan Kan Restaurant (Innya Road)

(ဂုဏ်ပြုပွဲတက်ရောက်ရန် လက်မှတ်တစ်ဆောင်လျှင် ၁၀၀၀၀ ကျပ်)

ဆက်သွယ်ရန်

| | | | |
|---|---|---|---|
| ဦးတင်အောင် | : 09 26 100 1875 | ဒေါ်တင်မမစိုး | : 09 5090 577 |
| ဦးမြသောင်း | : 09 430 91507 | ဒေါ်နန်းထွေး | : 09 730 22823 |
| ဦးလေးကြည် | : 09 254 263 964 | ဒေါ်စန်းစန်းဌေး | : 09 5145 156 |
| | | ဒေါ်သန်းသန်းဝင်း | : 09 732 44992 |









### စင်ကာပူနိုင်ငံ သူနာပြု ဒီပလိုမာ (အခမဲ့) ပညာသင်ဆု(၁၁)ကြိမ်မြောက်ခေါ်ယူခြင်း

- စင်ကာပူနိုင်ငံ နာမည်ကြီး တက္ကသိုလ်များတွင် (၃)နှစ် အခမဲ့ပညာသင်ခွင့်ရသည့်အပြင်
- လစဉ် – S$ 350 ၊စားစရိတ်နှင့် အထွေထွေသုံးရန် S$ 550 ၊စုစုပေါင်း S$ 900 ရသည်။
- ဒီပလိုမာရရှိပြီးပါက (S-pass) ဖြင့် အလွယ်တကူ အလုပ်ရရှိမည် ဖြစ်ပါသည်။

လူဦးရေတန့်သတ်ထားသောကြောင့် အရည်အချင်းပြည့်မီသူများ အမြန်ဆုံးစာရင်းပေးသွင်းကြပါရန်။
(ယခုနှစ် ရွေးချယ်မှု ပုံစံပြောင်းလဲသည်။)

**လိုအပ်သောပညာအရည်အချင်း**

- အသက် (၁၆)နှစ်မှ (၂၂)နှစ် အတွင်း (၁၀)တန်းအောင် (သို့) တက္ကသိုလ်တက်ဆဲ
- (၁၀)တန်းတွင် အမှတ်ကောင်းကောင်းဖြင့် အောင်မြင်သူများသာ ဝင်ရောက်ဖြေဆိုခွင့်ရှိသည်။
- အမှတ်စာရင်းအား ပညာရေးဌာနနှင့် တိုက်ဆိုင်စစ်ဆေးပါမည်။

ဤအစီအစဉ်ကို **သုခစုစံ** ကုမ္ပဏီတစ်ခုတည်းသာ စီစဉ်ခွင့်ရှိသောကြောင့် အသေးစိတ် သိလိုပါက ကာယကံရှင်ကိုယ်တိုင် အုပ်ထိန်းသူနှင့်အတူ ကုမ္ပဏီသို့ တိုက်ရိုက်ဆက်သွယ်ပါရန် နှင့် အခြားမည်သူကိုမျှ သင်တန်းဖွင့်လှစ်ခွင့် နှင့် ကိုယ်စားလှယ်ပေးထားခြင်း မရှိပါ။

မိမိအရည်အချင်းပြည့်ဝမှသာ ရွေးချယ်ခံရမည်ဖြစ်ပြီး ၊ ရွေးချယ်မှုခံရစေရန် ကုမ္ပဏီမှဝန်ထမ်းများအပါအဝင် မည်သူ့ကိုမျှ လက်ဆောင်၊ ငွေကြေးများ ပေးရန်မလိုပါ။ တောင်းယူခြင်း၊ လက်ခံခြင်းပြုပါက ကုမ္ပဏီအကြီးအကဲများအား ချက်ချင်း သတင်းပေးကြပါရန်။

ပညာသင်ဆု ရွေးချယ်သည့် အစီအစဉ်သာ ဖြစ်ပါသည်။ ကျောင်းလခဖြင့် တက်ရောက်လိုသော ကျောင်းသားများ စုဆောင်းခြင်းမဟုတ်ပါ။

**သုခစုစံ ကုမ္ပဏီ** ပန်းဆိုးတန်းမှတ်တိုင်၊ ကုန်သည်လမ်းမကြီး နှင့် (၃၉–လမ်းထောင့်)၊ တိုက်အမှတ် (၅၀၆)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ။ www.tksstkss.com

ဦးအောင်အောင်
B.A Econ; MPA; ACCA Part(II); D.A(UK); Dip in Stats;DMAc

LCCI
Level I+II 15%Dis: Level III 15%Dis:
SAT-SUN 7-8:30 am 20.6.15
THU-FRI 9:30-11:30 am 25.6.15
SUN 2-5:00 pm 5.7.15
(A) MON to WED 10 am-4 pm 22.6.15
(B) SUN 9 am-5 pm 28.6.15
(C) MON to SUN 6 pm-8 pm 6.7.15
အမှတ်(၂၃၉)၊ ၃ထပ်(ဘယ်)၊ ဘားလမ်း
ကျောက်တံတားမြို့နယ်။ ဖုန်း-၀၉ ၅၁၀၃၀၀၂၊ ၀၉ ၉၇ ၅၁၀၃၀၀၂၊ ၀၉ ၇၈ ၅၁၀၃၀၀၂

## မှတ်တမ်းတင်ဂုဏ်ပြုကျေးဇူးတင်လွှာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ရှိ တောင်သူလယ်သမားဦးကြီးများအား ဂုဏ်ပြုသောအားဖြင့် မြန်မာတို့၏ကျေးလက်ရိုးရာအားကစားကို တိုးတက်ဖြစ်ထွန်းစေရန်၊ ၎င်းမှတစ်ဆင့် ကမ္ဘာလှည့်ခရီးသွားများစိတ်ဝင်စားစေရန် ရည်ရွယ်ကာ မြန်မာ့ရိုးရာနွားလှည်းပြိုင်ပွဲနှင့် မြန်မာ့ရိုးရာမြင်းစီးပြိုင်ပွဲများကို မြန်မာသာမက ကမ္ဘာသို့တိုင်အောင် ပျံ့နှံ့ရန်ရည်ရွယ်၍ ကျင်းပပေးသော အာရှခြင်းလုံးအဖွဲ့ချုပ်နှင့် **မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဝေရောစနကျောက်စိမ်းစေတီတော်အလှူရှင် ဦးစိုးနိုင် (အေးအေးခိုင်ကုမ္ပဏီလီမိတက်)**အား နွားလှည်းပြိုင်ပွဲနှင့် မြင်းစီးပြိုင်ပွဲကျင်းပရေးကော်မတီမှ အားလုံးကိုယ်စား အထူးကျေးဇူးတင်စွာဖြင့် မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

**နွားလှည်းပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ -ဦးလှိုင်**
**မြင်းစီးပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ -ဒေါက်တာဆန်းထွန်းဦး(B.V.Sc)**

## (၃၅)နှစ်ပြည့် ကျောက်စိမ်းရတုမင်္ဂလာဆုမွန်လွှာ

၂၀၁၅ ခုနှစ်၊ ဇွန်လ (၇)ရက်နေ့မှာ ကျရောက်သော **ဖေဖေ ဒေါက်တာထွန်းရွှေ-မေမေ ဒေါ်ခိုင်ခိုင်သင်း**တို့၏ **(၃၅)နှစ်ပြည့် ကျောက်စိမ်းရတု** မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သောသား၊ သမီး၊ မြေးများနှင့် ထာဝရအမြဲ ကျန်းမာချမ်းသာ ပျော်ရွှင်စွာ သက်ဆုံးတိုင် နေထိုင်သွားနိုင်ပါစေ . . . .

**သမီးကြီး - မေသော်တာထွန်း-နေထွန်းကျော်**
**မြေးဦး - သွန်းသံစဉ်ထွန်း**
**သမီးငယ် - ခိုင်စန္ဒာထွန်း**

အနာဂတ် အရည်အသွေးမြင့်စီမံခန့်ခွဲမှု မျိုးဆက်သစ်ပေါ်ထွန်းရေး
CENTER FOR STRATEGIC AND INTERNATIONAL STUDIES
CSIS
Center for Strategic and International Studies
**မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးစင်တာ**
**မှ ဖွင့်လှစ်ပြီး**
**Aldersgate College (Philippines) မှ ပေးအပ်မည့်**

Master of Professional Studies in Business Administration (MBA)**အတွက်**
**သင်တန်းလျှောက်လွှာခေါ်ယူခြင်း**

၁။ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးစင်တာ(CSIS)နှင့် Aldersgate College တို့ပူးပေါင်း၍ Master of Professional Studies in Business Administration(MBA) 3rd Batch သင်တန်းကို ၆-၇-၂၀၁၅ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။
၂။ အဆိုပါသင်တန်းကို ပြည်တွင်း/ပြည်ပမှ စီးပွားရေးပညာရှင်များ၊ လက်တွေ့စီမံခန့်ခွဲမှုပညာရှင်များ၊ ဖွံ့ဖြိုးရေးဆိုင်ရာကျွမ်းကျင်ပညာရှင်များနှင့် ပြည်တွင်း/ပြည်ပ တက္ကသိုလ်များရှိ ဝါရင့်ပါမောက္ခများမှ ပို့ချပေးမည်ဖြစ်ပါသည်။
၃။ သင်တန်းကျင်းပမည့်နေရာနှင့် နေ့ရက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

| | |
|---|---|
| နေရာ | - CSIS |
| သင်တန်းဖွင့်မည့်ရက် | - ၆-၇-၂၀၁၅ရက် |
| သင်တန်းကာလ | - ၁၈လ |
| သင်တန်းချိန် | - ညနေ ၅း၀၀နာရီမှ ည ၈း၀၀နာရီထိ (တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့၊ သောကြာနေ့) |
| | - နံနက် ၉း၃၀နာရီမှ မွန်းတည့် ၁၂း၀၀နာရီအထိ (စနေနေ့) |

၄။ သင်တန်းလျှောက်ထားရန် အရည်အချင်းသတ်မှတ်ချက်-
(က) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။
၅။ သင်တန်းလျှောက်လွှာများကို ၂၂-၆-၂၀၁၅ရက်တွင် နောက်ဆုံးထား လျှောက်ထားရမည်ဖြစ်ပြီး CSISမှ ကျင်းပပြုလုပ်မည့် သင်တန်းဝင်ခွင့်စာမေးပွဲအား ဖြေဆိုရမည်ဖြစ်သည်။
၆။ CSISမှ ဝင်ခွင့်စာမေးပွဲဖြေဆိုရန်
(က) ဝင်ခွင့်စာမေးပွဲကို ၂၆-၆-၂၀၁၅ရက်(သောကြာနေ့) နံနက် ၁၀း၀၀နာရီမှ မွန်းလွဲ ၁း၀၀နာရီအထိ CSIS သင်တန်းကျောင်းတွင် ဖြေဆိုရမည် ဖြစ်သည်။
(ခ) ဝင်ခွင့်စာမေးပွဲအောင်မြင်သူများစာရင်းကို ၂၉-၆-၂၀၁၅ရက်(တနင်္လာနေ့)တွင် ထုတ်ပြန်ကြေညာမည်ဖြစ်သည်။
၇။ လူဦးရေကန့်သတ်ထားပါသဖြင့် သင်တန်းလျှောက်လွှာများကို ယနေ့မှစတင်ပြီး အောက်ဖော်ပြပါလိပ်စာအတိုင်း ဆက်သွယ်စုံစမ်းလျှောက်ထားနိုင်ပါသည်။

| | | |
|---|---|---|
| CSIS Office | - | အမှတ်(၂၇)၊ ၆မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ဖုန်း | - | ၀၁-၁၂၂၂၅၇၆၊ ၀၉-၂၅၃၈၆၈၂၂၃၊ ၀၉-၂၅၃၈၆၈၂၂၄ (ရုံးချိန်အတွင်းသာ) |

**သင်၏ နိုင်ငံတကာပညာရေးလမ်းကြောင်းကို မလေးရှားတွင်စတင်ပါ။**

**နိုင်ငံတကာအသိအမှတ်ပြု (Washington Accord *) ဒီဂရီတစ်ခုရယူရန်ဘယ်လောက်ကုန်ကျမလဲ ?**




* WASHINGTON ACCORD ဆိုင်ရာ သဘောတူညီချက်ဆိုသည်မှာ ကမ္ဘာတဝန်းရှိ အင်ဂျင်နီယာဘွဲ့ရများကို Professional Engineers များအဖြစ်အသိအမှတ်ပြုသော နိုင်ငံတကာသဘောတူညီချက်ဖြစ်သည်။ ကိုးကားချက်။Forbes Survey 2013
www.washingtonaccord.org

LEARN MORE affordably
Education MALAYSIA
QS World University Ranking 2014 က မလေးရှား နိုင်ငံကို ကမ္ဘာ့ နံပါတ်တစ်စရိတ်သက်သာစွာဖြင့် ပညာသင်ကြားနိုင်သော နိုင်ငံဟုသတ်မှတ်ထားသည်။

မလေးရှားပညာရေးစုံညီပွဲတော်ကို လာရောက်လေ့လာရင်း ဘွဲ့၊ မဟာဘွဲ့များအတွက် စကောလားရှစ် အခွင့်အလမ်းများကိုရယူပါ။ မလေးရှားပညာရေးမှတဆင့် ယူကေ၊ ဩစတြေးလျ နှင့် အမေရိကန် နိုင်ငံများသို့ ဆက်လက်ပညာသင်ကြားနိုင်သော လမ်းကြောင်းများကို လာရောက်လေ့လာပါ။

ဝင်ကြေး (အခမဲ့)

**ရန်ကုန် – ဇွန်လ (၁၃) ရက် ၂၀၁၅**

ROSE GARDEN ဟိုတယ် ၊ နံနက် (၁၁) နာရီမှ ညနေ (၄) အထိ

ဆက်သွယ်စုံစမ်းရန်၊ ၀၉ ၅၀၆၂၈၉၁

www.facebook.com/expomyanmar

ဤပညာရေးစုံညီပွဲတော်ကို education malaysia global services နှင့် ministry of education malaysia တို့မှ ကြီးမှူးကျင်းပသည်။

**အမည်မှန်**
အထက(၂) ဒလမြို့၊ ဒသမတန်း(B)မှ အဖ ဦးလှအောင်၏သမီး၊ ကျောင်းဝင်အမှတ်(၁၃၁/၁၀)ဖြစ်သူ မနှင်းရွှေရည်ဝင်း၏ အမည်မှန်မှာ မနှင်းရွှေရီဝင်းဖြစ်ပါသည်။

**ဥယျာဉ်မှူး** ဗိုလ်လောင်းဝင်ခွင့်သင်တန်း
**DSMA, DSTA , DSA**
အင်္ဂလိပ်၊ သင်္ချာ၊ ဇီဝ နှင့် လိုအပ်သည့် အထွေထွေဘာသာရပ်များ
တာမွေ၊ ရွှေဗဟိုဆေးရုံရှေ့ 09 5114804, 09 420042800

**အမည်ပြောင်း**
ဦးထွန်းမြင့်[၁၀/ကထန(နိုင်)၀၄၃၄၉၉]၏သားဖြစ်သူ အထက(၁) မြောက်ဥက္ကလာ၊ ဒသမတန်း(F)၌ ပညာသင်ကြားနေသော မောင်ဝမ်းဝမ်းထွန်းအား မောင်သီဟအောင်(ခ)မောင်ဝမ်းဝမ်းထွန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။
**မောင်သီဟအောင်(ခ)မောင်ဝမ်းဝမ်းထွန်း**

**ဖခင်အမည်မှန်**
ရေဝတီတိုင်းဒေသကြီး၊ ဟသ်ာတခရိုင်၊ အင်္ဂပူမြို့နယ်၊ ကွင်းကောက်ဒေသ၊ အထကကွင်းကောက်၊ သတ္တမတန်းမှ မောင်သူရအောင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းဇော်ခိုင်[၁၄/အဂပ(နိုင်)၁၆၆၇၉၈]ဖြစ်ပါကြောင်း။

PUN HLAING SILOAM HOSPITALS

*Congratulations to*

*GRAND OPENING CEREMONY of*

*PUN HLAING SILOAM HOSPITALS*

SNOW EVEREST
SNOW EVEREST CO., LTD.

# ဂုဏ်ပြုသဝဏ်လွှာ

PUN HLAING SILOAM HOSPITALS

ပန်းလှိုင်ဆေးရုံကြီး(ရန်ကုန်)ကို ၂၀၁၅ ခုနှစ်၊ဇွန်လ ၆ ရက်နေ့မှ စတင်၍ "ပန်းလှိုင်စီလုံ" ဆေးရုံကြီး အနေဖြင့် ပြောင်းလဲဖွင့်လှစ်ကြောင်းသိရှိရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါသည်။
"ပန်းလှိုင်စီလုံ" ဆေးရုံကြီးကို နိုင်ငံတကာအတွေ့အကြုံရှိ အထူးကုဆရာဝန်ကြီးများ၏ ၂၄ နာရီ ကျန်းမာရေးဝန်ဆောင်မှုများ နောက်ဆုံးပေါ် ခေတ်မီစမ်းသပ်ရေးနှင့် ရောဂါရှာဖွေရေး စက်သစ်ကြီးများ၊ ခွဲစိတ်ခန်းများ၊ဗဟိုပိုးသတ်ဌာန၊ အထူးကြပ်မတ် ကုသဆောင်၊ ပြင်ပလူနာဌာန၊ အတွင်းလူနာဌာန၊ ၂၄ နာရီ အရေးပေါ် ကုသမှု ဌာနများ အပါအဝင် ၁၇၄ ခုတင်ဆံ့ လူနာ အခြေပြုကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သော နိုင်ငံတကာအဆင့်မီဆေးရုံကြီး အနေဖြင့် ပြောင်းလဲဖွင့်လှစ်နိုင်ခဲ့သည့်အတွက် အထူးကျေနပ်ဝမ်းမြောက်မိပါသည်။
"ပန်းလှိုင်စီလုံ" ဆေးရုံကြီး - ဒါရိုက်တာအဖွဲ့ ၊ အထူးကုဆရာဝန်ကြီးများ ၊ ဝန်ထမ်းမိသားစုများ ကျန်းမာချမ်းသာစေကြောင်းနှင့် လာရောက်ကုသမှု ခံယူကြသော လူနာများအတွက် ယခုထက်ပိုမို ကောင်းမွန်သော ကျန်းမာရေး ဝန်ဆောင်မှုများပေးနိုင်စေကြောင်းဆုမွန်ကောင်းတောင်းအပ်ပါသည်။




Philips Multiva MR

Philips Ingenuity Elite CT

Philips Primary Diagnost DR

Philips Monitoring Systems

PHILIPS

FMI

PUN HLAING SILOAM HOSPITALS

LIPPO GROUP

# ဂုဏ်ပြုသဝဏ်လွှာ

ပန်းလှိုင်ဆေးရုံကြီး (ရန်ကုန်)ကို ၂၀၁၅ ခုနှစ်၊ ဇွန်လ ၆ ရက်မှ စတင်၍ **"ပန်းလှိုင်စီလုံ"** ဆေးရုံကြီးအနေဖြင့် ပြောင်းလဲဖွင့်လှစ်ကြောင်း သိရှိရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့အပ်ပါသည်။

**"ပန်းလှိုင်စီလုံ"** ဆေးရုံကြီးကိုနိုင်ငံတကာအတွေ့အကြုံရှိအထူးကုဆရာဝန်ကြီးများ၏ ၂၄ နာရီကျန်းမာရေးဝန်ဆောင်မှုများ နောက်ဆုံးပေါ်ခေတ်မီ စမ်းသပ်ရေးနှင့်ရောဂါရှာဖွေရေးစက်သစ်ကြီးများ၊ ခွဲစိတ်ခန်းများ၊ ဇာဟိုပိုးသတ်ဌာန၊ အထူးကြပ်မတ်ကုသဆောင်၊ ပြင်ပလူနာဌာန၊ အတွင်းလူနာဌာန၊ ၂၄ နာရီ အရေးပေါ်ကုသမှုဌာနများအပါအဝင် ၁၇၄ ခုတင်ဆံ့ လူနာအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သော နိုင်ငံတကာ အဆင့်မီဆေးရုံကြီး အနေဖြင့် ပြောင်းလဲဖွင့်လှစ်နိုင်ခဲ့သည့်အတွက် အထူးကျေနပ်ဝမ်းမြောက်မိပါသည်။

**"ပန်းလှိုင်စီလုံ"** ဆေးရုံကြီး - ဒါရိုက်တာအဖွဲ့၊ အထူးကုဆရာဝန်ကြီးများ၊ ဝန်ထမ်းမိသားစုများ ကျန်းမာချမ်းသာစေကြောင်းနှင့်လာရောက်ကုသမှု ခံယူကြသော လူနာများအတွက် ယခုထက် ပိုမို ကောင်းမွန်သော ကျန်းမာရေး ဝန်ဆောင်မှုများပေးနိုင်ပါစေကြောင်းဆုမွန်ကောင်းတောင်းအပ်ပါသည်။

FORTUNE International
MtG Health Care
OASIS Premium Drinking Water
Sea Lion
airBagan Treasure of Myanmar
MYANMAR AMERICAN VISION
Amtt
Abbott
SAMSUNG
RGK+Z&A Group
PHARMA APEX
ZIZAWA COMPANY LTD.
JJ-PUN
VALUE HEALTHCARE Premier Provider in Healthcare Solution
CONCORDIA INTERNATIONAL
FAME Pharmaceuticals Industry Co., Ltd.
CPW
YEE SHIN COMPANY LIMITED
CCI CHO CHO INDUSTRY LTD.
Myanmar Yutani Co., Ltd. & MIRAI HOLDING CO., LTD.
OKKAR THIRI Co. Ltd. SINCE 1998 WE CARE



**ကျန်းမာရေးဝန်ကြီးဌာန**
**ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန အခြေခံကျန်းမာရေးတက္ကသိုလ်၊ မကွေးမြို့**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန၊ အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများအား လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

| စဉ် | လုပ်ငန်းအမျိုးအစား |
|---|---|
| ၁။ | စားသောက်ဆိုင်တည်ဆောက်ခြင်း |
| ၂။ | ကွန်ကရစ်လမ်းလုပ်ငန်း |
| ၃။ | ကွင်းဆင်းလေ့ကျင့်ရေးဌာန(ဆေးပေးခန်းနှင့် ကျန်းမာရေးပညာပေးခန်း) တည်ဆောက်ခြင်း |

၂။ တင်ဒါပုံစံရောင်းချမည့်ရက်၊ အချိန် - ၈-၆-၂၀၁၅ရက် (ရုံးချိန်အတွင်း)
တင်ဒါပုံစံအရောင်းပိတ်မည့်ရက်၊ အချိန် - ၁၇-၆-၂၀၁၅ရက် (မွန်းလွဲ ၁၃း၀၀နာရီ)
၃။ အိတ်ဖွင့်တင်ဒါပုံစံများကို ရုံးချိန်အတွင်း မော်ကွန်းထိန်းရုံးခန်းတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**အခြေခံကျန်းမာရေးတက္ကသိုလ်-မကွေး**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ တံတိုင်းဒါယိကာမကြီး**
**ဒေါ်သန်းရီ (၇၁)နှစ်**

ဦးဟန်ဝင်းအောင်(MD-Shwe Tosake Transporation)-ဒေါ်နှင်းဥမ္မာထွန်းတို့၏ မိခင်ကြီး ဒေါ်သန်းရီသည် ၃၀-၅-၂၀၁၅(စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**BBG Golf Group**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးနေလင်း**
**အသက်(၄၂)နှစ်**

ဒုတိယဗိုလ်ချုပ်ကြီးကျော်သန်း[ကာကွယ်ရေးဦးစီးချုပ်(လေ)ငြိမ်း]-(ဒေါ်ခင်ဆွေညွန့်)တို့၏ ချစ်လှစွာသောသားသည် ၃၁-၅-၂၀၁၅ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**BBG Golf Group**

---

## ဝမ်းနည်းကြေကွဲခြင်

**ဦးတင်ထွေး**
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**
**ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန**
**အသက်(၆၇)နှစ်**

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)ဦးတင်ထွေးသည် ၂-၆-၂၀၁၅ ရက် (အင်္ဂါနေ့)တွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးစိုးအောင်နှင့် ဇနီးဒေါ်ကြူကြူဝင်း**
**ရတနာပုံတယ်လီပို့ အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်**

---

## ကျေးဇူးအထူးတင်ရှိခြင်း

ကျေးဇူးရှင်မိခင်ကြီး၊ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး မီးပုံးပျံဦးကျော်ရင်၏ မြေးအကြီးဆုံးဖြစ်သူ ဒေါ်စန်းစန်း(ခ)ဒေါ်ကြည်ကြည် နေမကောင်းဖြစ်စဉ်ကာလ တစ်လျှောက်လုံး အထူးဂရုတစ်စိုက် ကုသစောင့်ရှောက်ပေးပါသော SSC ဆေးရုံမှ နှလုံးအထူးကုဆရာဝန်ကြီး ဒေါက်တာစန်းလွင်နှင့် ဆရာဝန်၊ ဆရာဝန်မများ၊ သူနာပြုဆရာမများနှင့် ကူညီစောင့်ရှောက်ပေးကြသူများ အားလုံးကို ကျေးဇူးအထူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယကာကြီး**
**ဗိုလ်မှူးကြီး ရန်နောင်စိုး(ငြိမ်း)(ရွှေတောင်)**
**အသက်(၈၉)နှစ်**

နီပိုသမဝါယမအသင်းလီမိတက်၏ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးရန်နောင်စိုး(ငြိမ်း)သည် ၃၀-၅-၂၀၁၅ရက်(စနေနေ့) နံနက် ၂း၃၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Mr.Kenzo Nakatsuka**
**(President Nippo Assantant Co.,Ltd I.N.T Group)**
**JAPAN**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယကာကြီး**
**ဗိုလ်မှူးကြီး ရန်နောင်စိုး(ငြိမ်း)(ရွှေတောင်)**
**အသက်(၈၉)နှစ်**

သူငယ်ချင်း သန့်နောင်စိုး(ကိုနောင်)၏ ကျေးဇူးရှင်ဖခင်ကြီး ဗိုလ်မှူးကြီး ရန်နောင်စိုး(ငြိမ်း)သည် ၃၀-၅-၂၀၁၅ရက်(စနေနေ့) နံနက် ၂း၃၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Electronics (1983-1992ခုနှစ်)မှ သူငယ်ချင်းများ**
**(ရန်ကုန်စက်မှုတက္ကသိုလ်)**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယကာကြီး**
**ဗိုလ်မှူးကြီး ရန်နောင်စိုး(ငြိမ်း)(ရွှေတောင်)**
**အသက်(၈၉)နှစ်**

နီပိုသမဝါယမအသင်းလီမိတက်၏ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ရန်နောင်စိုး(ငြိမ်း)သည် ၃၀-၅-၂၀၁၅ရက်(စနေနေ့)၊ နံနက် ၂း၃၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းများ**
**(နီပိုသမဝါယမအသင်း လီမိတက်)**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဦးတင်ထွေး**
**အသက်(၆၇)နှစ်**
**အဖွဲ့ဝင်၊ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့်**
**အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်**
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန**

ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးတင်ထွေး(၆၇)နှစ်သည် ၂-၆-၂၀၁၅ရက် (အင်္ဂါနေ့)တွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးသိန်းဇော်-ဒေါ်မူမူဝင်း**
**ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ**

---

**ယာဉ်မောင်းအလိုရှိသည်**
ကျွမ်းကျင်သော ဒရိုင်ဘာ (၂)ဦး အမြန်အလိုရှိသည်။ အသက်(၄၅)မှ (၆၀)ကြား ရှိသူများအား ဦးစားပေးမည်
ကျောက်ဖြူရုံးတွင် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်
**ဆက်သွယ်ရန်ဖုန်း-၀၉-၇၃၀၃၄၇၇၂၊ ၀၉-၄၉၃၄၈၇၄၆**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**
**ဒေါ်ခင်စိန်(ခ)ဒေါ်ခင်စိန်လွင်(မိုးကုတ်)**
**အသက်(၆၆)နှစ်**

မိုးကုတ်မြို့နေ(ဦးဘိုးတိုး-ဒေါ်သိန်းရွှေ)တို့၏ သမီး၊ ရန်ကုန်မြို့နေ (ဦးသာဆိုင်-ဒေါ်ကြည်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ စမ်းချောင်း၊ ဦးဖိုးလမ်း၊ အမှတ်(၃)တတိယလွှာနေ ဦးကျော်မြင့်(ဂျူပီတာတေးသံသွင်း)၏ ချစ်လှစွာသောဇနီးဒေါ်ခင်မာဝေ၊ အရှင်ဒေါက်တာဝေရောစနေ၏ မယ်တော်၊ ရန်ကုန်မြို့နေ(ဦးကြည်ဝင်း)-ဒေါ်ခင်ထားလွင်၊ ဦးမောင်မောင်သန်း-ဒေါ်ခင်ရွှေသိန်း၊ မိုးကုတ်မြို့နေ ဦးမောင်မောင်ဌေး-ဒေါ်ခင်အေးလွင်တို့၏ အစ်မ၊ ဦးဇော်ထွန်းမြင့်-ဒေါ်ကေခိုင်ကျော်(ခေတ္တဂျပန်)၊ ဦးတင့်ကျော်-ဒေါ်ထူးတင်ဇာကျော်၊ ဦးပြည်သိမ်းကျော်-ဒေါက်တာအေးဝေဦး(ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်)၊ ဒေါ်အေးသင်းတို့၏ ချစ်လှစွာသောမိခင်၊ မောင်ဟန်နေစံ(အထက-၁၊ဒဂုံ)၊ မခန့်ကြည်ဖြူခင်(အထက-၁၊ဒဂုံ)၊ မောင်ခန့်ကြည်စင်သာ(အထက-၁၊ ဒဂုံ)၊ မမြမှူးဟေသာစံတို့၏ ချစ်လှစွာသောဘွားဘွားကြီးသည် ၄-၆-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၁၁း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၆-၂၀၁၅ ရက် (တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယကာကြီး**
**ဗိုလ်မှူးကြီး ရန်နောင်စိုး(ငြိမ်း)(ရွှေတောင်)**
**အသက်(၈၉)နှစ်**

နီပိုသမဝါယမအသင်းလီမိတက်၏ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ရန်နောင်စိုး(ငြိမ်း)သည် ၃၀-၅-၂၀၁၅ရက်(စနေနေ့)၊ နံနက် ၂း၃၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဝန်ထမ်းမိသားစုများ(အရှေ့ဒဂုံစက်ပြင်အလုပ်ရုံ)**
**(နီပိုယန္တရားအုပ်စု)**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယကာကြီး**
**ဗိုလ်မှူးကြီး ရန်နောင်စိုး(ငြိမ်း)(ရွှေတောင်)**
**အသက်(၈၉)နှစ်**

နီပိုသမဝါယမအသင်းလီမိတက်၏ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ရန်နောင်စိုး(ငြိမ်း)သည် ၃၀-၅-၂၀၁၅ရက်(စနေနေ့) နံနက် ၂း၃၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဝန်ထမ်းမိသားစုများ (ယန္တရားဝင်း၊ တောင်ဒဂုံ)**
**(နီပိုယန္တရားအုပ်စု)**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယကာကြီး**
**ဗိုလ်မှူးကြီး ရန်နောင်စိုး(ငြိမ်း)**
**(ရွှေတောင်)**
**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ အမှတ်-၁၅၇၊ ကျွန်းရွှေမြိုင်လမ်း၊ သုဝဏ္ဏ(ဒေါ်ခင်မကြီး)၏ ချစ်လှစွာသော ခင်ပွန်း ဗိုလ်မှူးကြီးရန်နောင်စိုး(ငြိမ်း)သည် ၃၀-၅-၂၀၁၅ရက်(စနေနေ့) နံနက် ၂း၃၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**(ဦးစောမင်း)-ဒေါ်စန်းစန်း မိသားစု**

---

## တစ်လပြည့်လွမ်းဆွတ်သတိရအမျှပေးဝေခြင်း

**မိခင်ကြီးဒေါ်ကျင်ထွန်း**

ချစ်လှစွာသောကျေးဇူးရှင်အမေကြီးသည် အားလုံးကိုခွဲခွာသွားသည်မှာ ၈-၆-၂၀၁၅ရက်တွင် တစ်လပြည့်မြောက်ခဲ့ပြီးဖြစ်သော်လည်း တစ်နေ့မှ မေ့မရနိုင်ခဲ့ပါ။

အမေကြီး၏ အေးချမ်းလှသော မေတ္တာအရိပ်အာဝါသကို ယနေ့ထက်တိုင် လွမ်းခြုံခိုလှုံ၍ ကျေးဇူးတရားကို တသသ လွမ်းဆွတ်သတိရအောက်မေ့လျက် အမေကြီးအတွက်ရည်စူး၍ ပြုလုပ်သောလှူဒါန်းမှု အစုစုတို့ကို အမျှပေးဝေလိုပါတယ် ရောက်ရာဘုံဘဝမှ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ပါစေ။

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

**ဦးဘကျော် အသက်(၆၈)နှစ်**

B.Ag(1972)

စိုက်ပျိုးရေး(ကညွတ်ကွင်း)

နောင်ချိုမြို့၊ ဘူတာရပ်၊ အကွက်(၃)၊ နယ်မြေ(၁၂)နေ ဒေါ်နွဲ့နွဲ့၏ ခင်ပွန်းသည် ၃၀-၅-၂၀၁၅ရက်(စနေနေ့) နံနက် ၁း၀၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမောင်ကို-ဒေါ်ရွှေဥမိသားစု**
**ထာဝရကုမ္ပဏီအုပ်စု**
**မန္တလေး**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးသန်းလွင် @ Moses Samuels**
**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၇၀)၊ ၃၁လမ်းနေ ဦးသန်းလွင်@ Moses Samuels (Trustee of Myanmar Jewish Community) နှင့် (Director of Myanmar Shalom Travels & Tours) သည် ၂၉-၅-၂၀၁၅ ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**Myanmar Shalom Travels & Tours**
**ဝန်ထမ်းများ**

ကြော်ငြာ

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးခင်မောင်တိုး(စိန်ငွေဝင်းပွဲရုံ) အသက်(၆၀)
(ဘုရင့်နောင်)

ပခုက္ကူမြို့နေ (ဦးရှုပ်တူ)-ဒေါ်တင်တို့၏သား၊ မန္တလေးမြို့နေ (ဦးယုံစိန်)-ဒေါ်ဂျာဂျာမြင့်တို့၏သားသမက်၊ ရန်ကုန်မြို့၊ (P-8)၊ မြနန္ဒာလမ်း၊ မြကန်သာအိမ်ရာ၊ လှိုင်မြို့နယ်နေ ဒေါ်မြင့်မြင့်စိန်(စိန်ရတနာအထည်ဆိုင်၊ မင်္ဂလာဈေး)၏ခင်ပွန်း၊ Dr. မပြည့်ဖြိုးသော်(ခ)မမိုမိုအောင် [MBBS (Mdy)]၊ မောင်ညာဏ်လင်းမောင်တို့၏ဖခင် ဦးခင်မောင်တိုး အသက်(၆၀)သည် ၅-၆-၂၀၁၅ရက်တွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒေါ်ကြည်မိသားစု(ထန်းလျက်ပွဲရုံ၊ ပခုက္ကူမြို့)**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးခင်မောင်တိုး(စိန်ငွေဝင်းပွဲရုံ) အသက်(၆၀)
(ဘုရင့်နောင်)

ပခုက္ကူမြို့နေ (ဦးရှုပ်တူ)-ဒေါ်တင်တို့၏သား၊ မန္တလေးမြို့နေ (ဦးယုံစိန်)-ဒေါ်ဂျာဂျာမြင့်တို့၏သားသမက်၊ ရန်ကုန်မြို့၊ (P-8)၊ မြနန္ဒာလမ်း၊ မြကန်သာအိမ်ရာ၊ လှိုင်မြို့နယ်နေ ဒေါ်မြင့်မြင့်စိန် (စိန်ရတနာအထည်ဆိုင်၊ မင်္ဂလာဈေး)၏ခင်ပွန်း၊ Dr. မပြည့်ဖြိုးသော်(ခ)မမိုမိုအောင် [MBBS (Mdy)]၊ မောင်ညာဏ်လင်းမောင်တို့၏ဖခင် ဦးခင်မောင်တိုး အသက်(၆၀)သည် ၅-၆-၂၀၁၅ရက်တွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးရဲမြင့်ဦးနှင့် မောင်နှမတစ်စု**
**Golden one star Co., Ltd ရန်ကုန်မြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးခင်မောင်တိုး(စိန်ငွေဝင်းပွဲရုံ) အသက်(၆၀)
(ဘုရင့်နောင်)

ပခုက္ကူမြို့နေ (ဦးရှုပ်တူ)-ဒေါ်တင်တို့၏သား၊ မန္တလေးမြို့နေ (ဦးယုံစိန်)-ဒေါ်ဂျာဂျာမြင့်တို့၏သားသမက်၊ ရန်ကုန်မြို့၊ (P-8)၊ မြနန္ဒာလမ်း၊ မြကန်သာအိမ်ရာ၊ လှိုင်မြို့နယ်နေ ဒေါ်မြင့်မြင့်စိန်(စိန်ရတနာအထည်ဆိုင်၊ မင်္ဂလာဈေး)၏ခင်ပွန်း၊ Dr. မပြည့်ဖြိုးသော်(ခ)မမိုမိုအောင် [MBBS (Mdy)]၊ မောင်ညာဏ်လင်းမောင်တို့၏ဖခင် ဦးခင်မောင်တိုး အသက်(၆၀)သည် ၅-၆-၂၀၁၅ရက်တွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်း ကြေကွဲရပါကြောင်း။

**ဝါဝါဝင်းဆောက်လုပ်ရေး Co, Ltd နှင့်**
**ဝါဝါဝင်းအင်တာနေရှင်နယ် Co.,Ltd၊ ရန်ကုန်မြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း
## မထက်ထက်အောင်
## အသက် (၁၆)နှစ်
**အထက(၂) ဗဟန်း**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်ရပ်ကွက်၊ နန္ဒဝန်လမ်း၊ အမှတ်(၁၁၃)နေ ဦးမင်းကျော်ဝင်း-ဒေါ်မိမြကြည်တို့၏ သမီး/တူမသည် ၃-၆-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**၁၉၆၀-၁၉၇၄ တောင်ကြီးကောလိပ်ကျောင်းသူ/သားများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ပိုး
## အသက်(၉၀)
**ကွေတန်းရှည်ကျေးရွာ၊ ပဲခူးမြို့**

ဦးအေးကျော်(အထွေထွေမန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း)-ဒေါ်ဝိုင်းနုအေးတို့၏မွေးသမိခင်သည် ၄-၆-၂၀၁၅(ကြာသပတေးနေ့) မွန်းလွဲ ၁း၄၅နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဝင်းကို-ဒေါ်မာလာလှိုင်**
**ဝင်းမာလာအောင်ထရေးဒင်း**
**ကုမ္ပဏီလီမိတက်**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ပိုး(ကွေ့တန်းရှည်ကျေးရွာ၊ ပဲခူးမြို့)
## အသက်(၉၀)

ဦးအေးကျော်(အထွေထွေမန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း၊ ပြည်ပရောင်းဌာန)-ဒေါ်ဝိုင်းနုအေးတို့၏ချစ်လှစွာသောမိခင် ဒေါ်ပိုးသည် ၄-၆-၂၀၁၅ (ကြာသပတေးနေ့) မွန်းလွဲ ၁း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးမိုးသော်နှင့်ဇနီး**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစိုးနိုင်
**အထွေထွေမန်နေဂျာ ပြည့်ဖြိုးကျော်ကုမ္ပဏီလီမိတက်**
## အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မင်္ဂလာလမ်း၊ အမှတ်(၆၃/7F)နေ ဒေါ်ကြူကြူဝင်း၏ ချစ်လှစွာသောခင်ပွန်း ဒု-ဗိုလ်မှူးကြီးစိုးနိုင်(ငြိမ်း) (အထွေထွေမန်နေဂျာ ပြည့်ဖြိုးကျော်ကုမ္ပဏီလီမိတက်)သည် ၆-၆-၂၀၁၅ရက် နံနက် ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Pacific Agency MMCo.,Ltd**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစိုးနိုင် (၅၄)နှစ်
**အထွေထွေမန်နေဂျာ ပြည့်ဖြိုးကျော်ကုမ္ပဏီလီမိတက်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မင်္ဂလာလမ်း၊ အမှတ်(၆၃/7F)နေ ဒေါ်ကြူကြူဝင်း၏ ချစ်လှစွာသောခင်ပွန်း ဒု-ဗိုလ်မှူးကြီးစိုးနိုင်(ငြိမ်း) (အထွေထွေမန်နေဂျာ ပြည့်ဖြိုးကျော်ကုမ္ပဏီလီမိတက်)သည် ၆-၆-၂၀၁၅ရက် နံနက် ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Shwe Family Co., Ltd**
**Pyae Phyo Kyaw Construction Co., Ltd**
**Htoo Myat San Construction Co., Ltd**

# အနိစ္စ

## ရဟန်းအမကြီး
## ဒေါ်သန်းမြင့်
## အသက် (၇၈)နှစ်
**မူလတန်းပြဆရာမ(ငြိမ်း)**
**အမက(၁၅) တာမွေ**

ဟင်္သာတမြို့၊ ဦးရွှေဒွေးလမ်း၊ လက်သမား(မြောက်)ရပ်နေ [ဦးဘခင်(ကျန်းမာရေးအင်စပက်တော်)-ဒေါ်တင်မေ(သူနာပြုဆရာမ)]တို့၏သမီး၊ [ဦးတိုးမြင့်(R.O)]-ဒေါ်ခင်ကြူကြူတို့၏ ညီမ၊ (ဒေါ်မြင့်သန်း)၏အစ်မ၊ (ဦးအေးမြင့်)၏ဇနီး၊ ဦးကျော်စိုးလင်း-ဒေါ်ခင်ဝေဝေ၊ ဦးကျော်စိုးဝင်း-ဒေါ်ကြူကြူသန်း၊ ဦးကျော်ထိန်လင်း-ဒေါ်အေးအေးသန့်၊ ဦးကျော်စွာလင်း-ဒေါ်မြတ်မြတ်မွန်တို့၏မွေးသမိခင်၊ မြေးကိုးယောက်တို့၏အဘွားသည် ၅-၆-၂၀၁၅ရက် မွန်းလွဲ ၁း၃၀နာရီတွင် အောင်ရတနာအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၆-၂၀၁၅ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အမှတ်-၉၄၅၊ ယုဇနလမ်း၊ ၂၅/ရပ်ကွက်၊ တောင်ဒဂုံနေအိမ်မှ ကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၆-၂၀၁၅ရက် နံနက် ၇နာရီမှ ၁၁နာရီထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်သန်းဝင်း
## အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊မေဓာဝီနန္ဒာလမ်း၊အမှတ်(၄၆)၊ ပထမထပ်(A)နေ (ဦးသန်းမောင်-ဒေါ်တင်ကြည်)တို့၏သမီးလတ်၊ ဦးငွေထွန်း(ပြည်သူ့ဆောက်လုပ်ရေး- ငြိမ်း)၏ဇနီး၊ ဦးသန်းထွန်းဦး-ဒေါ်စုလှိုင်ဦး၊ မောင်သော်ဇင်ထွန်း(New Generation Power Engineering Co., Ltd)၊ မသက်ဝေထွန်းတို့၏မိခင်၊ မဆုလဲ့ရည်၊ မောင်ဝေယံကျော်တို့၏အဘွား၊ မမြတ်ဆုအောင်၏အဒေါ်၊ ဒေါ်ခင်အေးဝင်း၏ညီမ၊ ဒေါ်လှလှဝင်း၊ ဦးမျိုးနိုင်(Air KBZ)၊ ဒေါ်မြသွေး၊ ဦးစိုးနိုင်တို့၏အစ်မသည် ၆-၆-၂၀၁၅ရက် နံနက် ၄း ၄၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၆-၂၀၁၅ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ကိုလှိုင်မျိုးထွန်း(ခ)ကိုမျိုး
## အသက်(၄၀)
**အထက(၃)တာမွေကျောင်းသားဟောင်း**

ရန်ကုန်မြို့၊ တာမွေကြီး(ခ)ရပ်ကွက်၊ (၁၆၆)လမ်း၊ အမှတ်(၄၅)နေ ဦးထွန်းတင်-(ဒေါ်သိန်းညွန့်)တို့၏ မြေး၊ (ဦးမောင်မောင်)-ဒေါ်မြရှင်၊ ဦးအောင်ရွှေ-ဒေါ်မြင့်မြင့်၊ ဦးတင်အေး-ဒေါ်ကျင်လှ၊ ဒေါ်အောင်ငွေတို့၏တူ/သား၊ ဦးတိုးလှ-ဒေါ်ငွေငွေတို့၏သားကြီး၊ မခိုင်မာမာထွန်း (Manager Myanmar ComBiz Trading Co, Ltd)၊ မမိုးစန္ဒာထွန်း၊ မောင်ဟိန်းဇေယျာထွန်း (Ever-care Pharma Co,Ltd)-မသီတာဝင်းတို့၏အစ်ကို၊ မောင်ဖြိုးမင်းဟိန်း၏ဘကြီးသည် ၆-၆-၂၀၁၅(စနေနေ့) နံနက် ၁၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈-၆-၂၀၁၅ (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊မုခ်ဦး၊နတ်လမ်း ဒါယကာကြီး
## ဦးကွာဟောဖစ်(ဖျာပုံ) (၈၇)နှစ်
**999 လျှပ်စစ်စတိုးနှင့် ကုန်မာဆိုင်**

ဖျာပုံမြို့၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၂၈)နေ (ဒေါ်လင်ရဲ့တ္တာ)၏ ခင်ပွန်း၊ ဦးချိန်ဟုတ်-ဒေါ်ပိုးတီ၊ ဦးချစ်နိုင်(ခ)ဦးဝင်းလှိုင်၊ ဦးထွန်းလင်း-ဒေါ်စန်းစန်းယု၊ ဦးကျော်သင်း-ဒေါ်ခင်မာဝင်းတို့၏ဖခင်၊ ကိုကျော်ကျော်ထိုက်၊ မဖြူဖြူသန်း၊ မောင်ရဲကိုနိုင်၊ မအေးအိအိခိုင်၊ မခင်စိုးသူ၊ မောင်ညာဏ်လင်းထက်၊ မသိမ့်နေခြည်ထွန်း၊ မနှင်းပွင့်သူ၊ မောင်ကျော်မင်းထက်၊ မထက်မိုးလှိုင်၊ မောင်စွမ်းရည်ထွန်းတို့၏ အဘိုးသည် ၆-၆-၂၀၁၅ရက် နံနက် ၁၂း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၆-၂၀၁၅(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ဖျာပုံမြို့ တရုတ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## ဦးထွန်းမြင့် အသက်(၇၀)
**အရာခံဗိုလ်(ငြိမ်း)၊ တပ်မတော်-လေ**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သောက်တော်တွင်းရပ်ကွက်၊ အောင်မြင့်မိုရ်လမ်းသွယ်၊ မြတ်သုခလမ်း၊ အမှတ်(၇)နေ (ဦးအောင်စိန်-ဒေါ်ခင်ရီ)တို့၏သားကြီး၊ (ဦးပေါ်ထွန်း)၊ ဦးခင်တိုး-ဒေါ်စန်းမြင့်၊ ဦးကျော်ဝင်းစိန်-(ဒေါ်ခင်မိုး)၊ ဦးကြည်တိုး-ဒေါ်ခင်အုန်းမြင့်၊ ဦးတင့်လွင်-ဒေါ်ငွေစိန်၊ (ဦးကြည်သန်း)-ဒေါ်ဝေဝေခိုင်တို့၏ အစ်ကိုကြီး၊ ဦးအောင်မိုး-ဒေါ်ထားထားစိုး၊ ဒုတိယဗိုလ်မှူးကြီးဇော်ဇော်ထွန်း-ဒေါ်ခင်စန်းအေးတို့၏ဖခင်၊ မောင်စည်သူမင်း၊ မသီရိဇော်၊ မောင်ရှင်းသန့်အောင်၊ မောင်လင်းသန့်မောင်တို့၏အဘိုး၊ ဒေါ်စိုးစိုးခင်၏ ချစ်လှစွာသောခင်ပွန်း ဦးထွန်းမြင့်သည် ၅-၆-၂၀၁၅(သောကြာနေ့) ညနေ ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၆-၂၀၁၅(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးခင်မောင်တိုး(စိန်ငွေဝင်းပွဲရုံ) အသက်(၆၀)
(ဘုရင့်နောင်)

ပခုက္ကူမြို့နေ (ဦးရှုပ်တူ)-ဒေါ်တင်တို့၏သား၊ မန္တလေးမြို့နေ (ဦးယုံစိန်)-ဒေါ်ဂျာဂျာမြင့်တို့၏ သားသမက်၊ ရန်ကုန်မြို့၊ (P-8)၊ မြနန္ဒာလမ်း၊ မြကန်သာအိမ်ရာ၊ လှိုင်မြို့နယ်နေ ဒေါ်မြင့်မြင့်စိန်(စိန်ရတနာအထည်ဆိုင်၊ မင်္ဂလာဈေး)တို့၏ ခင်ပွန်း၊ Dr. မပြည့်ဖြိုးသော်(ခ)မမိုမိုအောင် [MBBS (Mdy)]၊ မောင်ညာဏ်လင်းမောင်တို့၏ဖခင်၊ ဦးသိန်းငွေ-ဒေါ်တင်တင်မြင့်၊ (ဦးဆန်နီ)-ဒေါ်စီစီတို့၏ညီ၊ ဦးသိန်းနိုင်၊ (ဒေါ်သီသီတင်)တို့၏အစ်ကို၊ အမှတ်(၄၃)၊ ငုဝါလမ်း၊ ဘုရင့်နောင်ပွဲရုံ၊ စိန်ငွေဝင်းပွဲရုံမှ ဦးခင်မောင်တိုးသည် ၅-၆-၂၀၁၅(သောကြာနေ့) ည ၁၀း၃၅ နာရီတွင် ရန်ကုန်မြို့ ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၆-၂၀၁၅ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးယူနန်သုသာန်သို့ ပို့ဆောင်ဂူသွင်းမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (P-8၊ မြနန္ဒာလမ်း၊ မြကန်သာနေအိမ်နှင့် ဘုရင့်နောင်ပွဲရုံတို့မှ ကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ကျေးဇူးအထူးတင်ရှိကြောင်း

ဦးမောင်မောင်ကြည် အသက်(၇၉)နှစ်၊ ဆသရ(ငြိမ်း) ဘဏ္ဍာတော်ထိန်း ဂေါပကဥက္ကဋ္ဌ(မင်္ဂလာဒုံ)၊ မာန်ပြေရန်ပြေဆုတောင်းပြည့်စေတီ၊ ဓနုဖြူမြို့နယ် အသင်းဝင်၏ ၂၀-၅-၂၀၁၅ရက်နေ့တွင် ပြုလုပ်သောရေဝေးသုသာန် မီးသင်္ဂြိုဟ်စျာပနာ၌ ဦးစီးဆောင်ရွက်ပေးသော ဆရာတော်ဘဒ္ဒန္တစန္ဒောဘာ (ဇေယျာသီရိကျောင်းတိုက်)စမ်းကြီးဝ(မင်္ဂလာဒုံ)နှင့်တကွ သံဃာတော်များတို့အားလည်းကောင်း ပုညကာရီနာရေးကူညီမှုအသင်းမင်္ဂလာဒုံနှင့် လိုက်ပါပို့ဆောင်ပေးသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ကျေးဇူးအထူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

## ဦးကျင်ပို့(ပုသိမ်)
## အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၅၀)နေ (ဦးဆုတ်လင်-ဒေါ်ကျင်အင်း)တို့၏သား၊ (ဦးထန်ကျုံး-ဒေါ်ကျင်မြ)တို့၏သားသမက်၊ ဒေါ်လေဝါး၏ခင်ပွန်း၊ ကိုဝင်းမြင့်-မခင်လှရီ(၁၄၉-B ရုံ)သိမ်ကြီးဈေး၊ မလှလှဝင်း-ကိုယဉ်သိန်း၊ မအေးအေးမွန်-ကိုသိန်းဇော်၊ မတင်တင်ထွေး၊ မသင်းသင်းမူ၊ ကိုညီညီထွန်း(၁၄၇-B ရုံ)သိမ်ကြီးဈေး၊ မမို့မို့ထွေးတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုး ဦးကျင်ပို့သည် ၆-၆-၂၀၁၅ (စနေနေ့) နံနက်၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၆-၂၀၁၅(တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးလှစိန် (၈၄)နှစ်
**စခန်းမှူး-ငြိမ်း၊ အင်းစိန်(CID) မှုခင်းတပ်ဖွဲ့**

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ ဘဲချောင်းကျေးရွာနေ (ဦးရွှေကံ-ဒေါ်အေးခင်)တို့၏သား၊ (ဦးစိန်မောင်-ဒေါ်လေးစိန်)တို့၏သားသမက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ အောင်သုခလမ်း၊ အမှတ်(၁၁၅၃/ခ)နေ ဒေါ်ဝင်းမေ၏ခင်ပွန်း၊ ဦးကိုကိုတင်၊ ဒေါ်မအိတို့၏အစ်ကို၊ (ဦးအောင်လင်း)-ဒေါ်ချိုပြုံး၊ ဦးကျော်ကျော်နိုင်-ဒေါ်ဥမ္မာစိန်၊ ဦးတင်ထွန်းဦး-ဒေါ်ခိုင်ခိုင်ဝေ၊ (ဦးဝင်းဇော်)-ဒေါ်တင်လှလှ(ခ)မစနေ၊ ဦးမျိုးမင်းထွန်း-ဒေါ်ခင်မျိုးစန္ဒာတို့၏ မွေးသဖခင်၊ မြေး ၁၅ ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၅-၆-၂၀၁၅(သောကြာနေ့) ည ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၆-၂၀၁၅(တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်စောမြ(စစ်တွေ)
## အသက်(၉၉)နှစ်

စစ်တွေမြို့နေ (ဦးရွှေထွန်းအောင်-ဒေါ်ပု)တို့၏သမီး၊ (ဦးမောင်ပု-ဒေါ်မစိန်)တို့၏ သမီးချွေးမ၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ သရက်ခြံ (၄)လမ်း၊ အမှတ် (၅၄၈)နေ (ဦးထွန်းအောင်ကျော်)၏ဇနီး၊ ဦးသာထွန်းဦး-ဒေါ်နှင်းအေးချို၊ ဦးအောင်ကျော်ညွန့်-ဒေါ်ခင်စန်းရီ၊ ဒေါ်မြမြသန်း၊ ဦးအောင်သန်ဒိုင်-ဒေါ်သီတာ၊ ဦးအောင်သန်းနိုင်-ဒေါ်မြမြအေးတို့၏မွေးသမိခင်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘောင်ရှင်သည် ၅-၆-၂၀၁၅ရက် နံနက် ၁၀း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း
## Maria(@)ဒေါ်လှရင်(ဇလွန်)
## အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ အောင်ဆုပန်လမ်း၊ အမှတ်(၃၇၇-ခ)နေ ဦးလှမြင့်၏ဇနီး၊ ဦးခင်ရှိန်-ဒေါ်အေးကြည်၊ ဒေါက်တာခင်မောင်ဦး-ဒေါ်သန်းသန်းရီ၊ ဦးခင်မောင်လတ်-ဒေါက်တာဒေါ်တင်တင်ရီ၊ ဦးခင်မောင်သန်း-ဒေါ်သန်းသန်းငွေ၊ ဦးခင်မောင်ဇော်-ဒေါ်လှလှကြည်၊ ဦးအောင်စိုး-ဒေါ်သန်းသန်းအေး၊ ဦးလေးလှိုင်-ဒေါ်ခင်စန်းကြည်တို့၏ ချစ်လှစွာသောမိခင်၊ မောင်မျိုးသိန်းဦး-မဆုလွင်မြင့်၊ မသူသူဟန်၊ မြေး ၁၀ ယောက်တို့၏အဘွား၊ မြစ်လေးယောက်တို့၏ဘွားဘွားကြီး Maria (@) ဒေါ်လှရင်သည် ၆-၆-၂၀၁၅(စနေနေ့) နံနက် ၆း၂၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၈-၆-၂၀၁၅(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဝတ်ပြုကိုးကွယ်၍ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တစန္ဒာသီရိ
## (သာသနဓဇဓမ္မာစရိယ) (မဟာဂန္ထဝါစကပဏ္ဍိတ)မထေရ်မြတ်
## သိက္ခာတော်(၅၉)ဝါ၊ သက်တော်(၇၉)နှစ်

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအနောက်၊ မဏိရတနာရာမမြတောင်တိုက်၊ နာယကအဖွဲ့ဝင်၊ စံကင်းမြို့ကျောင်း ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တစန္ဒာသီရိ (သာသနဓဇဓမ္မာစရိယ) (မဟာဂန္ထဝါစကပဏ္ဍိတ) မထေရ်မြတ် သိက္ခာတော်(၅၉)ဝါ၊ သက်တော်(၇၉)နှစ်သည် (၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ရက်) နံနက် ၁း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ရက်) ၈-၆-၂၀၁၅(တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် အေးရိမ်ငြိမ်သုသာန်သို့ ပင့်ဆောင်ကာ အန္တိမအဂ္ဂိဈာပန ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေတော်၊ မျိုးတော်၊ တပည့် ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

တပည့်သံဃာတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ

## ဘုန်းတော်ဝင်စားခြင်း
## စာရေးဆရာ Rev. ဦးမြသောင်း (၇၉)နှစ်
## (ယခင်ဂိုဏ်းအုပ်ကြီး)
**မက်သဒစ်အသင်းတော်(အောက်မြန်မာပြည်)**
**ခရစ်ယာန်စာပေမိတ်သဟာရ(Christian Artists Fellowship)နာယက**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ အမှတ်(၃၂၁)၊ မြို့မကျောင်းလမ်းနေ (စာရေးဆရာဦးတင့်ဆန်း-ဒေါ်အုန်းရီ)တို့၏သားကြီး၊ (ဦးစံဖေ-ဒေါ်လှရင်)တို့၏သားသမက်၊ (စာရေးဆရာမောင်သိန်းဆိုင်-ဒေါ်ကြည်ကြည်စန်း)၊ ဒေါ်မြင့်သက်မူ-ဦးတင်ဝင်း၊ ဒေါ်မြတ်သူ(အမက-၅၊ မြောက်ဥက္ကလာ)-ဦးလှမင်း၊ ဦးကြည်စိုး-ဒေါ်ငြိမ်းတို့၏အစ်ကိုကြီး၊ ဒေါ်ကျင်ငွေ၏ချစ်လှစွာသောခင်ပွန်း၊ ဦးကိုကိုဦး-ဒေါ်နော်မာသ၊ ဦးကိုကိုထူး၊ ဦးမိုးဆန်းကျော်-ဒေါ်အေးအေးဝင်း၊ ဒေါ်ဆန်းသီတာလွင်၊ Rev. ဒေါ်ဝင့်ဝါဝါလွင်၊ Rev.ဒေါ်ခင်သန္တာလွင်၊ ဒေါ်ဆွေနွယ်ထူး-ဦးသိဒ္ဓိသိန်း (Plan Myanmar)တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေးကိုးယောက်၊ မြစ်လေးယောက်တို့၏ဘိုးဘိုးကြီးသည် ၆-၆-၂၀၁၅(စနေနေ့) ညနေ ၃း၁၅နာရီတွင် နေအိမ်၌ ဘုန်းတော်ဝင်စားသွားပါသဖြင့် ၈-၆-၂၀၁၅(တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်ခန်းမ၌ ဆုတောင်းဝတ်ပြုပြီးဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဒုတိယဗိုလ်မှူးကြီးစိုးနိုင်(ငြိမ်း) (၅၄)နှစ်
**စစ်တက္ကသိုလ်အမှတ်စဉ်(၂၅) EMPA 9th Batch**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၆၃)၊ မင်္ဂလာလမ်းနေ ဒေါ်ကြူကြူဝင်း(အလပြ-ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ မဆုမြတ်ဖြိုး (Research Associate, NTU Singapore)၊ မောင်ကောင်းထက်(တတိယအတွင်းဝန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန)၊ မကြူကြူဆုမွန် (ထ-၂၊ စမ်းချောင်း)တို့၏ဖခင်၊ ဦးမျိုးသန့်၊ ဦးစိုးအောင်-ဒေါ်သန်းသန်းဝင်း၊ ဦးတင်ဝင်း-ဒေါ်မိုးမိုးတို့၏မောင်၊ ဒေါ်ထားထားနွယ်၊ ဦးတင်နိုင်ဇော်-ဒေါ်ခင်သဲ၊ ဦးစိုးမြင့်အောင်-ဒေါ်ခင်သန်း၊ ဦးအောင်မင်းဦး-ဒေါ်ခင်လဲ့လဲ့ဝင်း၊ ဦးဝင်းနိုင်-ဒေါ်သန်းသန်းစိုးတို့၏အစ်ကိုကြီးသည် ၆-၆-၂၀၁၅(စနေနေ့) နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၆-၂၀၁၅ (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၆-၂၀၁၅(သောကြာနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဒုတိယဗိုလ်မှူးကြီးစိုးနိုင်(ငြိမ်း) (၅၄)နှစ်
**စစ်တက္ကသိုလ်အမှတ်စဉ်(၂၅) EMPA 9th Batch**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၆၃)၊ မင်္ဂလာလမ်းနေ (ဦးမြင့်စိုး)-ဒေါ်ခင်တို့၏ သားကြီး၊ [ဦးတင်မောင်-ဒေါ်တင်တင်(နတ်တလင်း)]တို့၏ သားသမက်၊ ဒေါ်ကြူကြူဝင်း (အလယ်တန်းပြ-ငြိမ်း၊ အလက-၃၊ မင်္ဂလာဒုံ)၏ ချစ်လှစွာသောခင်ပွန်း၊ မဆုမြတ်ဖြိုး (Research Associate, NTU Singapore)၊ မောင်ကောင်းထက်(တတိယအတွင်းဝန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန)၊ မကြူကြူဆုမွန်(ထ-၂၊ စမ်းချောင်း)တို့၏ဖခင်သည် ၆-၆-၂၀၁၅(စနေနေ့) နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၆-၂၀၁၅(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၆-၂၀၁၅(သောကြာနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ် ဒါယကာ
## ဦးကျော်ခင်လှိုင်(စစ်တွေ)
## အသက်(၅၇)နှစ်
**B.Sc, AGTI (MINING-1976-79)**
**Asst.Transport Manager**
**T.M.W Enterprise Co.Ltd,**

စစ်တွေမြို့၊ ကျောင်းတက်လမ်းရပ်ကွက်၊ ဦးအောင်ထွန်းဦးလမ်းနေ (ဦးအောင်ကျော်ဇံ-ဒေါ်စိန်မြမေ)တို့၏ သားထွေး၊ (Dr.ဦးကျော်ထွန်းလှ-ဒေါ်ရီရီသိန်း)တို့၏သားသမက်၊ ဒေါ်မူမူထွန်း (မြသစ္စာ Entertainment)၏ ချစ်လှစွာသောခင်ပွန်း၊ မမေသူဇာကျော်(တ-နှစ်၊ ဗိသုကာ၊ သန်လျင်)၏ ကျေးဇူးရှင်ဖခင်၊ Dr.ထွန်းလှိုင်-ဒေါ်စန္ဒာဦး၊ ဒေါ်မေသင်းလှိုင်၊ Dr.ဖြူဖြူလှိုင်- Dr.လှမောင်ဒင်တို့၏ ညီ/မောင်၊ Dr.သန့်ထိုက်ထွန်း(Pfizer Global, Pharmaceutical)၊ မမေဆုလှိုင်[နောက်ဆုံးနှစ် အပိုင်း(က)၊ ဆေး-၂]၊ ညီညီထွန်း (ဒုနှစ်-ရေကြောင်းတက္ကသိုလ်)တို့၏ ဦးလေးသည် ၆-၆-၂၀၁၅(စနေနေ့) နံနက် ၈း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၆-၂၀၁၅(တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အမှတ်-၃၀၊ မြေညီထပ်၊ သီရိလမ်း၊ သီရိခေမာရပ်ကွက်၊ စမ်းချောင်းမြို့နယ် နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၆-၂၀၁၅(သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ် ဒါယကာ
## ဦးကျော်ခင်လှိုင် (၅၇)နှစ်
**B.Sc, AGTI (MINING-1976-79)**
**T.M.W Enterprise Co., Ltd**

စစ်တွေမြို့၊ ကျောင်းတက်လမ်းရပ်ကွက်၊ ဦးအောင်ထွန်းဦးလမ်းနေ (ဦးအောင်ကျော်ဇံ-ဒေါ်စိန်မြမေ)တို့၏ သားထွေး၊ (Dr.ဦးကျော်ထွန်းလှ-ဒေါ်ရီရီသိန်း)တို့၏သားသမက်၊ ဒေါ်မူမူထွန်း (မြသစ္စာ Entertainment)၏ ချစ်လှစွာသောခင်ပွန်း၊ မမေသူဇာကျော်(တ-နှစ်၊ ဗိသုကာ၊ သန်လျင်)၏ ကျေးဇူးရှင်ဖခင်၊ ဒေါ်ခိုင်ခိုင်လှ-(ဦးခင်မောင်ဆန်း)၊ (ဦးရဲမင်းထွန်း)-ဒေါ်ကြိုင်ကြိုင်ထွန်း၊ Dr.မီမီထွန်း(မျက်စိအထူးကု)-ဦးမောင်မောင်၊ ဒေါ်မော်မော်ထွန်း-ဦးဟန်စိန် (ဗန်ကောက်)၊ ဒေါ်မို့မို့ထွန်း-Mr.David Htun (USA)၊ ဒေါ်ခင်နှင်းခိုင်-ဦးဇော်တင့်လွင်တို့၏အစ်ကို/မောင်၊ မြသီရိမောင်မောင်၊ မြတ်မဥ္ဇူမောင်မောင်၊ မျိုးသူရမောင်မောင် - Dr. မေယမုံ၊ ပြည့်သက်ထွန်း၊ ကျော်စွာထွန်း၊ ဇေယျာတင့်လွင်၊ မြတ်မြတ်ဆုထိုက်၊ မြတ်သည်းဆုလွင်၊ ငွေသွယ်ဦး၊ ဆန်းရည်ဖြိုးတို့၏ ဦးလေးသည် ၆-၆-၂၀၁၅(စနေနေ့) နံနက် ၈း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၆-၂၀၁၅(တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၆-၂၀၁၅(သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ကြေးမုံ
ဇွန် ၇၊ ၂၀၁၅
Hot Line No-0930500100

**ယနေ့ မာတိကာ**


မျက်မမြင်ကျောင်းသားလေးဦး တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးများဖြင့် အောင်မြင် — စာမျက်နှာ - ၄

အိပ်မပျော်ခဲ့သည့် ညအလွန် — စာမျက်နှာ - ၆

တန်ဇန်းနီးယားနိုင်ငံ၌ ပထမဆုံးသော မိဘမဲ့ဆင်ငယ်ကလေးများ ပြုစုစောင့်ရှောက်ရေး ဂေဟာဖွင့်လှစ်မည် — စာမျက်နှာ - ၁၀

ဆယ်လီနာဂိုမက်ဇ် ဖွင့်ပြောလာတဲ့ သူ့ရဲ့ အမုန်တရား — စာမျက်နှာ - ၁၂


# (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကနူးလှေပြိုင်ပွဲ အမျိုးသားနှစ်ယောက်တွဲ မီတာ ၁၀၀၀ ပြိုင်ပွဲတွင် မြန်မာနိုင်ငံအတွက် ပထမဦးဆုံးရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့

**စင်ကာပူ ဇွန် ၆**

စင်ကာပူနိုင်ငံတွင် ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်၊ ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများနှင့်အတူ (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကနူးလှေလှော်ပြိုင်ပွဲ ကျင်းပရာ စင်ကာပူနိုင်ငံ မရီနာချန်နယ်သို့ ယနေ့နံနက် ဒေသစံတော်ချိန် ၉ နာရီတွင် သွားရောက်ကြည့်ရှုအားပေးသည်။

ပြိုင်ပွဲများ ကျင်းပပြီးနောက် ဆုချီးမြှင့်ပွဲအခမ်းအနား ဆက်လက်ကျင်းပရာ ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ကနူးလှေပြိုင်ပွဲ အမျိုးသားနှစ်ယောက်တွဲ မီတာ ၁၀၀၀ ပြိုင်ပွဲတွင် မြန်မာနိုင်ငံအတွက် ပထမဦးဆုံးရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည့် မြန်မာ့လှေလှော်လက်ရွေးစင် အားကစားသမား စိုင်းမင်းဝေနှင့် ဝင်းထိုက်တို့ကို ဆုချီးမြှင့်သည်။ **(ဓာတ်ပုံ)** ဆက်လက်၍ ငွေတံဆိပ်ရရှိခဲ့သည့်

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆**



## (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဘောလုံးပြိုင်ပွဲ မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ ယှဉ်ပြိုင်ကစားကြပုံများကို တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဇွန် ၆**

(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဘောလုံးပြိုင်ပွဲအုပ်စု ပွဲစဉ်များမှ ဇွန် ၇ ရက်တွင် မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ ယှဉ်ပြိုင်ကစားကြပုံများကို ညနေ ၆ နာရီခွဲတွင် မြန်မာ့ရုပ်မြင်သံကြား MRTV News Channel၊ MRTV Entertainment Channel နှင့် မြန်မာ့အသံ Radio အစီအစဉ်တို့မှ တိုက်ရိုက်ထုတ်လွှင့်မည်ဖြစ်သည်။ သို့ပါ၍ မြန်မာ့ရုပ်မြင်သံကြား News Channel မှ ပုံမှန်ထုတ်လွှင့်လျက်ရှိသည့် ည ၈ နာရီသတင်းကို ည ၉ နာရီတွင် ပြောင်းလဲထုတ်လွှင့်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



မေ ၂၉ ရက်က အမီယာခန်(ဝဲ)နှင့် ခရစ်အယ်လ်ဂျီရီ(ယာ)တို့ ယှဉ်ပြိုင်ထိုးသတ်စဉ်။

# မေဝယ်သာမထိုးသတ်ခဲ့ပါက ကမ္ဘာ့အကောင်းဆုံးဖြစ်လာမည်ဟု အမီယာခန် ပြောကြား

**ငွေကြယ်**

အင်္ဂလန်လက်ဝှေ့ကျော် အမီယာခန်သည် လက်ဝှေ့လောကတွင် ကမ္ဘာ့အကောင်းဆုံးဖြစ်လာရန် မျှော်လင့်လျက်ရှိခြင်းကြောင့် အမေရိကန်၏ ရှုံးပွဲမရှိစံချိန်တင် ဖလွိုက်မေဝယ်သာနှင့် ယှဉ်ပြိုင်ထိုးသတ်ရန် ပစ်မှတ်ထားလာခဲ့သည်။

လက်ရှိတွင် ကမ္ဘာ့နံပါတ်တစ်လက်ဝှေ့သမား ဖလွိုက်မေဝယ်သာအနေဖြင့် အမီယာခန်နှင့် ယှဉ်ပြိုင်ထိုးသတ်ရန်အတွက် တိကျသောအဖြေတစ်ခုကို ပြောကြားခဲ့ခြင်းမရှိသေးပေ။ ထို့ကြောင့် လက်ဝှေ့ကျော်အမီယာခန်သည် ဖလွိုက်မေဝယ်သာမထိုးသတ်ခဲ့ပါက ကမ္ဘာ့အကောင်းဆုံးဖြစ်လာလိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အမီယာခန်ကမူ စက်တင်ဘာ ၁၂ ရက်တွင် MGM Grand လက်ဝှေ့ပြိုင်ပွဲဝင်းကြီးထဲ၌ မေဝယ်သာနှင့် ယှဉ်ပြိုင်ထိုးသတ်ရန် မျှော်လင့်ထားကြောင်း သိရသည်။ ဖလွိုက်မေဝယ်သာအနေဖြင့် ဖိလစ်ပိုင်လက်ဝှေ့ကျော် ပက်ကွီုင်အိုအား အနိုင်ရရှိခဲ့ပြီးနောက် လက်ဝှေ့သမားဘဝမှ အနားမယူမီ တစ်ပွဲယှဉ်ပြိုင်ထိုးသတ်ရန် စီစဉ်ထားပြီး အမီယာခန်နှင့် ထိုးသတ်ဖြစ်ခဲ့ပါက မေဝယ်သာအတွက် လက်ဝှေ့သမားဘဝတစ်လျှောက် နောက်ဆုံးပွဲဖြစ်လာမည်ဖြစ်သည်။ အမီယာခန်သည် မေ ၂၉ ရက်ကလည်း နယူးယောက်၌ ခရစ်အယ်လ်ဂျီရီအား အနိုင်ရရှိအောင် ထိုးသတ်နိုင်ခဲ့သူဖြစ်သည်။




themirror.npt@gmail.com
www.facebook.com/themirrordaily

ကြေးမုံ The Mirror

တနင်္ဂနွေ SUNDAY SPECIAL

2015 JUNE 7, SUNDAY

STI MYANMAR UNIVERSITY
IMBA IBBA IMED IBE
www.stiedu.net
TEL : 507151/52, 377988
09250064451, 0931702299
09420254872

## ဖွံ့ဖြိုးရေး

# DVB -T2 Set Top Box အခမဲ့ပေးအပ်

**မကွေး ဇွန် ၆**

ပြန်ကြားရေးဝန်ကြီးဌာနမှ မကွေးတိုင်းဒေသကြီးအတွင်း၌ DVB - T2 စနစ်ဖြင့် ရုပ်သံထုတ်လွှင့်မှုကို ဖမ်းယူရရှိသော မြို့နယ် ခုနစ်မြို့နယ်ရှိ လူမှုအသိုင်းအဝိုင်းနှင့် လူနေမှုအဆင့် (E) ရှိသော အိမ်ထောင်စုများသို့ DVB-T2 Set Top Box များ အခမဲ့ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၄ ရက် နံနက် ၉ နာရီက မကွေးမြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးက DVB-T2 Set Top Box များကို တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဦးအောင်ကျော်မင်းထံ ပေးအပ်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီးက DVB-T2 Set Top Box များကို မကွေးခရိုင်၊ သရက်ခရိုင်၊ ပခုက္ကူခရိုင်၊ ဂန့်ဂေါခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**

# ဒုတိယမြောက် ထိုင်း-မြန်မာ ချစ်ကြည်ရေးတံတားတည်ဆောက်ရန် ထိုင်းအစိုးရ အတည်ပြု

**နေပြည်တော် ဇွန် ၆**

ထိုင်းအစိုးရက မိုအီမြစ်ကူး ဒုတိယမြောက် ထိုင်း-မြန်မာ ချစ်ကြည်ရေးတံတားနှင့် လေးလမ်းသွား ကားလမ်းမကြီးတစ်ခု တည်ဆောက်ရန် ဘတ် ၃ ဒသမ ၉ ဘီလီယံ ဘတ်ဂျက်တစ်ခုကို ဇွန်လ ၂ ရက်က အတည်ပြုလိုက်ကြောင်း Bangkok Post သတင်းတွင် ဖော်ပြသည်။ ထိုင်းအစိုးရ ဒုတိယပြောရေးဆိုခွင့်ရှိသူ ဆန်စန် ကော်ကမ်နဒ်က အတည်ပြုလိုက်သည့် ဘတ်ဂျက်မှာ ထိုင်းအစိုးရက ယခုနှစ်တွင် အကောင်အထည်ဖော်ရန် ရည်ရွယ်ထားသည့် မဲဆောက်အထူးစီးပွားရေးဇုန်အား အထောက်အကူပြုရန်ဖြစ်ကြောင်း ပြောကြားသည်။

တည်ဆောက်မည့် တံတားသစ်နှင့် ၂၁ ဒသမ ၄ ကီလိုမီတာရှိသည့် လေးလမ်းသွားလမ်းမကြီးကွန်ရက်က နယ်စပ်ဒေသများတွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကိုလည်း အထောက်အကူဖြစ်စေမည်ဖြစ်သည်။ ဆန်စန်၏ အဆိုအရ အတည်ပြုလိုက်သည့်ဘတ်ဂျက်တွင် ထိုင်းနိုင်ငံက မြန်မာအစိုးရသို့ပေးအပ်မည့် ဘတ်တစ်ဘီလီယံတန် ဘဏ္ဍာရေးအကူအညီလည်း ပါဝင်သည်။ ထိုင်းပို့ဆောင်ရေးဝန်ကြီး ပရာဂျင်ဂျန်တောင်က ဆောက်လုပ်ရေးလုပ်ငန်းအတွက် ဘတ် ၁ ဒသမ ၆ ဘီလီယံ၊ တံတားတည်ဆောက်ရေးအတွက် ဘတ်သန်း ၈၀၀၊ တံတားတစ်ဖက်တစ်ချက်၌ အကောက်ခွန်နှင့် လူဝင်မှုကြီးကြပ်ရေးရုံးများ တည်ဆောက်ရန်အတွက် ဘတ်တစ်ဘီလီယံနှင့် စီမံကိန်းမြေအတွက် ကုန်ကျစရိတ် ဘတ်သန်း ၃၀၀ အပါအဝင် အဆိုပါဘတ်ဂျက်ကို ကဏ္ဍအသီးသီးတွင် အသုံးပြုသွားမည်ဟု အစောပိုင်းက ပြောကြားထားသည်။

အစိုးရအဖွဲ့ထံမှ အတည်ပြုချက်ရရှိပြီးပါက မြေအသုံးပြုမှုအတွက် တရားဝင်ခွင့်ပြုမိန့်ကို ယခုလနှောင်းပိုင်းတွင် အပြီးသတ်ဆောင်ရွက်မည်ဖြစ်ပြီး ဆောက်လုပ်ရေးလုပ်ငန်းကို စက်တင်ဘာလတွင် စတင်ရန် မျှော်မှန်းထားသည်။ ထိုင်းအစိုးရက နိုင်ငံတွင်းရှိ အထူးစီးပွားရေးဇုန်များတွင် အလုပ်လုပ်ကိုင်နေသည့် အိမ်နီးချင်းတိုင်းပြည်များမှ လုပ်သားများသွားလာလှုပ်ရှားမှု အဆင်ပြေချောမွေ့စေရန် မြန်မာ၊ ကမ္ဘောဒီးယားနိုင်ငံတို့နှင့် နယ်စပ်ဖြတ်ကျော် သဘောတူစာချုပ်များ ပြင်ဆင်ရန်လည်း အတည်ပြုခဲ့သည်။ သဘောတူစာချုပ်တွင် မဲဆိုင်-တာချီလိတ်နှင့် မဲဆောက်-မြဝတီစစ်ဆေးရေးဂိတ်များအပါအဝင် နယ်စပ်စစ်ဆေးရေးဂိတ်လေးခု ပါဝင်သည်။ **(သုတ)**



# ကမ်းပြိုကာကွယ်ရေးနှင့် ရေလမ်းကြောင်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ကျပ်သန်းပေါင်း သုံးထောင်ကျော်သုံးစွဲမည်

**မန္တလေး ဇွန် ၆**

မန္တလေးတိုင်းဒေသကြီးအတွင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကမ်းပြိုကာကွယ်ရေးနှင့် ရေလမ်းကြောင်း ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ငွေကျပ်သန်းပေါင်း ၃၂၄၈ ဒသမ ၃ သန်း သုံးစွဲသွားမည်ဖြစ်ကြောင်း ယင်းဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းလှိုင်က ပြောသည်။

"ကမ်းပြိုကာကွယ်ရေးလုပ်ငန်းက ၂၂ ခုရှိပြီး ကုမ္ပဏီခြောက်ခုက တင်ဒါလျှောက်ထားလာပါတယ်။ ရေလမ်းကြောင်းဖွံ့ဖြိုးရေးလုပ်ငန်းကတော့ ရေကျချိန်မှ လုပ်ငန်းဘယ်နှစ်ခုဆိုတာ သိရမယ်။ ဘတ်ဂျက်ငွေတော့ ကျပြီးပါပြီ"ဟု ၎င်းက ပြောသည်။

ကမ်းပြိုကာကွယ်ရေးလုပ်ငန်းအတွက် ကျေးရွာပေါင်း ၂၂ ရွာတွင် ကျပ်သန်းပေါင်း ၂၉၂၄ ဒသမ ၃ သန်းနှင့် ရေလမ်းကြောင်းဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကျပ်သန်းပေါင်း ၃၂၄ သန်း သုံးစွဲသွားမှာဖြစ်ပြီး စုစုပေါင်း ကျပ်သန်းပေါင်း ၃၂၄၈ ဒသမ ၃ သန်းဖြစ်ကြောင်း သိရသည်။

"ကမ်းပြိုကာကွယ်ရေးလုပ်တဲ့အခါ မိုးတွင်းကာလ ရေလမ်းကြောင်းပြောင်းလဲမှုပေါ်မူတည်ပြီး လုပ်ကိုင်ခွင့်ရတဲ့ ကုမ္ပဏီတွေက လိုက်လျောညီထွေဖြစ်စေမယ့် ဒီဇိုင်းပုံစံတွေ ပြန်လည်ရေးဆွဲတင်ပြရမှာဖြစ်ပြီး လုပ်ငန်းလုပ်ရင်လည်း ရေကျချိန်မှာ လုပ်ရမှာပါ"ဟု လက်ထောက်ဦးစီးမှူး ဦးတိုးအောင်လင်းက ပြောသည်။

ယခင်ဘဏ္ဍာရေးနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း ရွာပေါင်း ၂၈ ရွာတွင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအတွက် ကျပ်သန်းပေါင်း ၂၄၀၀ ကျော် သုံးစွဲခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မြို့ပတ်ရထားလမ်းများ အန္တရာယ်ကင်းရှင်းစေရေး ဆောင်ရွက်

**ရန်ကုန် ဇွန် ၆**

ကျောက်ရေတွင်းဘူတာမှ တံတားလေးဘူတာထိ ရထားလမ်းများအား ရထားလမ်းမြှောက်ပါကင်ရိုက်ခြင်း လုပ်ငန်းများကို ဇွန်၂ ရက် မွန်းလွဲပိုင်းက အငယ်တန်းအင်ဂျင်နီယာ ဦးရဲလင်း ဦးဆောင်သည့် လုပ်သားများဖြင့် ရထားများ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေး ဆောင်ရွက်ပေးခဲ့ကြသည်။

ရထားသံလမ်းများ ရာသီဥတုကြောင့် အချိန်ကြာလာသည်နှင့် နိမ့်ကျသွားကြကြောင်း၊ ဖြောင့်တန်းမှုမရှိဘဲ တိမ်းမှောက်တာ၊ လမ်းချော်တာတို့ ဖြစ်နိုင်ကြောင်း၊ ထို့ကြောင့် တာဝန်အရရော စေတနာအပြည့်နှင့်ပါ စနစ်တကျ ရေချိန်ကိုက်ပြုပြင်ပေးရခြင်းဖြစ်ကြောင်း သိရသည်။ **(၁၉၇)**



# လူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်း အထူးစီမံချက်(ယင်းမာ)၏ ပထမရက်သတ္တပတ်လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်း

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၏ဦးဆောင်မှုဖြင့် လူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အထူးလုပ်ငန်းစီမံချက်(ယင်းမာ)ကို မူးယစ်ဗဟိုအဖွဲ့ အစည်းအဝေး(၁/၂၀၁၅)တွင် အတည်ပြုခဲ့ပြီး လုပ်ငန်းတာဝန်များ ခွဲဝေသတ်မှတ်ပေးခဲ့ပါသည်။ အဆိုပါ ယင်းမာစီမံချက်ကို၂၆-၅-၂၀၁၅ ရက်နေ့မှ ၂၆-၆-၂၀၁၅ ရက်နေ့အထိ ဆောင်ရွက်လျက်ရှိပြီး အထက်မြန်မာပြည်၊ အောက်မြန်မာပြည်၊ ရှမ်းပြည်နယ်ဟူ၍ ဇုန်သုံးဇုန်ခွဲ၍ ဆောင်ရွက်လျက်ရှိခဲ့ရာ မူးယစ်ဗဟိုအဖွဲ့အောက်ရှိ လုပ်ငန်းအဖွဲ့များအလိုက် ပထမရက်သတ္တပတ်အတွင်း အောက်ပါအတိုင်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည် -

## တိုင်းဒေသကြီး/ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့

(၁) မူးယစ်ဆေးဝါးအသိပညာပေးဆိုင်းဘုတ်စိုက်ထူခြင်း (၆)မြို့နယ်
(၂) အသိပညာပေးဟောပြောပွဲ (၄၉)ကြိမ်
(၃) လက်ကမ်းစာစောင်ဖြန့်ဝေခြင်း (၁၀)မြို့နယ်
(၄) တစ်ခန်းရပ်ပြဇာတ်တင်ဆက်ခြင်း (၁)မြို့နယ်

## သီးနှံများအစားထိုးစိုက်ပျိုးရေးအဖွဲ့

(၁) နှစ်ချင်းသီးနှံမျိုးစေ့ဖြန့်ဖြူးခြင်း (၂၄)မြို့နယ်
(၂) နှစ်ရှည်ပျိုးပင် ဖြန့်ဖြူးခြင်း (၁၀)ကြိမ်
(၃) သင်တန်းဖွင့်လှစ်ခြင်း (၈)မြို့နယ်

## မွေးမြူရေးအဖွဲ့

(၁) တိရစ္ဆာန်ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးခြင်း (၉)မြို့နယ်
(၂) ဒေသတွင်း မွေးမြူထားရှိသော တိရစ္ဆာန်များကို အထူးကုအဖွဲ့များဖြင့် ကွင်းဆင်းကုသဆောင်ရွက်ခြင်း (၅)မြို့နယ်

## ဆေးကုသရေးအဖွဲ့

(၁) One Stop Service ဆေးကုသရေးဆောင်ရွက်ခြင်း လူနာသစ် (၁၅)ဦးတက်ရောက်
(၂) လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် အလုပ်ရုံဆွေးနွေးပွဲ (၂)မြို့နယ်
(၃) မူးယစ်ဆေးစွဲလူနာများ မက်သာဒုန်းဆေးကုသမှုခံယူနေသူများအား အသည်းရောင်အသားဝါဘီပိုး စစ်ဆေးခြင်းနှင့် ကာကွယ်ဆေးထိုးနှံခြင်း (၃၁) ဦး
(၄) မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် HIV ပိုးကူးစက်မှုအန္တရာယ် ကာကွယ်ကုသရေးလုပ်ငန်းများ၊ လူထုလှုပ်ရှားမှုများ ဆောင်ရွက်ခြင်း

## ပြန်လည်ထူထောင်ရေးအဖွဲ့

(၁) စခန်းအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်းဖွင့်လှစ်ခြင်း (၂)မြို့နယ်
(၂) မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ် အသိပညာပေးဟောပြောပွဲ အခမ်းအနားပြုလုပ်ခြင်း (၇)နေရာ

## ကျောင်းသားလူငယ်များအား အသိပညာပေးရေးအဖွဲ့

(၁) ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ဆောင်းပါး၊ စာစီစာကုံးပြိုင်ပွဲ (၉)မြို့နယ်
(၂) မူးယစ်ဆေးဝါးအသိပညာပေးဟောပြောပွဲ (၂)နေရာ

## ပြည်သူများအား အသိပညာပေးလှုံ့ဆော်ရေးအဖွဲ့

(၁) နယ်လှည့်စာကြည့်တိုက် လှုပ်ရှားမှုပြုလုပ်ခြင်း (၁၀၆)မြို့နယ်
(၂) လက်ကမ်းစာစောင်ထုတ်ဝေမှု ပြုလုပ်ခြင်း (၁၀၆)မြို့နယ်
(၃) လက်ကမ်းစာစောင်ပြသမှုကျင်းပခြင်း (၁၀၆)မြို့နယ်
(၄) ဓာတ်ပုံပြပွဲ ကျင်းပမှုပြုလုပ်ခြင်း (၁၀၆)မြို့နယ်
(၅) ဟောပြောပွဲကျင်းပမှုပြုလုပ်ခြင်း (၁၀၆)မြို့နယ်

## ထိန်းချုပ်ဓာတုပစ္စည်းများ ကြီးကြပ်ရေးအဖွဲ့

(၁) ထိန်းချုပ်ဓာတုပစ္စည်းများကွင်းဆင်းစစ်ဆေးခြင်း (၃)မြို့နယ်
(၂) အသိပညာပေးဆွေးနွေးခြင်း (၈)မြို့နယ်




ကျောင်းသားလူငယ်များအား အသိပညာပေးရေးအဖွဲ့





ပြန်လည်ထူထောင်ရေးအဖွဲ့



ဆေးကုသရေးအဖွဲ့



သီးနှံများအစားထိုးစိုက်ပျိုးရေးအဖွဲ့



မွေးမြူရေးအဖွဲ့



တိုင်းဒေသကြီး/ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့



ပြည်သူများအား ပညာပေးလှုံ့ဆော်ရေးအဖွဲ့



# ဆင်ဖြူနယ်စပ်ကုန်သွယ်ရေးစခန်းအနီး မူးယစ်ဆေးဝါးဆန့်ကျင်ရေးဆိုင်းဘုတ်စိုက်ထူ

**မူဆယ် ဇွန် ၆**

ဇွန်လ ၂၆ ရက်နေ့တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြိုလှုပ်ရှားမှုအဖြစ် ဇွန် ၄ ရက် နံနက် ၉ နာရီက မူဆယ်မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံ၏ ဆင်ဖြူနယ်စပ်ကုန်သွယ်ရေးစခန်းအနီး၌ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးဆိုင်းဘုတ် စိုက်ထူဖွင့်လှစ်ခြင်း အခမ်းအနားကျင်းပခဲ့သည်။

ဆက်လက်၍ နန်းတော်နှစ်နိုင်ငံ ဝင်ထွက်ကုန်သွယ်ရေးစခန်းအနီး၊ အဝေးပြေးယာဉ်ရပ်နားစခန်း လမ်းဆုံမီးပွိုင့်အနီး၊ ကံ့ကော်လမ်းဆုံ၊ အမှတ်(၁) ရဲကင်းရှေ့၊ မြို့ပတ်လမ်းဆုံ၊ မူဆယ်မြို့အထွက် ပန်ခမ်းတံတားအနီးတို့တွင် မူးယစ်ဆေးဝါးဆန့်ကျင်ရေး ဆိုင်းဘုတ်များစိုက်ထူကာ မူးယစ်တပ်ဖွဲ့စု (၂၂)မှ မူးယစ်ဆေးဝါး အသိပညာပေးလက်ကမ်းစာစောင်များ ဝေငှပေးခဲ့ကြောင်း သိရသည်။



အလားတူ ကွတ်ခိုင်မြို့နယ်၌လည်း မြို့မဈေးလမ်းဆုံ၊ မြို့တော်ခန်းမရှေ့၊ တာမိုးညဲလမ်းဆုံ၊ ကောင်းခါးလမ်းဆုံတို့တွင် မူးယစ်ဆေးဝါးဆန့်ကျင်ရေး ဆိုင်းဘုတ်များ စိုက်ထူခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းမြင့်နှင့်အတူ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်ဒေသခံများ ပါဝင်ခဲ့ကြောင်း သိရသည်။

**(ဆရာမောင်)**

# ခန္တီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**ခန္တီး ဇွန် ၆**

မွေးမြူရေးနှင့်ပတ်သက်၍ နွားနောက်မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ပတ်သက်၍ ချင်းတွင်းမြစ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထုအားလုံး ပါဝင်ဆောင်ရွက်ရန်လိုကြောင်း မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးက ဇွန် ၃ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့သို့ရောက်ရှိစဉ် မြို့နယ်တာဝန်ရှိသူများအား ပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်အထောက်အကူပြု ကော်မတီဥက္ကဋ္ဌ ဦးတင်လှက ခန္တီးမြို့ ကမ်းနားလမ်း နှစ်ဖာလုံ ကတ္တရာလမ်းခင်းပေးရန် တင်ပြမှုနှင့် ခန္တီးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတိုးလွင်က ခန္တီး-ဟုမ္မလင်းကားလမ်းရာသီမရွေးသွားလာနိုင်ရေးတင်ပြချက်များအပေါ် ဒုတိယဝန်ကြီးဦးခင်မောင်အေးက ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ခန္တီးမြို့ တစ်ဖက်ကမ်းရှိ မြစိမ်းရောင်စီမံကိန်း ကျေးရွာဖြစ်သောကင်းတော်ကျေးရွာသို့ရောက်ရှိပြီး မြစိမ်းရောင်ကော်မတီအဖွဲ့ဝင်များ၊ ကျေးရွာလူထုများနှင့်တွေ့ဆုံရာတွင် ချင်းတွင်းမြစ်နှင့် အင်းအိုင်များတွင် ငါးရှားပါးမှုဖြစ်ပေါ်လျက်ရှိကြောင်း၊ ငါးမျိုးမသုဉ်းစေရေးအတွက် တရားမဝင် ငါးဖမ်းခြင်း (လျှော့တိုက်နည်း) ဆောင်ရွက်ပါက ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းအရေးယူဆောင်ရွက်ရန်နှင့် မြစိမ်းရောင်ချေးငွေဖြင့် ရေလုပ်ငန်းနှင့် အခြားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများမရှိစေရေးအတွက် ဒုတိယဝန်ကြီးက ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

**ချန်လော(ပြန်/ဆက်)**

# မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာများတွင် မြစိမ်းရောင်ချေးငွေဖြင့် မွေးမြူရေးလုပ်ငန်းများ အောင်မြင်မှုရှိ၊ မရှိ ကွင်းဆင်းစစ်ဆေး



**သာစည် ဇွန် ၆**

မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာများတွင် မြစိမ်းရောင်ရန်ပုံငွေဖြင့်မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေကြသည့် အသင်းသားများ၏ မိသားစုစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို သိရှိနိုင်ရန်အတွက် သာစည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ (နည်းပညာ) ဦးသိန်းထွန်းဦးသည် မြို့နယ်အဆင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဝင်များနှင့်အတူ ဇွန် ၅ ရက် နံနက်က သာစည်မြို့နယ် ကပ်ကြေးအင်းကျေးရွာသို့ သွားရောက်၍ အဆိုပါကျေးရွာရှိ မြစိမ်းရောင်စီမံကိန်းဝင် အသင်းသားများ၏ မွေးမြူထားသော နွား၊ ဆိတ်၊ သိုး၊ ဝက်တို့၏ အခြေအနေကိုကွင်းဆင်းကြည့်ရှုပြီး ကျေးရွာရှိမြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်တွေ့ဆုံကာ ရေးသွင်းပြုစုထားသည့်စာရင်းဇယားများ မှန်ကန်မှုရှိ/မရှိနှင့် ပြည့်စုံမှု ရှိ/မရှိကို စစ်ဆေးသည်။**(ဓါတ်ပုံ)**

ထို့နောက် ကျေးရွာရှိမြစိမ်းရောင်ရန်ပုံငွေရရှိသည့် အသင်းသားများနှင့်တွေ့ဆုံ၍ မိသားစုဘဝဖွံ့ဖြိုးတိုးတက်ရေးတွင် ယခုမွေးမြူထားသည့်ဆိတ်၊ နွား၊ သိုး၊ ဝက်တို့ကို ပွားများလာအောင် ဂရုစိုက်မွေးမြူကြပြီး ထုတ်ယူထားသည့်ချေးငွေများ အရင်းမပျောက်အောင် ထိန်းသိမ်းသွားကြရန် တာဝန်ရှိသူများက မှာကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

**မောင်ကို(သာစည်)**

# မိုးဦးသီးနှံရာသီမှာ ဓား၊ ပေါက်ပြား အဟောင်းသခြင်းလုပ်ငန်းဖြင့် အပိုဝင်ငွေရရှိ

**တပ်ကုန်း ဇွန် ၆**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ညောင်ပင်သာကျေးရွာ၌ ပန်းဘဲလုပ်ငန်းလုပ်ကိုင်သည့် မိသားစုများ ဓား၊ ပေါက်ပြားအဟောင်းများ သခြင်းလုပ်ငန်းဖြင့် အပိုဝင်ငွေရရှိနေကြောင်း သိရသည်။

အများအားဖြင့် ပန်းဘဲလုပ်ငန်းတွင်ယခင်လများက တောရမ်းဓားအနည်းငယ်သာ လုပ်ကိုင်ရပြီး ယခုမိုးဦးသီးနှံအချိန်ဖြစ်၍ တောင်သူအများစုတွင် လယ်ကန်သင်းများ တောရမ်းခြင်း၊ ပဲတီစိမ်း၊ မြေပဲ၊ နှမ်းခင်းများ ပေါင်းပေါက်ခြင်းလုပ်ကိုင်ရသည့် ရာသီဖြစ်သောကြောင့်တောရမ်းဓားအဟောင်းများသခြင်း၊ ပေါက်ပြားအဟောင်းများ သခြင်း လုပ်ငန်းများပိုမိုလုပ်ကိုင်ရာတွင် တောရမ်းဓားအဟောင်းတစ်လက် သခငွေ ၂၀၀၀ ကျပ်၊ ပေါက်ပြားအဟောင်း တစ်လက်သခငွေ ၁၀၀၀ ကျပ်ရရှိ၍ တစ်နေ့လျှင် ပေါက်ပြားအဟောင်း ၁၀ လက်နှင့်အထက်ပြီးသဖြင့် မိသားစုဝင်ငွေရရှိသည် ဟု ပန်းဘဲလုပ်ငန်း လုပ်ကိုင်သူတစ်ဦးက ပြောပြသည်။

ဓား၊ ပေါက်ပြားများကို ပထမဦးဆုံး မီးသွေးဖြင့် မီးဖုတ်ခြင်းနှင့်လိုအပ်သလိုတူဖြင့် ထုပေးပြီး ပြန်လည်အအေးခံရခြင်းအပြင် ကိုက်ထိုးတံစဉ်းတိုက်လုပ်ငန်းလုပ်ရခြင်း၊ နောက်ဆုံးအဆင့် ဆေးသားတင်ရန် ဓား၊ ပေါက်ပြားများကို မီးသွေးဖိုတွင် မီးပြန်ဖုတ်ရခြင်း သင့်တော်သောအနေအထားတွင် မီးသွေးဖိုမှပြန်ဆယ်ယူပြီး ရေဖြင့်ဆေးရသည်အထိ လုပ်ဆောင်ရခြင်းနှင့် ဓား၊ ပေါက်ပြားအဟောင်းများအား အသစ်ပုံစံအသွင်ဖြစ်အောင် သယူရခြင်းလုပ်ငန်းများလုပ်ဆောင်ရကြောင်း သိရသည်။

**တင်စိုးလွင် (ပြန်/ဆက်)**

# နတ်တလင်းမြို့နယ်တွင် ပျိုးထောင်စိုက်ပျိုးနည်းထက် ကြဲပက်နည်းစိုက်သူများလာ

**နတ်တလင်း ဇွန် ၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်တွင် တောင်သူလယ်သမားများ ပျိုးထောင်စိုက်ပျိုးနည်းထက် ကြဲပက်စနစ်ဖြင့်လယ်ယာလုပ်ငန်းခွင်ဝင်နေကြကြောင်း တွေ့ရှိရသဖြင့် ထိန်သေးကျေးရွာအုပ်စု ပေါက်တန်းရွာမှ လယ်ထွန်ယက်နေသူ ဦးကျော်ဦးအား သွားရောက်မေးမြန်းကြည့်ရာ "ရာသီဥတုအခြေအနေကြောင့် အခုလိုကြဲပက်နည်းကိုသာ လုပ်ကိုင်နေရပါတယ်။ လယ်သမားများအခေါ်ရ ပျိုးထောင်စိုက်ပျိုးနည်းနဲ့ ကြဲပက်စနစ် တစ်နည်း အခြောက်စိုက်နည်းလို့လည်းခေါ်တယ်။ သဏ္ဌာန်ကြဲစိုက်နည်းလို့လည်း အမျိုးမျိုးခေါ်ကြတယ်။ မျိုးစပါးကတော့ အင်းလယ်၊ ထိပ်စောင်းစတဲ့ စပါးမျိုးတွေကိုပဲ အများဆုံးစိုက်ပျိုးကြတယ်။ တစ်ကျိုးကို ခြောက်ပြည်မှ ရှစ်ပြည်နှုန်းလောက် ကြဲရတယ်။ ထယ်ထိုးပြီး မျိုးစပါး ကြဲရတယ်။ ပြီးတော့ ထွန်နဲ့ နှစ်စပ်သုံးစပ်လောက် အုပ်လိုက်ရတယ်။ ဒီအရပ်ဒေသက အခုနှစ် မိုးဦးခေါင်တော့ အခြောက်စိုက်နည်းကို သုံးကြတယ်။ မိုးလေးမစို့မပို့ရွာရင်ပဲ စပါးပင်ပေါက်ပြီ။ ၁၅ ရက်သားလောက်ရရင် ပေါင်းသတ်ဆေး (မြက်သတ်ဆေး)ဖျန်းပေးရတယ်။ ဒါဆိုရင် မြက်ပင်သေပြီး စပါးပင် အထကောင်းလာတယ်။ တချို့လယ်သမားတွေက တစ်လသားလောက်ရရင် ထွန်နဲ့လေးကွက်ကြား ထိုးလိုက်တယ်။ အတန်းလိုက်စိုက်ပျိုးသလိုဖြစ်ပြီး စပါးအထွက်လည်း ပိုတယ်။ စက်နဲ့လုပ်မယ်ဆိုရင် တစ်ဧကကို ဒီဇယ်ဆီ အပြီး တစ်ဂါလန်လောက်ကုန်တယ်။ စပါးထွက်ကတော့ လယ်သမားတွေမိမိစိုက်ပျိုးထားတဲ့ စပါးပင်တွေအပေါ် ပြုစုဂရုစိုက်မှုတွေအပေါ်မှာ အများကြီး မူတည်တယ်။ တစ်ဧကိုပျမ်းမျှ တင်း ၈၀ ထွက်တယ်။ အင်းလယ်နဲ့ ထိပ်စောင်းစပါးမျိုးမှာ အင်းလယ်စပါးမျိုးက ခုနစ်ရက်စောပြီးရိတ်ရတယ်။ ပဲဆက်ပြီးစိုက်တယ်အခြောက်စိုက်က ပဲအထွက်ပိုကောင်းတယ်။ စပါးသိမ်းတော့လည်း လယ်ထဲမှာပဲ ရိတ်သိမ်းခြွေလှေ့စက်နဲ့ လုပ်တယ်။ ပျိုးထောင်စိုက်ပျိုးတာထက် အကုန်အကျနည်းတယ်။ လူလည်း သက်သာတယ်။ ကျွန်တော်တို့ ဒေသမှာ ကြဲပက်စနစ်နဲ့ လုပ်နေကြတာ လယ်ဧက တော်တော်များများ ပြီးစီးနေပြီ"ဟု ပြောပြသည်။

**(ဝ၇၁)**



# ရေသတ္တဝါမွေးမြူရေးဆိုင်ရာ နည်းပညာပေးစာကြည့်တိုက်ဖွင့်

မြန်မာနိုင်ငံ ငါးမွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့် သုတေသနစာတမ်းပြုစုနေသည့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများ လေ့လာနိုင်ရန်အတွက် ရန်ကုန်တက္ကသိုလ်သတ္တဗေဒဌာန၊ ပုသိမ်တက္ကသိုလ်အဏ္ဏဝါသိပ္ပံဌာနတို့နှင့်ချိတ်ဆက်၍ ပညာရေးအထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်နေသည့် University of Arizona တက္ကသိုလ်နှင့် USAID တို့၏ အဓိကကူညီပံ့ပိုးမှု၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ ကူညီမှုဖြင့် ရေသတ္တဝါမွေးမြူရေးဆိုင်ရာ နည်းပညာပေးစာကြည့်တိုက်ကို ဇွန် ၁ ရက်က ရန်ကုန်မြို့ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ ငါးမွေးမြူရေးကဏ္ဍတွင် ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက နည်းပညာလိုအပ်ချက်များရှိနေကြောင်း၊ ရေသတ္တဝါမွေးမြူရေးဆိုင်ရာနည်းပညာပေးစာကြည့်တိုက်ဖွင့်လှစ်ခြင်းဖြင့် ငါးမွေးမြူရေးကဏ္ဍအား တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေမည်ဖြစ်သည့်အပြင် သုတေသနစာတမ်းပြုစုနေသော ကျောင်းသား ကျောင်းသူများအားလည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေနိုင်မည်ဖြစ်ကြောင်း၊ ရေသတ္တဝါမွေးမြူရေးဆိုင်ရာ နည်းပညာပေးစာကြည့်တိုက်မှ ဦးစိုးထွန်းကပြောသည်။

"အခုဒီစာကြည့်တိုက်မှာတွေ့ရတဲ့ စာအုပ်တွေထဲမှာ ငါးမွေးမြူရေးပညာရှင်တွေက သုတေသနပြုလုပ်ပြီး ဖော်ပြထားတာ အများကြီးကောင်းပါတယ်။ ဒီမှာ နိုင်ငံတကာက သုတေသနစာတမ်းရှင်တွေရဲ့ စာတမ်းပေါင်းများစွာကိုလည်း လေ့လာနိုင်မှာပါ။ လုပ်ငန်းရှင်တွေအတွက်လည်း အများကြီးအသုံးတည့်မယ် ထင်ပါတယ်။ ကိုယ်တိုင်အသုံးပြုလို့ရမယ့် နည်းစနစ်တွေကို ပုံတွေနဲ့ ရှင်းပြထားတဲ့အတွက် ကြည့်ရုံနဲ့တင် ရှင်းရှင်းလင်းလင်း တွေ့ရတယ်။ ပါရဂူဘွဲ့ယူမယ့် ကျောင်းသားကျောင်းသူတွေ၊ မွေးမြူရေးလုပ်ငန်းရှင်တွေ လာရောက်လေ့လာဖတ်ရှုသင့်ပါတယ်" ဟု ငါးမွေးမြူရေးလုပ်ငန်းရှင် ဒေါက်တာမြင့်စိန်က ပြောသည်။



အဆိုပါစာကြည့်တိုက်တွင် နိုင်ငံပေါင်းစုံမှ မွေးမြူရေးပညာရှင်များ၏ သုတေသနပြုရေးသားထားသော စာအုပ်၊ စာတမ်းများ၊ အစ္စရေးနိုင်ငံမှပညာရှင် Dr.Gidi Hulta ရေးသားပြုစုထားသည့် ငါးမွေးမြူရေးနှင့် သက်ဆိုင်သည့်စာအုပ်များ၊ တီလားဗီးယား မွေးမြူရေးပညာရှင် Dr. Kevin Fitzsimmons ရေးသားပြုစုထားသည့် တီလားဗီးယားမွေးမြူရေးနှင့်ဆိုင်သော စာအုပ်များ၊ ငါးကြင်း၊ ငါးမြစ်ခြင်း၊ ငါးခေါင်းပွအစရှိသည့် ငါးမျိုးစိတ်များနှင့်ပတ်သက်သည့် စာအုပ်များ၊ ပုစွန်၊ ကဏန်း၊ ငါးရှဉ့်စသည်တို့ စနစ်တကျ မွေးမြူပုံတို့ကို စနစ်တကျပြုစုထားသည့် သုတေသနစာတမ်းများအပါအဝင် စာအုပ်အမျိုးပေါင်း ၂၀၀၀ ကျော်ကို ဖတ်ရှုလေ့လာနိုင်ကြောင်း သိရသည်။

စာကြည့်တိုက်ကို တနင်္လာနေ့မှ သောကြာနေ့အထိ နေ့စဉ် နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီခွဲအထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး မည်သူမဆို အခမဲ့ လာရောက်ဖတ်ရှုလေ့လာနိုင်ကြောင်း သိရသည်။

**(သတင်း/ဓာတ်ပုံ-သီသီမင်း)**

## မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဟောပြော

**သထုံ**

၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် တက္ကသိုလ်အဆင့် အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံနှင့် စာအုပ်ပြပွဲများကို ဇွန် ၃ ရက် နံနက် ၁၀ နာရီက ကွန်ပျူတာတက္ကသိုလ် (သထုံ) ဘွဲ့နှင်းသဘင်ခန်းမ၌ သထုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ရဲတပ်ဖွဲ့တို့က ပူးပေါင်းကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ကွန်ပျူတာတက္ကသိုလ်ကျောင်းအုပ်ကြီး ဒေါက်တာဝင်းဌေးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်တို့က နှုတ်ခွန်းဆက်စကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်မင်းက ကျောင်းသားကျောင်းသူများနှင့် မူးယစ်ဆေးဝါး၏ဆိုးကျိုးအန္တရာယ်များ၊ သထုံမြို့မစခန်းမှူး ဒုရဲမှူးထွန်းသိန်းက တရားမဝင်ရောင်းဝယ်နေမှုများ၊ ပြစ်မှုပြစ်ဒဏ်များနှင့် မှုခင်းကျဆင်းရေးတို့ကိုဟောပြောကာ သထုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်ခင်လေးနွယ်က စာပေဖတ်ရှုခြင်းဖြင့် မူးယစ်ဆေးအန္တရာယ်သတိမူနိုင်စေရန်နှင့် ပြပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များ၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုတို့ကို ဆွေးနွေးပြောကြားသည်။

ယင်းအခမ်းအနားတွင် သထုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မူးယစ်ဆေးဝါးဆိုင်ရာပန်းချီ၊ ကာတွန်း၊ ကဗျာ၊ ဆောင်းပါးများ၊ သထုံမြို့နယ်အတွင်း မူးယစ်ကင်းစင်ရေး လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ၊ ဖမ်းဆီးရရှိဖျက်ဆီးမှု ဓာတ်ပုံများနှင့် စာအုပ်၊ စာစောင်များကို ဝေဝေဆာဆာ ခင်းကျင်းပြသထားရာ ကျောင်းသားကျောင်းသူများက စိတ်ပါဝင်စားစွာဖြင့် ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

**သရက်**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ သရက်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ရဲတပ်ဖွဲ့တို့ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အကြိုဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်ပြပွဲကို ဇွန် ၃ရက် နံနက် ၉နာရီက သရက်မြို့ အခြေခံပညာအထက်တန်းကျောင်း အမှတ်(၁) နဝရတ်ရတုခန်းမ၌ ကျင်းပရာ သရက်ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင် တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဦးမူကမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအား တားဆီးနှိမ်နင်းရေးဆောင်ရွက်ချက်များကိုလည်းကောင်း၊ ခရိုင်ဆရာဝန်ကြီး ဒေါက်တာသီတာစိုးက မူးယစ်ဆေးစွဲရောဂါအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်နွယ်နီဝင်းသူက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအကြောင်းကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအုန်းဟန်ဦးက မူးယစ်ဆေးဝါးကြောင့် လူမှုစီးပွားဘဝဆုတ်ယုတ်မှုနှင့် Social Drug အကြောင်း နားလည်စေရေးဆွေးနွေးခဲ့သည်။

ယင်းနောက် မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲ၊ စာအုပ်ပြပွဲသို့ တက်ရောက်လာသည့် ဌာနဆိုင်ရာများနှင့် ကျောင်းသားကျောင်းသူများအား ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ဝန်ထမ်းများက ရှင်းလင်းပြသပြီး မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် အသိပညာပေး လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့သည်။

**ဖော်ထက်(သရက်)**

## ပုဗ္ဗသီရိမြို့နယ်တွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အခမဲ့ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဇွန် ၆**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ် ကြိမ်တောမြောင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်း၌ ဇွန် ၄ ရက် နံနက် ၈ နာရီက ပုဗ္ဗသီရိမြို့နယ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ကျန်းမာရေးအသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပုဗ္ဗသီရိမြို့နယ် ခုတင်(၅၀)ဆံ့ ဆေးရုံမှ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနန်းကျော့ခိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နွယ်နီထွန်းက မျိုးဆက်ပွားကျန်းမာရေးအကြောင်းကို လည်းကောင်း၊ မြို့နယ်သူနာပြုအဆင့် (၁) ဒေါ်မိုးမိုးခိုင်က သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားရခြင်းအကြောင်းနှင့် မြို့နယ်ကျန်းမာရေးမှူး အဆင့်(၁) ဒေါ်နန်းရွှေဌေးက ဝမ်းပျက်၊ ဝမ်းလျှောရောဂါအကြောင်းတို့ကို ဟောပြောဆွေးနွေးခဲ့သည်။

ထို့နောက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနန်းကျော့ခိုင်၊ မြို့နယ်ကျန်းမာရေးအရာရှိ ဒေါက်တာသီဟသန်း၊ သွားကျန်းမာရေးဆရာဝန် ဒေါက်တာသစ်သစ်တိုးတို့ဦးစီး၍ မြို့နယ်ဆေးရုံအမှတ် (၁)၊ (၂)မှ အခြေခံကျန်းမာရေးဝန်ထမ်းများဖြင့် ကျေးရွာအတွင်းမှ ကိုယ်ဝန်ဆောင်မိခင် ငါးဦး၊ သွားကျန်းမာရေးလူနာ ၁၅ ဦး၊ အထွေထွေရောဂါဝေဒနာရှင် ၁၄၇ ဦး စုစုပေါင်း လူနာ ၁၆၇ ဦးအား အခမဲ့ကုသပေးခဲ့ပြီး သွေးလှူရှင်အသင်းအတွက် အမျိုးသား ၁၂ ဦးကိုလည်း သွေးအုပ်စုခွဲပေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**(ရွှေရဲရင့်)**





## လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အရေးပေါ်ဌာနများ ဖွင့်လှစ်

**ညောင်တုန်း ဇွန် ၆**

ညောင်တုန်းမြို့နယ်အတွင်းရှိ လျှပ်စစ်သုံးပြည်သူများ မိုးရာသီကာလအတွင်း လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုလျော့နည်းရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် မြို့တွင်းရှိလျှပ်စစ်မီးကြိုးများနှင့် မလွတ်ကင်းသည့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ခြင်း၊ ရှင်းလင်းခြင်း၊ အများပြည်သူများရှိသည့် ကားဂိတ်နှင့် လမ်းမတော်တစ်လျှောက်ရှိ လျှပ်စစ်မီးလိုင်းများ ပြုပြင်ထိန်းသိမ်းခြင်း၊ လမ်းစုံနေရာများ ဈေးကြီးလမ်းမတော်တစ်လျှောက်တွင် လျှပ်စစ်မီးကြိုးများပြုတ်မကျစေရန်၊ လျှပ်စစ်မီးလိုင်းကြိုးများအား ကြွေသီးများဖြင့် ချည်နှောင်ချိတ်ဆက်သွယ်တန်းပေးခြင်း (Link Connection) လုပ်ငန်းများကို ဇွန် ၃ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ထို့ပြင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် အများပြည်သူများအား ဆက်သွယ်ဆောင်ရွက်နိုင်ရန်အတွက် အရေးပေါ်ဌာန မြို့နယ်လျှပ်စစ်ရုံး (၀၄၆-၂၀၃၄၂)၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ(၀၉-၈၆၀၁၀၃၀) နှင့် 33/11KV, 5MVA ခွဲရုံ (၀၉-၈၅၄၀၆၈၇)သို့ အရေးပေါ်လျှပ်စစ်ဓာတ်အားလိုင်း ပြုပြင်ထိန်းသိမ်းဆောင်ရွက်ခြင်းလုပ်ငန်းများကို အများပြည်သူများအား အသိပေး ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

